
သီတဂူဆရာတော်ဘုရားကြီး၏

# ဘဝချင်းဆုံတွေ့လိုပါလျှင်

နှင့်

# အနှိုင်းမဲ့ရောင်ရှိန်တရားတော်

## မြိုင်ကြီးငူသို့ဓမ္မခရီး ( ၃ )



မြိုင်နန်းဆွေ

မှတ်တမ်းတင်သည်။



သီတဂူဆရာတော် အသျှင်ဉာဏိဿရ

၂၅၆၄၄

# သီတဂူဆရာတော်ဘုရားကြီး ၏

# ဘဝချင်းဆုံတွေ့လိုပါလျှင်တရားတော်

# နှင့်

# အနှိုင်းမဲ့ရောင်ရှိန်တရားတော်

# ဓမ္မခရီး ( ၃ )

## ပုံနှိပ်မှတ်တမ်း

အပုံးခွင့်ပြုချက် ◆ ( ၆၈၅ / ၂၀၀၂ ) ( ၁၂ )
စာမူခွင့်ပြုချက် ◆ ( ၆၅၁ / ၂၀၀၂ ) ( ၁၁ )
အကြိမ် ◆ ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ◆ ၁၀၀၀
တန်ဖိုး ◆ ( ၅၀၀ ) ကျပ်
ထုတ်ဝေသူ ◆ မန်းဘညွန့်ပေ ( ဥက္ကဌ )
သစ်တောထိန်းသိမ်းရေး
မြို့ကြီးငှအထူးဒေသ
ပုံနှိပ်သူ ◆ ဦးရှိန်ဘီး ( ၀၅၄၄၉ )
ဝင်းလိုက်မိတ်ပုံနှိပ်တိုက်
၃၅၂၊ စရည်းပင်လမ်း၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။
မျက်နှာဖုံးဒီဇိုင်းပလင် ◆ ရွှေစိုးဟန် & 21st Century
အတွင်းစာစီ ◆ အောင်မြင့်မိုရ်ကွန်ပျူတာ
ဖြန့်ချိရေး ◆ ခင်မြတ်သူစာပေ
အမှတ် ၁၁၊ ဒဂုံသီရိလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စာဂဟေ | | က |
| ၂။ | ရွှေအားတော်ငယ်ပါဘိ | | ၁ |
| ၃။ | အားငယ်သူအားကူရစေဖို့ | | ၆ |
| ၄။ | ပြာသိုလမှာကျသောသကြန် | | ၁၀ |
| ၅။ | ကြိုဆိုတေးဟစ်ကြွေးဆူလို့ည | | ၁၇ |
| ၆။ | သမ္မောဒနီယကထာနှင့်သာရဏီယကထာ | | ၂၁ |
| ၇။ | မြို့ကြီးငှမှာသာသောလ | | ၃၇ |
| ၈။ | အချိန်ဒါန်း, ဘဝချင်းဆုံတွေ့ပါရစေ | | ၄၅ |
| ၉။ | ဘဝချင်းဆုံတွေ့လိုပါလျှင်တရားတော် | | ၅၁ |
| ၁၀။ | အချိန်ဒါန်း, ဇေယျတုသဗ္ဗမင်္ဂလံ | | ၇၃ |
| ၁၁။ | သဗ္ဗမင်္ဂလာတရားတော် | | |
| | (သို့) | | |
| | အနှိုင်းမဲ့ရောင်ရှိန်တရားတော် | | |
| | တောက်ပသောအရာများ | (၁) | ၇၆ |
| ၁၂။ | တန်ခိုး ၅-မျိုး | (၂) | ၈၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃။ | မဟာကပ္ပိနမထေရ်ဖြစ်တော်စဉ် | (၃) | ၉၈ |
| ၁၄။ | ရတနာသတင်းပေးလာသူများ | (၄) | ၁၀၆ |
| ၁၅။ | အခက်အခဲကျော်ဖြတ်နိုင်ဖို့ | (၅) | ၁၁၈ |
| ၁၆။ | မိဖုရားများလိုက်လာပြီ | (၆) | ၁၃၃ |
| ၁၇။ | နန္ဒမင်းသားကိုပုံခိုင်းလို့ | (၇) | ၁၄၄ |
| ၁၈။ | အမဲရိုးခြောက်ကာမဂုဏ် | (၈) | ၁၅၃ |
| ၁၉။ | မိဖုရားများဘိက္ခုနီဖြစ်ပြီ | (၉) | ၁၅၉ |
| ၂၀။ | အနှိုန်းမဲ့ရောင်ရှိန် | (၁၀) | ၁၆၃ |
| ၂၁။ | မှတ်တမ်းနိဂုံး | | ၁၇၅ |

## ၁၂ လုံးသားကမ္ဘာ

* တကယ်ဆန်းပါဘိ၊
ဘယ်ပန်းငယ်မှုစံမတူ။

* ညအရေးမှာဖြင့်၊
လအသွေး ငွေရောင်ဖြာမှ၊
မှောင်ကမ္ဘာ ညဉ့်လယ်နန်းမှာ၊
ရောင်လျှံဖြာ တင့်တယ်လန်းတယ်
ပန်းကုမုဒ်ကြာဖြူ။

* လှပဂေးပေပေါ့၊ လွလွဖွေးပါဘိ၊
အလှသွေးရယ်က ဘော်ငွေတူ၊
ဆွတ်ဆွတ်ဖြူလို့ ထုံကြိုင်သင်း။

* ပန်းမျိုးစုံလင်၊
လောကထိုခွင်မှာဖြင့်၊
အဟောဝတ ဆိုချင်စရာပ၊
သူ့အသွင် လူ့ခွင်ဆန်းပါဘိ၊
ယခုပင် ရှုမြင်စမ်းပါတော့၊
လန်းအစွင့်စွင့် ဝေစည်လွန်းကာဖြင့်၊
ပန်းအပွင့်ပွင့် ငွေရည်သွန်းလို့ရယ်၊
ရွှန်းတင့်ဘိခြင်း ။ ။

( ပြည်တော်ဝင်များသို့ . . . )

မြိုင်နန်းဆွေ

# စာဂပေ

## အရင်းအနှီးပေးမှုအမြတ်ရ

လူတို့သည် ချိုမြိန်သော အသီးတို့ဖြင့် ဝေဆာနေသည့် သစ်ပင်ကြီးတစ်ပင်ကို မြင်လျှင် ထိုသစ်ပင်မျိုးကိုသာ လိုချင်၏။ ထိုကဲ့သို့ သစ်ပင်မျိုးကို ရရှိအောင်မည်သို့ ပြုစုပျိုးထောင်ခဲ့ရသည်ကိုတော့ မေ့နေကြပေသည်။ ထိုနည်းတူစွာပင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု အောင်မြင်ကျော်ကြားလျှင် ထိုအောင်မြင်ကျော်ကြားမှုကို ကြည့်ပြီး မိမိ, မိမိပါဝင်သည့် အဖွဲ့အစည်းကိုလည်း ထိုကဲ့သို့ အောင်မြင်ကျော်ကြားချင်ကြ၏။ သို့သော် အောင်မြင်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု၏ နောက်ကွယ်၌ရှိသော ပေးဆပ်ခဲ့ရသည့် "အရင်းအနှီး" များကိုကား သတိမထားမိကြပေ။

မည်သည့်ပုဂ္ဂိုလ်, မည်သည့်အဖွဲ့အစည်းဖြစ်ဖြစ်ခိုင်မာသည့် ယုံကြည်ချက်၊ ထက်သန်သည့်လုံ့လဝီရိယတို့ဖြင့် ကြိုးစားအားထုတ်မှသာလျှင် အောင်မြင်မှုသရဖူကို ဆောင်းနိုင်မည်ဖြစ်၏။ ယနေ့ "သီတဂူ ပရဟိတ (အများ

အကျိုးပြု) လုပ်ငန်းကြီး"များ အောင်မြင်နေခြင်းမှာလည်း သီတဂူဆရာတော်၏ ခိုင်မာသည့် ယုံကြည်ချက်ဖြင့် နေ့မနား၊ ညမအား ကြိုးစားအားထုတ်နေမှုကြောင့်သာ အောင်မြင်တိုးတက်နေခြင်း ဖြစ်ပေသည်။ အမှန်တကယ် ကား–ကြီးကျယ်မြင့်မြတ်သော "အရင်းအနှီး"များကြောင့် ကြီးကျယ်မြင့်မြတ်သော "အကျိုးအမြတ်" များရရှိခြင်း ဖြစ်ပေ၏။ (**န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ အဂ္ဂေန စ အဂ္ဂဿ ပတ္တိ ဟောတိ။**)

## စွယ်စုံတော်သည့်ဆရာတော်

လောက၌ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်များကို ကြည့်လျှင် တစ်ဘက်ဘက်၌သာ ထူးချွန်ထက်မြက်ကြ သည်ကိုသာ များသောအားဖြင့် တွေ့ရပါသည်။ ဘက် ပေါင်းစုံ ထူးချွန်သည့် ပုဂ္ဂိုလ်ကား "မတစ်ထောင် တစ်ယောက်ဖွား" ရှာမှရှားတည်း။

သီတဂူဆရာတော်နှင့် ပတ်သက်၍ ဆရာတော် ကြီး တစ်ပါးက "ဦးဉာဏိဿရက တရားဟောတဲ့ဘက် မှာသာ တော်တာမဟုတ်ဘူး၊ ဘက်ပေါင်းစုံတော်တာ" ဟု မိမိတို့ကို မိန့်တော်မူဖူး၏။ ထိုဆရာတော်ကြီး၏ ချီးမွမ်းစကားအရ သီတဂူဆရာတော်သည် အဘယ်သို့

ဘက်ပေါင်းစုံ တော်သနည်းဆိုသည်ကို မိမိတို့ ဓမ္မမိဒ္ဓာန် ကျကျ ဝေဖန်သုံးသပ်ကြည့်မိပါသည်။

ဘုန်းကြီးလောက၌ တချို့ဆရာတော်တို့သည် စာပေတို့ကိုသာ ပို့ချတော်မူနိုင်၍ တရားကိုကား မဟော တတ်ကြ။ တချို့ဆရာတော်တို့ကား တရားကိုသာ ဟောတတ်၍ စာပေတို့ကိုကား ပို့ချတော်မမူနိုင်ကြ။ သီတဂူဆရာတော်ကား စာပေတို့ကိုလည်း ပို့ချနိုင်၏။ တရားကိုလည်း ဟောတတ်၏။

တရားဟောသည့်နေရာ၌လည်း တချို့ဆရာတော် တို့ကား အသံသာကောင်း၍ အပြောမရှင်းပါ။ တချို့ ဆရာတော်တို့ကား အပြောသာရှင်း၍ အသံမကောင်းပါ။ သီတဂူဆရာတော်ကား အသံလည်းကောင်း၏၊ အပြော လည်းရှင်း၏။

တချို့ဆရာတော်တို့ကား ပိဋကတ်စာပေတို့ကိုသာ တတ်ကျွမ်းတော်မူ၍ ဘာသန္တရစာပေတို့ကို မတတ် မြောက်ကြ။ တချို့ဆရာတော်တို့ကား ဘာသန္တရစာပေ တို့ကို တတ်ကျွမ်းတော်မူ၍ ပိဋကတ်စာပေတို့ကို မတတ် မြောက်ကြ။ သီတဂူဆရာတော်ကား ပိဋကတ်စာပေတို့ ကိုလည်း တတ်ကျွမ်းတော်မူ၏။ ဘာသန္တရစာပေတို့ကို လည်း တတ်မြောက်တော်မူ၏။

တချို့ဆရာတော်တို့ကား "စာပေကျမ်းဂန်" တို့ကိုသာ မွေနှောက်ချောက်ခြားနိုင်၍ စာရေးတော်မမူကြ။ တချို့ကား စာသာရေး၍ "စာပေကျမ်းဂန်" တို့ကိုကား မတတ်ကြ။ သီတဂူဆရာတော်ကား "စာပေကျမ်းဂန်" တို့ကိုလည်း မွေနှောက်ချောက်ခြားနိုင်၏။ စာလည်း ရေးတော်မူ၏။

တချို့ဆရာတော်တို့ကား လောကီအမြင်(လောကီ ဗဟုသုတ) သာ ရှိတော်မူ၍ လောကုတ္တရာအမြင် (လောကုတ္တရာ ဗဟုသုတ) ရှိတော်မမူကြ။ တချို့ဆရာတော်တို့ကား လောကုတ္တရာအမြင်သာရှိတော်မူ၍ လောကီအမြင် ရှိတော်မမူကြ။ သီတဂူဆရာတော်ကား လောကီအမြင်လည်း ရှိတော်မူ၏။ လောကုတ္တရာအမြင် လည်း ရှိတော်မူ၏။

တချို့ဆရာတော်တို့ကား အရည်အချင်းသာရှိ၍ လုပ်ဆောင်ချက် (ထိုအရည်အချင်းကိုသုံးစွဲမှု) မရှိကြ။ တချို့ကား လုပ်ချင်သည့်ဆန္ဒသာရှိ၍ အရည်အချင်း မရှိကြ။ သီတဂူဆရာတော်ကား အရည်အချင်းလည်း ရှိတော်မူ၏။ ထိုအရည်အချင်းအတိုင်း ပြီးမြောက်အောင် မြင်အောင် လုပ်ဆောင်ချက်လည်း ရှိတော်မူ၏။

ထိုကဲ့သို့ စွယ်စုံတော်သောကြောင့် နာမည်ကျော် စာရေးဆရာကြီးတစ်ယောက်က "သီတဂူဆရာတော်၏

ပါရမီအစွမ်းမှာ အစမျှသာ ရှိသေးသောကြောင့် သီတဂူ ဆရာတော်လို အာဇာနည်ပုဂ္ဂိုလ်မျိုးကို အစွမ်းကုန် မချီးကျူးထိုက်သေးပါ" ရေးသားခဲ့ပါသည်။

အဘယ့်ကြောင့် သီတဂူဆရာတော်ကို စွယ်စုံ တော်သည်ဟု ပြောရသနည်း။ ဆရာတော် ဟောကြား တော်မူသည့် တရားတော်များ၊ ပို့ချတော်မူသည့် စာပေ များ၊ ရေးထားတော်မူသည့် ကျမ်းစာများကို ကြည့်သော အားဖြင့် "ပိဋကတ်စာပေ" တို့ကို တစ်ဘက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ကြောင်းကိုလည်းကောင်း၊ နိုင်ငံ တကာ၌ လှည့်လည်၍ တရားဟောခြင်း၊ တရားပြခြင်း၊ နာမည်ကျော်ကြား လူသိများသော နိုင်ငံခြားတက္ကသိုလ် ကြီးများ၌ တရားသင်တန်းများ ပို့ချခြင်း၊ နိုင်ငံတကာ ဗုဒ္ဓဘာသာ ညီလာခံအစည်းအဝေးများ၌ တက်ရောက်၍ မိန့်ခွန်းများပြောခြင်းတို့ကို ထောက်ဆသောအားဖြင့်လည်း "ဘာသန္တရစာပေ" တို့ကို တတ်မြောက်ကြောင်းကို လည်းကောင်း၊ ယနေ့အချိန်မှာ မြန်မာနိုင်ငံသာသနာ၌ မရှိမဖြစ် လိုအပ်နေသော "ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး" ကို ဖွင့်လှစ်တည်ထောင်သည်ကို ကြည့်သောအားဖြင့် လည်း ကာလဒေသအားလျော်စွာ ကြည့်တတ်မြင်တတ် သော ဗဟုသုတဂုဏ်နှင့် ပြည့်စုံကြောင်းကိုလည်း ကောင်း၊ ဆရာတော်၏ရေအလှူ၊ ဆေးအလှူ စသော

ပရဟိတ (အများအကျိုးပြု) လုပ်ငန်းများ၏ အောင်မြင်ပုံကို ကြည့်သောအားဖြင့်လည်း နောက်မဆုတ်တမ်းကြိုးစားသည့် လုံ့လဝီရိယ အများအကျိုးကို ဆောင်ရွက်လိုသည့်စိတ်ရှိကြောင်းကိုလည်းကောင်း သိသာလှပေသည်။

စင်စစ် ယနေ့အချိန်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာတစ်ရပ်လုံးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်နေသော သီတဂူဆရာတော်သည် တစ်ကမ္ဘာလုံးကို ထိုးစစ်ဆင်နေသော ထေရဝါဒသာသနာစစ်ကြောင်း၏ "တိုက်စစ်မှူးကြီး" ဖြစ်သကဲ့သို့ မျက်မှောက်ခေတ် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ ရှေ့ဆောင်လမ်းပြ "မီးရှူးတန်ဆောင်"လည်းဖြစ်နေပါ၏။

## ပူဇော်တယ်ဆိုတာ

စံပြ သာသနာ့အာဇာနည်ခေါင်းဆောင်ဖြစ်သော သီတဂူဆရာတော်ကို ပူဇော်ကြ, ကြည်ညိုကြသော ရဟန်း ရှင်လူ ပြည်သူတို့တွင် ဆရာတော်၏ "အရင်းအနှီး" များကို ကြည့်၍ ပူဇော် ကြည်ညိုကြသူကား မရှိသလောက် နည်းပါးလိမ့်မည် ထင်၏။ မိမိသည်လည်း ဆရာတော်ကို အားကျသဖြင့် ဆရာတော်၏ ခေတ်ပုံကို ခေါင်းရင်း၌ ချိတ်၍ ပူဇော်ခဲ့ဖူးလေပြီ။ ဆရာ

တော်သာ သိလျှင် "ငါ့ရဲ့ဓာတ်ပုံကို ပူဇော်နေလို့ မင်း အတွက် ဘာအကျိုးထူးမှာလဲ၊ ငါ ကြိုးစားသလို ကြိုးစားမှ ငါ့ကို ပူဇော်ရာရောက်မယ်" ကြိမ်းဝါးတော် မူပေလိမ့်မည်။

ဝသဘမင်းကြီးက ကန္ဒရသာလရဟန္တာမထေရ် ကြီးကို လျှောက်ထားခဲ့သော "စကားတစ်ခွန်း" ကလည်း မိမိတို့အား သတိပေးသလို ဖြစ်နေပေ၏။ "တပည့်တော် ပူဇော်နေတာက အရှင်မြတ်၏ ရဟန္တာဟူသော'ဂုဏ်'ကို ပူဇော်နေတာမဟုတ်ပါ။ ရဟန္တာမဖြစ်သေးခင် ပုထုဇဉ် ဦးပဉ္စင်းလေးဘဝက စောင့်ထိန်းခဲ့သော သီလနှင့် တရား ဘာဝနာတို့ကို ကြိုးပမ်းအားထုတ်ခဲ့သော ဝီရိယတို့ကို သာ ပူဇော်နေခြင်းဖြစ်ပါတယ် ဘုရား" ဟူ၏။

မိမိတို့သည်လည်း သီတဂူဆရာတော်ကို အတုယူ အားကျရမည်မဟုတ်ပေ။ သီတဂူဆရာတော် လောင်း လျာဖြစ်သော ဦးပဉ္စင်းလေး အရှင်ဉာဏိဿရဘဝက ကြိုးစားခဲ့သည့် လုံ့လဝီရိယ၊ ချမှတ်ခဲ့သည့် ရည်ရွယ်ချက် တို့ကိုသာ အတုယူအားကျရပေမည်။

အမှန်တကယ်ကား မိမိတို့သည် ဆရာတော်၏ ခိုင်မာသော ယုံကြည်ချက်၊ နောက်မဆုတ်တမ်း ကြိုး စားသည့် လုံ့လဝီရိယ၊ ဝရဇိန် စိန်သွားကဲ့သို့ ထက် မြက်သည့် ဉာဏ်ပညာ၊ ကိုယ့်အလုပ်ကိုသာ ဇောက်ချ

လုပ်ကိုင်သည့် သမာဓိ၊ မွန်မြတ်သန့်စင်သည့် စေတနာ၊ အများအကျိုးကို သယ်ပိုးလိုသည့် စိတ်ဓာတ်တည်းဟူသော "အရင်းအနှီး" တို့ကို အတုယူပြီး ဆရာတော်ကဲ့သို့ ကြိုးပမ်းအားထုတ်မှသာလျှင် ဆရာတော်ကို ပူဇော်ရာ ရောက်ပေမည်။

## ငါကတော့ သေမှနားမယ်

ဆရာတော်သည် တပည့်များကို သူလို စွယ်စုံတော်စေချင်၏။ စွယ်စုံတတ်စေချင်၏။ ဆရာတော်တော်စေချင်၊ တတ်စေချင်သလောက် မိမိတို့ တပည့်များကတော့ အေးတိအေးစက်ပင်။ ထို့ကြောင့် ဆရာတော်သည် တပည့်များကို ဘဝအားမာန်များ တက်ကြွလာစေရန်အတွက် ရဲစိတ်၊ ရဲမာန်အပြည့်ဖြင့် မိမိ၏ ယုံကြည်ချက်၊ လုပ်ဆောင်ချက်တို့ကို ထုတ်ဖော် ထုတ်ဖော်ပြီး ဩဝါဒစကားတည်းဟူသော ရေလှိုင်းကြီးများဖြင့် ပက်ဖျန်းတော်မူလေ့ရှိပါသည်။

တစ်ခါက ဆရာတော်သည် ခရီးဒေသစာရီကြွချီကာနီးတွင် တပည့်များကို "ငါက အပင်ပန်းမခံဘဲ ကျန်းမာဖို့ အရေးကြီးတယ်ဆိုပြီး ဒူးနှံ့ပြီးတော့ မနေချင်ဘူး၊ တန်ဖိုးရှိတဲ့အချိန်တွေကိုလည်း အလဟဿ မဖြုန်းတီးချင်ဘူး၊ ကိုယ့်အတွက်အကျိုးရှိရင်ရှိ၊ မရှိရင်

သူများအတွက် အကျိုးရှိရမယ်၊ ကိုယ်လုပ်နိုင်သမျှ လုပ်ရမယ်၊ ငါကတော့ သေမှနားမယ်" ဟု ရဲရဲတောက် မိန့်တော်မူပါသည်။ သီတဂူ ကမ္ဘာဗုဒ္ဓတက္ကသိုလ်ကြီး၏ မုခ်ဦးဝတို့၌ရှိသော ခြင်္သေ့ရုပ်ကြီးများကလည်း ဆရာတော်၏ ရဲရင့်သော စိတ်ဓာတ်ကို အတည်ပြုထောက်ခံလျက်ရှိနေပေသည်။

## နောင်တစ်ခေတ်မှာ ဒုတိယဉာဏီသာရ ပေါ်ပေါက်ဖို့ မလွယ်တော့ပါဘူးတဲ့

မိမိနှင့် ဦးပဉ္ဇင်းတစ်ပါးသည် ဆရာတော်၏ အလုပ်အကျွေးအဖြစ်ဖြင့် ဆရာတော်နှင့်အတူ နယ်တစ်နယ်သို့ရောက်ခဲ့စဉ်က ထိုနယ်မှာရှိသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးတစ်ပါးက မိမိတို့ကို "မင်းတို့က ဘယ်ကလဲ" မေးတော်မူပါ၏။ မိမိတို့က သီတဂူဆရာတော်၏ အလုပ်အကျွေးတပည့်များဖြစ်ကြောင်း လျှောက်ထားလိုက်သောအခါ ထိုဆရာတော်ကြီးက "မင်းတို့က သီတဂူဆရာတော်ရဲ့ တပည့်တွေလား၊ အတော်ကံကောင်းတာပဲ၊ ဒီလို ဆရာကောင်း သမားကောင်းကို လုပ်ကျွေးခွင့်ရဖို့ဆိုတာ မလွယ်ဘူး၊ အေး–မင်းတို့ကို ငါတိုက်တွန်းချင်တာက မင်းတို့ရဲ့ဆရာလို ဖြစ်အောင်ကြိုးစားကြ၊ ကိုယ့်ဆရာရဲ့

လုပ်ငန်းတွေကို ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ကြ၊ မင်းတို့ဆရာရဲ့ သာသနာပြုလုပ်ငန်းတွေဟာ နိုင်ငံနှင့် သာသနာအတွက် အကျိုးကျေးဇူး အင်မတန်များတာပဲ ကွယ်၊ ချီးကျူးလို့မကုန်နိုင်ပါဘူး၊ နောင်တစ်ခေတ်မှာ 'ဒုတိယ ဉာဏ်ဘိသရ' ပေါ်ပေါက်ဖို့ဆိုတာ မလွယ်တော့ပါဘူး" ဟု မိန့်တော်မူပါသည်။

## ကိုယ်ပိုင်ပစ္စည်းဆိုလို့ ကင်မရာတစ်လုံးပဲရှိပါတယ်

တချို့က ဆရာတော်၏ သီတဂူပရဟိတလုပ်ငန်းကြီးများ အောင်မြင်ပုံကိုကြည့်ပြီး ဆရာတော်ကို ပစ္စည်းလာဘ်လာဘ အလွန်ပေါလိမ့်မည်ဟု ထင်ကြ၏။ သူတို့ထင်သလို မဟုတ်ပါ။ ဗုဒ္ဓတက္ကသိုလ်၊ သီတဂူဝိဟာရ၊ ဆေးရုံ၊ ရေစက် ဟူသော ထိုပရဟိတလုပ်ငန်းကြီးများနှင့် ပတ်သက်သော ပစ္စည်းအသုံးအဆောင်မှန်သမျှသည် ဆရာတော်က သာသနာတော်အား အပ်နှင်းထားသော သာသနိက (သာသနာပိုင်) ပစ္စည်းများသာ ဖြစ်ပါသည်။

ဗုဒ္ဓတက္ကသိုလ် ကျောင်းရေစက်ချပွဲတစ်ခု၌ ဆရာတော် အမိန့်ရှိလိုက်သော စကားကလည်း ဆရာတော်၏ ဉာဏ်အမြော်အမြင်ကြီးမားကြောင်း (ဒီဃဒဿီ)ကို

လည်းကောင်း၊ အလို, လောဘနည်းပါးကြောင်း (အပ္ပိစ္ဆတာ) ကိုလည်းကောင်း ဖော်ပြလျက်ရှိနေပေသည်။

"ယနေ့ကျင်းပတဲ့ပွဲသည် အလှူရှင် ဒကာ ဒကာမ တွေက သိန်းပေါင်း မြောက်များစွာတန်တဲ့ ကျောင်း ဆောင်ကြီးကို သာသနာတော်အား လှူဒါန်းတဲ့ ဝိဟာရ ဒါနပွဲဖြစ်ပါတယ်၊ မိမိတို့လှူဒါန်းတဲ့ ကျောင်းဆောင်ကြီး ကို သာသနာတော်အား အပ်နှင်းတယ်လို့ အလှူရှင် ဒကာ ဒကာမတွေ အာရုံပြုထားကြပါ၊ ဒီကျောင်းဆောင် တွေဟာ ဘုန်းကြီးတစ်ပါးတည်း ပိုင်တာမဟုတ်ပါဘူး၊ သာသနိက(သာသနာပိုင်) ပစ္စည်းတွေဖြစ်ပါတယ်၊ ဘုန်းကြီးမှာ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ကင်မရာတစ်လုံးပဲ ရှိပါတယ်" ဟု မိန့်တော်မူပါသည်။

ဆရာတော်သည် သီတဂူလုပ်ငန်းကြီး (၄)ခု၏ ပစ္စည်း အသုံးအဆောင်မှန်သမျှကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လျှင်လည်း ရ၏။ သို့သော်ဆရာတော်သည် မိမိအကျိုးကိုမကြည့်ဘဲ လောကနှင့်သာသနာတော်၏ အကျိုးကိုကြည့်၍ ထိုပစ္စည်း, အသုံးအဆောင်မှန်သမျှကို သာသနာပိုင်ပစ္စည်းအဖြစ် သတ်မှတ်ထားပေသည်။

ထို့ကြောင့် ဆရာဝန်ကြီးတစ်ယောက်က "The more I know him' the more I love him; သီတဂူဆရာတော်၏အကြောင်းကို ပို၍ပို၍သိလေလေ

ပို၍ ပို၍ ကြည်ညိုလေလေ ဖြစ်ရပါ၏" ဟု ရေးသားခဲ့လေသည်။

## အဘိုး၏ကြွေးကြော်သံကို အကောင်အထည်ဖော်သည့်ဆရာတော်

သီတဂူ ဆရာတော်၏ ဆရာသည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလာဘိဝံသဖြစ်၏။ ထိုအရှင်သေဋ္ဌိလာဘိဝံသ၏ ဆရာသည် ဆရာတော် အရှင်အာဒိစ္စဝံသဖြစ်၏။ ထို့ကြောင့် ဆရာတော် အရှင်အာဒိစ္စဝံသသည် သီတဂူဆရာတော်၏ အဘိုး(ဆရာ့ဆရာ) ဖြစ်ပေသည်။

ထိုအရှင်အာဒိစ္စဝံသမထေရ်ကိုယ်တိုင် မကြာခဏ မိန့်မြွက်တော်မူလေ့ရှိသော မိန့်ခွန်းတစ်ရပ်မှာ "တစ်နိုင်ငံနှင့်တစ်နိုင်ငံ အသွားအလာမလွယ်ကူသေးတဲ့ အသောကတို့ ခေတ်ကတောင် အသောကမင်းကြီးဟာ ကိုးတိုင်းကိုးဌာန ပျံ့နှံ့အောင် သာသနာပြုခဲ့သေးရင် သွားရေးလာရေးလွယ်ကူတဲ့ အာဒိစ္စဝံသတို့ခေတ်မှာ ဘာပြုလို့ နိုင်ငံခြားသာသနာပြုလုပ်ငန်းဟာ မအောင်မြင်ဘဲ ရှိရမလဲ"ဟူ၍ ဖြစ်ပါသည်။

ယနေ့အချိန်၌ သီတဂူဆရာတော်သည် အဘိုး(ဆရာ့ဆရာ)ဖြစ်သော အရှင်အာဒိစ္စဝံသမထေရ်၏

ကြွေးကြော်သံကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံခြားသာသနာပြုခရီးအဖြစ် ၁၉၈၁ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ နိုင်ငံပေါင်း (၄၀)ကျော်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း ပြည်ပနိုင်ငံများသို့ သွားရောက်၍ တရားဟော, တရားပြပြီး သာသနာပြု နေသည်မှာ နားရသည့်ဟူ၍ မရှိပါ။

ဆရာတော်သည် အမေရိကန်နိုင်ငံ၊ တက္ကဆပ် ပြည်နယ်၊ အော်စတင်မြို့၌ သီတဂူဗုဒ္ဓဝိဟာရကျောင်း တိုက်ကို တည်ထောင်ပြီး တပည့်များကို အချိန်တိုင်း၌ ဟရားဟော တရားပြနိုင်း၍ ဗုဒ္ဓတရားတော်များကို ကမ္ဘာ အနှံ့ ပြန့်ပွားစေရန် စိမံကွပ်ကဲလျက် ရှိပေသည်။ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်ရန်အတွက် ယင်း အော်စတင်မြို့၌ပင် "ထေရဝါဒဓမ္မအသင်း" ကိုလည်း တည်ထောင်ထား၏။

အမေရိကန်နိုင်ငံ, အင်ဒီးယားနားပြည်နယ်, ဖော့(ထ်)ဝေး(န်)မြို့၌လည်း ဓမ္မရက္ခိတကျောင်းတိုက် တည်ထောင်တော်မူ၍ တပည့်များကို သာသနာပြုခိုင်း လျက်ရှိပါသည်။ ဂျပန်နှင့် ဂျာမနီနိုင်ငံ၌လည်း ဘုန်းကြီး ကျောင်း တည်ဆောက်ရန် လျာထားပြီး အိန္ဒိယနိုင်ငံ ၌ကား ဘုန်းကြီးကျောင်းတိုက် တည်ဆောက်ဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။

(၁)

ဆရာတော်၏ ကြွေးကြော်သံကလည်း ကြောက်ခမန်းလိလိပင်။ "ငါ့မှာ ဒုက္ခပေါင်းစုံဖြစ်သော ဤခန္ဓာကိုယ်ကြီးကို သာသနာပြုလုပ်ငန်းတွင် အသုံးချတော့မည်။ တစ်ကမ္ဘာလုံး ဗုဒ္ဓသာသနာပြန့်ပွားစေရန် ငါ ဝိုင်းဝန်းကူညီပါရစေ" ဟု ကြွေးကြော်ထားပေသည်။

## ရဟန်းဆိုတာ သွားနေမှ

"ရဟန်းတို့ ခရီးထွက်ကြ၊ လူများစွာချမ်းသာဖို့ 'ဓမ္မ' ကို ဟောကြ" ဟူသော ဘုရားရှင်၏ မိန့်မှာချက်ကို လေးလေးနက်နက် ခံယူလျက် ဆရာတော်သည် တစ်နှစ်တာကာလ၏ ပြက္ခဒိန်ရက်ပေါင်း (၃၆၅) ရက်တွင် နေ့လယ်တရားပွဲ, ညနေဆည်းဆာတရားပွဲ, ညချမ်းတရားပွဲအားဖြင့် တရားပွဲပေါင်း (၄၀၀) နီးပါး ဟောကြားတော်မူရပြီး ပြည်တွင်းပြည်ပတို့၌ တရားဟောဖို့အတွက် နေ့စဉ်နှင့်အမျှ လွန်းပြန်ထိုးသကဲ့သို့ ပင်ပင်ပန်းပန်း ခရီးထွက်နေရပေသည်။

ထိုသို့ ခရီးထွက်နေရ၍ ခန္ဓာကိုယ်ပင်ပန်းသော်လည်း ဆရာတော်၏စိတ်မှာ ပျော်ရွှင်ကြည်နူးမှုရှိကြောင်းကို "ငါ အခုလို ခရီးသွားရတာ ခန္ဓာကိုယ်ပင်ပန်းပေမယ့် စိတ်ကတော့ ချမ်းသာတယ်၊ ဘာ့ကြောင့်လဲဆိုရင် ငါဆောင်ရွက်တဲ့ အကျိုးစီးပွားကို သူတစ်ပါးတို့ ပျော်ပါးစွာ အသုံးချခံစားခွင့်ရပြီဆိုရင် ငါ ကျေနပ်တယ်၊ ပျော်

တယ်၊ ဒီပျော်ရွှင်မှုသည်ပင် ငါ့ရဲ့ အကျိုးအမြတ်ပဲ"ဟု တပည့်များကို ဆရာတော် အမိန့်ရှိလိုက်သော စကားက သက်သေပြလျက်ရှိပေသည်။

ထို့ကြောင့် ဆရာတော်သည် "The water that flows is clear The monk who goes also is pure– ရေဆိုသည်မှာ စီးဆင်းနေမှသာလျှင် ကြည်လင်သန့်ရှင်း၏၊ ရဟန်းဆိုသည်မှာလည်း အမြဲတမ်း သွားနေမှသာလျှင် ကြည်လင်သန့်ရှင်း၏" ဟူသော အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၏ အဆိုအမိန့်နှင့်လည်း ကိုက်ညီလျက်ရှိပေသည်။

မှန်၏။ သံသည် အသုံးမပြုလျှင် သံချေးတက်၏။ ရေသည်လည်း မစီးဆင်းလျှင် ရေမှော်တို့ဖြင့် ညစ်ပတ်၏။ စိတ်သည်လည်း လှုပ်ရှား, အားထုတ်မှုမရှိလျှင် စွမ်းအားသတ္တိများ ကျဆင်းပါသည်။ ထို့ကြောင့် ရဟန်းတော်များသည် သွားလာနေရမည်။ အစဉ် နိုးကြားနေရမည်။ သို့မှသာလျှင် စိတ်အညစ်အကြေး (ကိလေသာ) များ မငြိကပ်နိုင်မည်ဖြစ်၏။

## သမိုင်းသစ်ရေးဦးမည့် စစ်ကိုင်း

လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကို ရေးနေကြပေ၏။ ထိုသို့ရေးနေကြရာ၌ ချီးမြှင့်သော သမိုင်းဖြစ်အောင် ရေးဖို့တော့လိုအပ်လှပေသည်။ တချို့ပုဂ္ဂိုလ်တို့

ကား ကိုယ့်သမိုင်းကို "ကိုယ့်ရပ်ရွာသမိုင်း" ဖြစ်အောင်သာ ရေးနိုင်ကြ၏။ "မြို့သမိုင်း" ဖြစ်အောင်လည်း မရေးနိုင်ကြသလို "နိုင်ငံသမိုင်း" ဖြစ်အောင်လည်း မရေးနိုင်ကြ။ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်တို့ကား ကိုယ့်သမိုင်းကို "ကမ္ဘာ့သမိုင်း"ဖြစ်အောင်ပင် ရေးနိုင်ကြ၏။

တောင်ဖီလာဆရာတော်၊ အရှင်အရိယဝံသဆရာတော်၊ တိလောကဂုရုဆရာတော်၊ ထွင့်ခေါင်ဆရာတော်၊ အနီးစခန်းဆရာတော်၊ ရွှေဟင်္သာဆရာတော်စသော သာသနာ့ထိပ်ခေါင်ဆရာတော်တို့သည် မိမိတို့၏ သမိုင်းကို စစ်ကိုင်း၏ သမိုင်းဖြစ်အောင် လှလှပပ ရေးသွားတော်မူကြ၏။

ယနေ့မျက်မှောက်ခေတ်၌လည်း သီတဂူဆရာတော်သည် အထက်ပါဆရာတော်ကြီးများကို နမူနာယူ၍ မိမိ၏သမိုင်းကို "စစ်ကိုင်း၏သမိုင်း" ဖြစ်အောင် ရေးနေပါပြီ၊ ထိုစစ်ကိုင်း၏သမိုင်းကိုလည်း "နိုင်ငံ့သမိုင်း" ဖြစ်အောင် ရေးနေသကဲ့သို့ ထိုနိုင်ငံ့သမိုင်းကိုလည်း "ကမ္ဘာ့သမိုင်း" ဖြစ်အောင် ရေးနေသည်ဆိုသည်ကို လောကနှင့် သာသနာအတွက် အလွန်ကျေးဇူးများသော ဆရာတော်၏ လုပ်ဆောင်ချက်များက ထောက်ခံလျက်ရှိနေပေသည်။

(ဆ)

ဆရာတော်ကလည်း "ဘဝသမိုင်းလှပစေရန် တို့သာသနာနှင့် တို့ပြည်ရွာကို ငြိမ်းချမ်းသာယာအောင် တို့စွမ်းနိုင်သမျှ ကြိုးစားအားထုတ်မည်" ဟု အမိန့်ရှိ ထားပေသည်။ "မစွန့်လွှတ်တဲ့သူဟာ ဘယ်သောအခါမှ အထွဋ်အထိပ်သို့ မရောက်နိုင်ဘူးဆိုတာ ငါ့တပည့်တို့ မှတ်ထားကြ၊ မိမိခန္ဓာကိုယ်ရဲ့ သက်သာမှုကိုလည်း သူတစ်ပါးအတွက် စွန့်လွှတ်နိုင်ရမယ်၊ ကိုယ်ပိုင်ပစ္စည်း ကိုလည်း သူတစ်ပါးတို့အတွက် စွန့်လွှတ်နိုင်ရမယ်၊ အသီးတွေ ဝေနေတဲ့ သစ်ပင်ကြီးလို စွမ်းနိုင်သမျှ ကျင့်ကြ"ဟုလည်း မကြာခဏ မိန့်တော်မူလေ့ရှိပါသည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ကျော်က အသောကမင်းကြီး ရေးထိုးခဲ့သည့် "ငါ့ရဲ့ အလွန် ပြင်းပြတဲ့ ဆန္ဒဟာ တစ်လောကလုံးရဲ့ ကောင်းစား ရေးကို ကြိုးစားအားထုတ်ဖို့မှတစ်ပါး အခြားမရှိ" ဟူသော 'အသောက ကျောက်စာ' သည် ယနေ့မျက်မှောက် အချိန်၌ သီတဂူဆရာတော်၏ 'နှလုံးသားစာ' ဖြစ်နေ သည်။

## ဆရာတော်၏ သာသနာပြုနည်းဗျူဟာ

ယနေ့ မျက်မှောက်ခေတ်၌ ဘာသာဝင် ဘာသာ ဝင်တိုင်းသည် မိမိတို့၏ ဘာသာတရားကို ကမ္ဘာမှာ

ပြန့်ပွားအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေကြ၏။ မိမိတို့ ဗုဒ္ဓဘာသာဝင်တို့သည်လည်း ဗုဒ္ဓဘုရားရှင်၏ "တရား ဓမ္မ" တို့ကို ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွား အောင် သာသနာပြုရပေမည်။ အဘယ်သို့ ပြုရမည် နည်း။

ဗုဒ္ဓသာသနာပြုနည်းနှင့် ပတ်သက်၍ သီတဂူ ဆရာတော်က "သာသနာပြုလုပ်ငန်းရဲ့အောက်မှာ 'လုပ်ငန်းကြီး လေးရပ်' ရှိတယ်၊ ဘာတွေလဲဆိုရင်–
(၁) Preservation; ထိန်းသိမ်း စောင့်ရှောက်ခြင်း၊
(၂) Promotion; တိုးတက်အောင်လုပ်ခြင်း၊
(၃) Propergation; ပြန့်ပွားအောင်လုပ်ခြင်း၊
(၄) Protection; ကာကွယ်စောင့်ရှောက်ခြင်းတို့ပဲ ဖြစ်ပါတယ်" ဟု မိန့်ကြားတော်မူပါသည်။

သာသနာပြုရာ၌ လိုက်နာကျင့်သုံးရမည့် ဆရာ တော်၏ "ပထမလမ်းညွှန်ချက်" ကား– ထိန်းသိမ်း စောင့်ရှောက်ခြင်း ဖြစ်၏။ အဘယ်သို့ ထိန်းသိမ်းစောင့် ရှောက်ရမည်နည်း။ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ရပ်ရွာ ဒေသ၌ ဘုန်းကြီးကျောင်းမရှိလျှင် ရှိအောင်ကြိုးစား ရမည်။ ရှိလျှင်လည်း မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမည်။ စေတီ၊ ပုထိုး၊ ကျောင်းကန်ဘုရား များကို ရှေးမူအတိုင်း မပျက်စီးအောင် ထိန်းသိမ်းစောင့်

ရှောက်ရပေမည်။ အမျိုးသား၊ အမျိုးသမီးများကို လူမှုရေး စီးပွားရေး အိမ်ထောင်ရေး စသော အရေးကိစ္စ မှန်သမျှ၌ ဗုဒ္ဓဘာသာဝင်အချင်းချင်းသာ ပေါင်းသင်း ဆက်ဆံလာတတ်အောင် ပြောဆိုစည်းရုံးရမည်။ အထူး အားဖြင့် ဗုဒ္ဓဘာသာဝင် (၁၀၀) ရှိရာမှ (၉၀၊ ၈၀) ဖြစ်မသွားအောင် ကြိုးစားရပေမည်။

"ဒုတိယလမ်းညွှန်ချက်" ကား- တိုးတက်အောင် လုပ်ခြင်း ဖြစ်၏။ ဆရာတော် သံဃာတော်များနှင့် ရပ်မိ ရပ်ဖများသည် မိမိတို့နေထိုင်ရာ အရပ်ဒေသ၌ ဘုရားပွဲ၊ တရားပွဲ စသော ဘာသာရေးပွဲများကို ကျင်းပ၍ ဗုဒ္ဓ ဘာသာဝင်များ ဘာသာရေးစိတ်ဓာတ် ထက်သန်လာ အောင် ကြိုးပမ်းအားထုတ်ရပေမည်။ သံဃာတော်များက ရပ်ရွာလူထုအား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ပို့ချပေးရမည်။ ကလေးငယ်များကို အတတ်ပညာပေး၍ စည်းရုံးရမည်။ ထိုကဲ့သို့ စည်းရုံးနိုင်အောင် ဒကာ, ဒကာမများကလည်း သံဃာတော်များကို ပစ္စည်းလေးပါး ဖြင့် ထောက်ပံ့ကူညီရမည်။

"တတိယလမ်းညွှန်ချက်"ကား-ပြန့်ပွားအောင် လုပ်ခြင်းဖြစ်၏။ တစ်ချိန်က ကမ္ဘာမှာ ဗုဒ္ဓဘာသာဝင် ဦးရေသည် ကမ္ဘာ့လူဦးရေ (၅)ပုံ၏ (၄)ပုံလောက်ရှိခဲ့၏။ ယနေ့အချိန်၌ ဗုဒ္ဓဘာသာဝင်ဦးရေသည် ကမ္ဘာ့လူဦးရေ

(၅)ပုံ၏ (၁)ပုံလောက်သာရှိတော့၏။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသနည်း။ ဝေဖန်ပိုင်းခြား သင်ခန်းစာယူရမည့်အချိန်သို့ ရောက်ရှိနေပါပြီ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့နေထိုင်ရာ နိုင်ငံမှစ၍ အမေရိက၊ ဥရောပ စသော ကမ္ဘာ့အနောက်ခြမ်းတိုင်အောင် ဘုရားရှင်၏ "တရားဓမ္မ"များကို ပြန့်နှံ့သွားအောင် စွမ်းနိုင်သမျှ ကြိုးစားရပေမည်။

"စတုတ္ထလမ်းညွှန်ချက်" ကား-ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်၏။ အန္တရာယ်ကို မသိလျှင် ကာကွယ်စောင့်ရှောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မိမိတို့သည် "ညောင်သီးလည်းစား၊ လေးသံလည်းနားထောင်" ဆိုသကဲ့သို့ ကိုယ့်ဗုဒ္ဓဘာသာကိုလည်း ပြန့်ပွားအောင် အားထုတ်၍ အခြားဘာသာဝင်တို့၏ အခြေအနေအရပ်ရပ်ကိုလည်း လေ့လာအကဲခတ်ရပေမည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာ၏ အန္တရာယ်ကို သိရှိနားလည်ပြီး မိမိတို့ "ဗုဒ္ဓဘာသာ" ကို ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားအောင် ကာကွယ်စောင့်ရှောက်နိုင်ပေလိမ့်မည်။

## ဆရာတော်၏ အောင်မြင်ရေးနည်းဗျူဟာ

လူသားတိုင်း (သို့) အဖွဲ့အစည်းတိုင်းသည် အောင်မြင်ချင်၏။ တိုးတက်ချင်၏။ အောင်မြင်သော

လူသားတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ အတွက် အဘယ်သို့ကြိုးစားရမည်နည်း။ ထိုအောင်မြင် ရေးနည်းစနစ်နှင့် ပတ်သက်၍ သီတဂူဆရာတော်၏ လမ်းညွှန်ချက် (၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆရာတော်၏ နံပါတ်(၁) လမ်းညွှန်ချက်မှာ Morality; ကိုယ်ကျင့်သီလဖြစ်၏။ ကိုယ်ကျင့်သီလသည် ခြေထောက်နှင့်တူ၏။ ခြေထောက်မရှိလျှင် ခရီးတစ်ခုကို လျှောက်လှမ်းနိုင်မည် မဟုတ်ပေ။ ထိုနည်းတူစွာ လူ့လောက၌ အတတ်ပညာများ မည်မျှလောက် တတ်စေကာမူ ကိုယ်ကျင့်သီလသာ မရှိလျှင် ဘဝအထက်တန်းသို့ တက်လှမ်းနိုင်တော့မည်မဟုတ်ပါ။ ထို့ကြောင့် အောင်မြင် တိုးတက်ချင်သော လူသား(သို့)အဖွဲ့အစည်းမှန်သမျှ သည် ကိုယ်ကျင့်သီလကို စောင့်ထိန်းရပေမည်။

နံပါတ်(၂)လမ်းညွှန်ချက်မှာ Mentility: စိတ်ထားမြင့်မြတ်ခြင်း ဖြစ်၏။ ကြီးကျယ်မြင့်မြတ်သော စိတ်ထားရှိမှသာလျှင် အထက်တန်းကျသော ဘဝကို ရောက်ရှိနိုင်ပေမည်။ "ဒုက္ခမီးပင်လယ်မှ ငါလွတ်မြောက် သလို လောကသားတွေကိုလည်း ဒုက္ခမီးပင်လယ်မှ လွတ်မြောက်အောင် ငါအားထုတ်မယ်" ဟူသော မြင့်မြတ်သည့် စိတ်ထားကြောင့် အလောင်းတော်သည် "ဗုဒ္ဓဘုရားရှင်" အဖြစ်သို့ ရောက်ရှိခြင်းဖြစ်ပေသည်။

ထိုနည်းတူစွာပင် ယောက်ျားကောင်းတို့သည်လည်း မြင့်မြတ်သော စိတ်ထားဖြင့်ပင် လူသားတို့၏ ကောင်းကျိုးစီးပွားကို ရှုပ်ရှုပ်ခွံ့ခွံ့ ဆောင်ရွက်၍ "အာဇာနည် ယောက်ျား" ဟူသော ဘွဲ့ထူးကို အရယူသွားကြပေသည်။

ထို့ကြောင့် အဆင့်မြင့်သော ဘဝကို ပိုင်ဆိုင်လိုသောသူတို့သည် အများချမ်းသာရေးကို ဦးစားပေးသော "ဘုရားလောင်းလမ်းစဉ်" ကို လိုက်၍ မိမိတို့တိုင်းရင်းသားပြည်သူတို့၏ စိုးရိမ်ပူပန်နေရသော၊ တုန်လှုပ်ချောက်ခြားနေရသော "ဘဝ" မှ ငြိမ်းချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သော "ဘဝ" ဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်ကြပေသည်။

နံပါတ် (၃) လမ်းညွှန်ချက်မှာ Unity; ညီညွတ်ခြင်းဖြစ်၏။ မိမိတို့ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူ ညီအစ်ကိုတို့သည် အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ စည်းလုံးညီညာမှုရှိအောင် ကြိုးစားရမည်။ ညီညွတ်မှ ခွန်အားရှိမည်။ ခွန်အားရှိမှ ရန်သူတို့ကို ခုခံနိုင်မည်ဖြစ်၏။

ကျီးကန်းတို့သည် ရန်သူကိုတွေ့လျှင် ညီညီညွတ်ညွတ်နှင့် စုပေါင်းဝိုင်းဝန်း၍ တိုက်ခိုက်ကြ၏။ ထိုကျီးကန်းတို့၏ ညီညွတ်ခြင်းကို အတုယူ၍ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား ပြည်သူတို့သည်လည်း "ဗုဒ္ဓ

သာသနာ" နှင့် "တိုင်းရင်းသားပြည်သူ" ကို၏ အန္တရာယ်မှန်သမျှကို ညီညာစုပေါင်း၍ တွန်းလှန်တားဆီးရပေမည်။ ထို့ကြောင့် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးသော မိမိတို့တိုင်းရင်းသားညီအစ်ကိုမှန်သမျှသည် တူညီသောလမ်းကို အတူလက်တွဲ၍ လျှောက်လှမ်းနိုင်ရန်အတွက် ညီညွတ်ကြဖို့ အထူးလိုအပ်လှပေသည်။

နံပါတ် (၄)လမ်းညွှန်ချက်မှာ Royality; သိက္ခာရှိရှိ ဆောင်ရွက်ခြင်းဖြစ်၏။ အမူအရာအားဖြင့်လည်းကောင်း၊ အပြောအဆိုအားဖြင့်လည်းကောင်း စိတ်နေစိတ်ထားအားဖြင့်လည်းကောင်း "လူကြီးလူကောင်း" ဆန်ရမည်။ ယဉ်ယဉ်ကျေးကျေး, သိမ်သိမ်မွေ့မွေ့ရှိရမည်။

ယဉ်ကျေးသိမ်မွေ့ပြီး ဣန္ဒြေသိက္ခာရှိသော ကိုရင်လေး နိဂြောဓ၏ အမူအရာကြောင့် ကြမ်းတမ်းခက်ထန်လှသော အသောကမင်းကြီး၏ နှလုံးသားသည် အရည်ပျော်သွားပေ၏။ ဣန္ဒြေသိက္ခာရှိခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းသည် လူ့နှလုံးသားကို ရွှင်ပြုံးကြည်နူးစေနိုင်သော "ပိယဆေး" ပင်ဖြစ်သည်မဟုတ်ပါလော။ ထိုသို့လျှင် အများသူငါကို အကြင်နာထားကာ ယဉ်ကျေးပျူငှာစွာ

ဆက်ဆံခြင်းသည် လူ့အဖိုးတန်တို့၏ ကျင့်စဉ်ပင်ဖြစ်သောကြောင့် တိုးတက်အောင်မြင်လိုသော လူသားတိုင်းသည် အရာရာတိုင်းကို ဣန္ဒြေရရ၊ သိက္ခာရှိရှိ ပြုလုပ်ဆောင်ရွက်ကြသင့်ပေသည်။

နံပါတ် (၅) လမ်းညွှန်ချက်မှာ Quarlity; အရည်အချင်းပြည့်အောင် ကြိုးစားခြင်းဖြစ်၏။ လူဖြစ်ဖြစ်၊ ရှင်ရဟန်းဖြစ်ဖြစ် မည်သူမဆို အရည်အချင်းရှိဖို့ လိုအပ်လှ၏။ အရည်အချင်းရှိမှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို အောင်မြင်ပြီးဆုံးအောင် ဆောင်ရွက်နိုင်ပေမည်။ ကိုယ်ကျင့်သီလသာကောင်းပြီး အရည်အချင်းမရှိလျှင်လည်း ထူးချွန်သောဘဝကို ရရှိနိုင်မည်မဟုတ်ပေ။

လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး စသော အရေးကိစ္စမှန်သမျှ၌ အရည်အချင်းရှိသူတို့သည်သာ ရှေ့တန်းကဦးဆောင်၍ အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် "စင်မြင့်"ပေါ်မှာနေကြရပေသည်။ ကိုယ်ကိုယ်တိုင် အရည်အချင်းရှိမှသာလျှင် သူတစ်ပါးတို့ကို တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မည်ဖြစ်သောကြောင့် အမျိုး၊ ဘာသာ၊ သာသနာကို အားပေးလိုသောပုဂ္ဂိုလ်တို့သည် ကိုယ်ကိုယ်တိုင် "အရည်အချင်း" ပြည့်အောင် ကြိုးစားသင့်ပေသည်။

# (၆)
# သီတဂူနှင့် မြိုင်ကြီးငူ

တောင်တိုင်းသည် အဖိုးတန်ကျောက်မျက်ရတနာ မထွက်နိုင်သကဲ့သို့ တောတိုင်းမှာလည်း စန္ဒကူးသစ်မွှေး မရှိနိုင်ပါ။ ထိုနည်းတူစွာ အရပ်ဒေသတိုင်းမှာလည်း အာဇာနည်ယောက်ျား မရှိနိုင်ပါ။ ငြိမ်းချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်ပင်ဝပြောသော အရပ်ဒေသ ဖြစ်ဖို့အတွက် ထိုအရပ်ဒေသ၌ "အာဇာနည်ယောက်ျား" ပေါ်ထွက်ဖို့ လိုအပ်လှပေသည်။

သံလွင်မြစ်ရေသည် အစဉ်ထာဝရ အေးမြသကဲ့သို့ ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သော "ဓမ္မ"သည်လည်း အစဉ် အေးမြလျက်ရှိပေသည်။ ထို "ဓမ္မ"ကို သောက်သုံးလို ကြသူမှန်သမျှသည် အေးချမ်းသော ဘဝကို ရရှိသွား ကြပေ၏။ ထို့ကြောင့် သီတဂူဆရာတော်သည် နေရာ ဒေသတိုင်း၌ ငြိမ်းချမ်းသာယာရန်အတွက် ဓမ္မတည်း ဟူသော အောင်လံတံခွန်ကို လွှင့်ထူလျက်ရှိသောကြောင့် "သာသနာ့ အာဇာနည် သူရဲကောင်း" ဖြစ်ပေသည်။

မြိုင်ကြီးငူဆရာတော်သည်လည်း သောင်းကျန်း သူများ စိုးမိုးရာ တောကြီးမျက်မည်းအတိ ဖြစ်သည့် မြိုင်ကြီးငူဒေသကို ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သော နယ်မြေဖြစ်အောင် ဓမ္မတည်းဟူသော အောင်လံတံခွန်

လွှင့်ထူ၍ စွမ်းဆောင်ခဲ့သောကြောင့် "သာသနာ့အာဇာနည် သူရဲကောင်း"ပင် ဖြစ်ပေ၏။

ယနေ့အချိန်၌ စုံနံ့သာမြိုင်ဆွေမြို့တော်ဝယ် မြိုင်ကြီးငူဆရာတော်၏ကျေးဇူးကြောင့် ကြားရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေနိုင်သော "ကရင်ဖားစည်သံ"ကဲ့သို့ ကရင်အမျိုးသမီးများ၏"ဓမ္မစကြာသံ" တို့သည်လည်း လွှမ်းမိုးပျံ့နှံ့လျက် ရှိနေပါ၏။

စန္ဒကန္တိကျောက်သည် လရောင်နှင့် ထိတွေ့သောအခါ အေးမြကြည်လင်သော ရေများ စိမ့်ယိုထွက်လာသကဲ့သို့ မြိုင်ကြီးငူ ဆရာတော်ဟူသော သာသနာ့အာဇာနည် ခေါင်းဆောင်သည် သီတဂူဆရာတော်ဟူသော သာသနာ့အာဇာနည်ခေါင်းဆောင်နှင့် ထိတွေ့ပေါင်းစုံခြင်းကြောင့် သံလွင်မြစ်ဝှမ်းဒေသတစ်ဝိုက်၌ သံလွင်မြစ်ရေကဲ့သို့ အေးမြကြည်လင်သည့် "ဓမ္မ" တည်းဟူသော ရေတို့သည် စိမ့်ယိုထွက်လာကြပေ၏။ ငြိမ်းချမ်းသော "မြိုင်ကြီးငူဒေသ (သို့) စုံနံ့သာမြိုင်ဆွေမြို့တော်" ကို အေးမြသော "ဓမ္မ" ရေဖြင့် ပက်ဖြန်းလိုက်သောအခါ "ရွှေပေါ်မြတင်" ဆိုသကဲ့သို့ ပို၍ပို၍ ငြိမ်းချမ်းသွားပေတော့၏။

သီတဂူဆရာတော်သည် ငြိမ်းချမ်းသာယာသော ထိုစုံနံ့သာမြိုင်ဆွေမြို့တော်သို့ ကြွရောက်၍ ဒီကောဘီအေ

အဖွဲ့နှင့် ပြည်တော်ဝင်ညီအစ်ကို မောင်နှမများ၏ ဖြူစင်သော နှလုံးသားထဲ၌ "ဓမ္မ" တည်းဟူသော "အမြုတေ" ကို ထည့်သွင်းပေးသည်မှာ သုံးကြိမ် ရှိသွားပါပြီ။

ယခု တတိအကြိမ်မြောက်၌ ဒီကေဘီအေအဖွဲ့နှင့် ပြည်တော်ဝင်များအား ချီးမြှင့်သောတရားတော်များမှာ "**ဘဝချင်းဆုံတွေ့လိုပါလျှင်**" တရားတော်နှင့် "**အမှိုက်မဲ့ ရောင်ရှိန်**" တရားတော်တို့ ဖြစ်ပါသည်။ ထိုတရား နှစ်ပုဒ်ကို ဆရာမြိုင်နန်းဆွေကမှတ်တမ်းတင်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာကို နေရာအနှံ့ ပြန့်ပွားစေရန် ရည်ရွယ်၍ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သောကြောင့် မိမိ အနေဖြင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဝန်ဆောင်သံဃာ အဖွဲ့ကိုယ်စား ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

**သီတဂူ စန်းလပမာ ချမ်းမြသာယာရှိပါစေ။**

**အရှင်ဒေဝိန္ဒာဘိဝံသ**

(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သုတေသနနှင့်ကျမ်းပြုဌာန)

၁၃၆၄–ခုနှစ်၊နယုန်လဆန်း(၁၀)ရက်၊ (၂၀–၆–၂၀၀၂)

# ရွှေအားတော်ငယ်ပါဘိ

သီတဂူဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်မြတ်ကို မြိုင်ကြီးငူအထူးဒေသရှိ ပြည်တော်ဝင်များအား နာကြားစေလိုသောဆန္ဒသည် မြိုင်ကြီးငူဆရာတော်၏ ရင်တွင်းမှာ ပြင်းပြစွာရှိတော်မူခဲ့သည်။

၁၉၉၆–ခုနှစ်ဆီက တစ်ခုသောခရီး ရောဝတီတိုင်း ဖျာပုံမြို့မှအပြန် ဒေးဒရဲကားကူးဇက်ဆိပ်မှာ သီတဂူဆရာတော်ဘုရားကြီးနှင့် ဆုံတွေ့ခဲ့စဉ်က–

"မြိုင်ကြီးငူသို့လည်း တရားဟောကြွရောက်၍ တရားဓမ္မများ ချီးမြှင့်ပေးတော်မူပါရန်" လျှောက်ထားခဲ့သည်တွင် သီတဂူဆရာတော်ဘုရားကြီးက–

"ခရီးကြုံတော့လဲ ရောက်မှာပါ" ဟူသော ဝန်ခံတော်မူချက်နှင့်အညီ ၁၉၉၉–ခုနှစ်၊ ဖွန်လ ၅ ရက်နေ့

တွင် မြိုင်ကြီးငူအထူးဒေသသို့ ကြွရောက်၍ "**ငြိမ်းချမ်းရေးမြစ်နဒီ**"တရားတော်ကို ဟောတော်မူခဲ့သည်။ ဒေသခံ ကရင်အမျိုးသားများ အားရဝမ်းသာ ပီတိဖြာခဲ့သည်မှာ ဂွမ်းဝါဆီထိ ပျောင်းခွေအိရသည့်ပမာ ဖြစ်ခဲ့ရသည်။

ထိုစဉ်က မြိုင်ကြီးငူဆရာတော်သည် အစိဋ္ဌာန်ဝင်နေပြီဖြစ်၍ သီတဂူဆရာတော်ဘုရားကြီးနှင့် မတွေ့ဆုံသာလေခဲ့၊ ကိစ္စခပ်သိမ်းကို တိုက်အုပ်ဆရာတော်နှင့်သာ လွှဲထားခဲ့ရသည်။ တရားချီးမြှင့်ပြီး၍ အပြန်ခရီးမှာ တိုက်အုပ်ဆရာတော်က–

"တစ်နှစ်မှာ တစ်ခေါက်လောက်တော့ ကြွရောက်ပြီး တရားချီးမြှင့်ပေးတော်မူပါရန်" လျှောက်ထားရာ–

"အေး...အေး...လာမယ်၊ လာနိုင်အောင်ကြိုးစားမယ်"ဟူ၍ ကတိပြုတော်မူခဲ့သည်။

ကတိပြုတော်မူခဲ့သည့်အတိုင်း ၂၀၀၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့မှာ မြိုင်ကြီးငူသို့ ဓမ္မခရီးအဖြစ် ဒုတိယအကြိမ်မြောက် ကြွချီတော်မူလာခဲ့သည်။ နံနက် ၉း၀၀နာရီမှာ ရောက်ရှိပြီး ယခုအခေါက်လာရာမှာ အေးအေးဆေးဆေးမို့ ညပါ ကျိန်းစက်တော်မူသည်။ သို့ဖြစ်၍ နေ့ခင်းကာလ ၂း၀၀နာရီမှာ တရားတစ်ပွဲ၊ ညဘက် ၇း၀၀နာရီမှာ တရားတစ်ပွဲအားဖြင့် အချိန်ခွဲ၍

တရားနှစ်ပွဲ ဟောကြားတော်မူသည်။ ဒေသခံတိုင်းရင်းသားများသည် မြိုင်ကြီးငူအထူးဒေသသားများပီပီ သီတဂူဆရာတော်ဘုရားကြီး၏ တရားတော်ကို တစ်နေ့တည်းနှစ်ကြိမ်တိုင်တိုင် ထူးခြားစွာ တစ်ဝကြီးအားပါးတရ နာလိုက်ကြရသည်။ သီတဂူဆရာတော်ဘုရားကြီး၏ တရားတော်ကို–

ပထမနှစ်က နာဖူးလိုက်ရသည်။

ဒုတိယနှစ်မှာ ထပ်မံ၍နာလိုက်ရသည်။

တတိယနှစ်မှာ တပ်ဆင့်၍ နာရချေဦးမည် ဟူ၍ ပကာတိသော လရောင်ဝါကို "မသာသော်လဲ တမြဲအစဉ်–သာစေချင်၊ သာပါသော်လဲ၊ သာမြဲလျက်ပင်၊ သာစေချင်"သကဲ့သို့ ပြည်တော်ဝင်များ၏ ရင်တွင်းမှာ တောင့်တောင့်တတ မျှော်မှန်းထားခဲ့ကြသည်။

၂၀၀၁–ခုနှစ်ကူးခဲ့ပြီ၊ ယခင်နှစ်များမှာကဲ့သို့ ကြွလာချေမည်ဟု အားလုံး အစစပြင်ဆင်စောင့်စား မျှော်လင့်နေခဲ့ကြသည်၊ နွေနှောင်းရွက်ကျန်တို့ လေအစုန်မှာ လေဟုန်စီးကာ ရွှေ့လျောမြေသက်ခဲ့ကြပြီ၊ ပုရစ်ဖူးတံတို့ ပင်ယံထက်မှာ စို့ပြူထွက်ရာမှ ရွက်သစ်နုတွေ ပင်လုံးဝေခဲ့ပြီ၊ မစို့မပို့ရွာထားသော မိုးဦးကျစ မိုးရေစက် ကလေးများ စိစိရိရိတွဲလွဲခိုနေပြီ သီတဂူဆရာတော်ကား ကြွလာတော်

မမူချေသေးဟူသော မရေရာသည့် အတွေးစိတ်ဖြင့် ထွေးသိပ်၍ ဖြေခဲ့ရသည်။

"နယုန်မိုးပြေး၊ မြက်သားပွေးလို့၊ မြက်ပင်ကလေး တွေသော်မှ ရှင်သန်ဖွံ့ထွားနေပြီ၊ မိုးသာမကာ လေပါ ပါလာပြီး တစ်ခါတစ်ရံ မိုးသက်မုန်တိုင်းသော်မှ ဆင်လာ တတ်သေးသည်။ မိုးဦးဖြိုင်ဖြိုင်ကျပါလေပြီကော၊ ဝါဆိုလ ရောက်ပြီ၊ လာမှလာပါတော့မလား" စိုးစိတ်ကလေး ဝင်စပြုလာသည်။

"အို...စိတ်မလျှော့နဲ့ဦး၊ ခုမှ ပထမဝါဆိုလရှိသေး၊ ဒုတိယဝါဆိုကရှိသေး မဟုတ်လား၊ ဝါဆိုဝါကပ်မပြုမီ တစ်ရက်ရက်မှာတော့ ရောက်ကောင်းပါရဲ့"ဟု အား လျော့စ ပြုလာသည့်အတွေးက စိုးမိုးလာသည်။

မိုးမင်းက ဒိုးဒလိမ့်ညံ့ သံစုံပေးရင်း အုန်းခြိမ့်ညံ ကြွေးကာ အနောက်တောင်တစ်ခိုက ပြိုမလိုရစ်ဝိုင်း မုန် တိုင်းပါဆင်လေတော့ မြောင်ဖိလာ ဟောဟိုစခန်းအဝေး က မှောင်ရီကာတောညိုတန်းကလေးတောင် ပျောက်လု ပျောက်ခင် ဝေမှိုင်းမှုန်သီနေပြီ၊ မြစ်သံလွင်မှာလည်း လှိုင်းဂယက်အဖွေးသား ရေဘောင်ဘင်နှင့် ဗောင်းလဲ အောင်ဝေနေပြီ။

"သြော်...ဒီအခြေအနေရောက်မှဖြင့် သီတဂူဆရာတော်ဘုရားကြီး မကြွလာနိုင်တော့ပြီ" စိတ်နှလုံး ဒုံးဒုံးချရင်း–

"ပကတိသောလသည် သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်စမြဲဖြစ်သည့်မို့ တို့ကျွန်းဒီပါ မှောင်ပါမည့်အကြိမ် ဆိုက်ရော့သလား? ဖိုးရွှေလသည် ဘယ်လိုပင်သာသော်လည်း သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံး၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အင်လေးပါးဝယ်၊ တောအုပ်အလယ်လည်းဖြစ်၊ လျှပ်မပေါ်နိုင်အောင် မိုးလုံးတိမ်တိုက်တို့ အပြည့်ဖုံးနေသည့်လည်း ဖြစ်ပြန်သည့်မို့ ရွှန်းမြသော စန်းလသီတဂူ၏ လရောင်ခြည်ကို တို့တစ်တွေ မြင်တွေ့ခွင့်မကြုံရှာတော့ လေရော့သလား?"ဟု...။

# အားငယ်သူ အားကူရစေဖို့

၂၀၀၂–ခုနှစ် ဇန်နဝါရီလ ၁၃ ရက်၊ ကရင်နှစ်သစ်ကူးနေ့။

ရန်ကုန်မြို့မှ ဝပ်ရှော့ဆရာ ဆရာငြိမ်းသည် ဘားအံမြို့သို့ရောက်လာသည်။ အဓိဋ္ဌာန်စခန်းဝင်နေသော မြိုင်ကြီးငူဆရာတော်အား သွားရောက်တွေ့ဆုံ ဖူးမြော်လျှောက်ထားသည်။

"ဆရာတော်ဘုရား သီတဂူဆရာတော်ဘုရားကြီးက မြိုင်ကြီးငူတရားပွဲရက်ကို ဒီလ ၂၅–ရက်နေ့ကို သတ်မှတ်ပေးလိုက်ပါတယ်ဘုရား"

"သေချာပြီလား"

"သေချာပါပြီဘုရား၊ ကရင်ပြည်နယ်အတွက် ဒီနှစ် ဓမ္မဒူတခရီးစဉ်မှာ မြိုင်ကြီးငူမှ ရှေးဦးစတင် ဟောမှာ ပါတဲ့ဘုရား"

"ဟေ...ဟုတ်လား? ဝမ်းသာစရာပေါ့"

"မှန်ပါဘုရား၊ ၂၅–ရက်နေ့ည မြိုင်ကြီးငူမှာဟော၊ ၂၆ ရက်နေ့ နံနက် လှိုင်းဘွဲ့မြို့ကိုကြွမယ်၊ လှိုင်းဘွဲ့မြို့ မှာ နေ့ခင်းတရားဟောပြီး ညဘက်ကျတော့ ဘားအံမှာ ဟောမှာပါဘုရား"

"ဩော်...ဩော်"

"အဲဒီကမှတစ်ခါ ကော့ကရိတ် မြဝတီတို့ဘက် ဆက်သွားပြီး ၂၉ ရက်နေ့မှာ ဒီဘားအံကို ပြန်ရောက် မှာပါ၊ တစ်ဆက်တည်း ရန်ကုန်သို့ ပြန်ကြွမှာပါဘုရား"

"အရင်အစီအစဉ်တွေနဲ့ မတူဘူးနော်"

"မှန်ပါဘုရား၊ ဒီအစီအစဉ်ကို ဗိုလ်မှူးစောဆေးထူး နဲ့ တိုင်ပင်ညှိနှိုင်းပြီး ဆွဲထားတာပါဘုရား"

"အေး...အေး...ဒီတစ်ခေါက် သီတဂူဆရာတော် ဘုရားကြီး ကြွလာမည့်ရက်ဟာ ဆရာတော်ရဲ့ အဓိဋ္ဌာန် ခေတ္တထွက်ရက်နဲ့ ကိုက်နေတယ်၊ ဆရာတော် ကိုယ် တိုင် သီတဂူဆရာတော်ဘုရားကြီးကို ကြိုဆိုဂါရဝပြု ရမယ်"

"မှန်ပါဘုရား၊ ပိုကောင်းပါတယ်ဘုရား"

"သီတဂူဆရာတော်ဘုရားကြီး မြိုင်ကြီးငူကို နှစ်ခေါက်နှစ်ခါ ကြွရောက်တရားဟောပြီးပြီ။ တရားဟော ကြွပေးဖို့လဲ ဆရာတော်ကပဲ လျှောက်ခဲ့တာ၊ ကြွလာ တော့ ဆရာတော့်အနေနဲ့ အဓိဋ္ဌာန်စခန်း တန်းလန်းမို့ မျက်နှာသော်မှ မပြသာဖြစ်ခဲ့ရတယ်"

"မှန်ပါဘုရား"

"ပြောရရင် ပြောစရာကြီးဖြစ်တော့မယ်ပေါ့၊ ဆရာ တော်က အိမ်ရှင်မဟုတ်လား?၊ ပင့်လျှောက်စဉ်က ပင့်ခဲ့ ပြီး ဧည့်သည်ရောက်လာတော့ မျက်နှာတောင် မပြဘူး ဖြစ်နေတာမို့ အိမ်ရှင်အနေနဲ့ ဧည့်ဝတ်မကျေသလို ဖြစ်နေ တယ်"

"ဆရာတော်ဘုရားက အဓိဋ္ဌာန်စခန်းဝင်နေတာကိုး ဘုရား၊ မကြုံကြိုက်လို့ ဖြစ်ခဲ့တာပါဘုရား"

"ခုတစ်ခေါက်တော့ အဓိဋ္ဌာန်ထွက်ခိုက် ကြုံကြိုက် တာမို့ ယခင်နှစ်တွေက မကျေခဲ့တဲ့ ဧည့်ဝတ်ကို ဒီနှစ် မှာ အတိုးချဆပ်ဖို့ မြိုင်ကြီးငူအဝင်ကနေ စတင်ပြီး ကြိုဆို ဂါရဝပြုရမယ်"

"မှန်ပါဘုရား၊ သင့်မြတ်လှပါတယ်ဘုရား"

“ရက်သေချာပြီဆိုရင် မြိုင်ကြီးငူက တိုက်အုပ်ဆရာတော်နှင့် သက်ဆိုင်ရာလူကြီးတွေကို အကြောင်းကြားလိုက်ဦးမှ”

မြိုင်ကြီးငူဆရာတော်သည် ထိုနေ့မှာပင် မြိုင်ကြီးငူသို့ ကြွတော်မူရင်း ၂၅ ရက်နေ့မှာ တရားပွဲဖြစ်မြောက်ကြောင်းကို သက်ဆိုင်ရာတို့အား အသိပေး မိန့်ကြားလိုက်လေသည်။

❖ ❖ ❖

# ပြာသိုလမှာ ကျသောသကြင်္န်

၁၃၆၃–ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (၂၅–၁–၂၀၀၂) သောကြာနေ့၊

နံနက် ၈း၃၀ နာရီ

တိုက်အုပ်ဆရာတော် ဦးဉာဏိကနှင့် မော်ဖိုးကေ ဆရာတော် ဦးကောဏ္ဍညတို့ အမှူးပြုသော ကြို့ဆိုရေး အဖွဲ့ဝင်များက ကားတစ်စီး၊ ဒီကေဘီအေဥက္ကဋ္ဌ ဦးသာထူးကျော် ဦးဆောင်သော ကြို့ဆိုရေးနှင့် လုံခြုံရေး က ကားတစ်စီး ဤကားနှစ်စီးဖြင့် သီတဂူဆရာတော် ဘုရားကြီးအား အကြိုထောက်ရန် မြိုင်ကြီးငူမှ ထွက် လာခဲ့သည်။

၉း၄၅ နာရီမှာ ရွှေဂွန်းသို့ရောက်သည်။ ပန်းရဂုံ ကားဂိတ်မှူး ဦးစိုးဝင်း ဒေါ်တရုတ်မအိမ်မှာ ပါလာသော

ဆရာတော်နှစ်ပါးအား ဆွမ်းကပ်သည်။ လူများပါ ထမင်းစားအပြီးမှာ စက်သတင်းဝင်လာသည်။

"သီတဂူဆရာတော်ဘုရားကြီး စီးနင်းလိုက်ပါလာသော ကားသည် မော်လမြိုင်မှ ထွက်ခွာလာပြီ"တဲ့။

ကြိုဆိုရေးကားနှစ်စီး ဘားအံသို့ အပြေးမောင်းလာသည်။ ၁၂း၁၅နာရီမှာ ဘားအံမြို့ အဝင်သို့ ရောက်သည်။ နောက်ထပ်ဝင်လာသော စက်သတင်းက–

"ဘားအံမြို့အထွက် ဓာတ်ဆီဆိုင်မှာစောင့်ပါ" ဆိုလာသဖြင့် ဘားအံမှ လှိုင်းဘွဲ့သို့အထွက် လမ်းဆုံမှာ ကားရပ်ထားပြီး ဓာတ်ဆီဆိုင်တွင်း ဝင်ရောက်စောင့်ဆိုင်းနေကြသည်။

၁၂း၄၅ နာရီ

"သီတဂူဆရာတော်ဘုရားကြီး ကြွတော်မူလာပြီ" သတင်းပို့လာသဖြင့် လှမ်းကြည့်လိုက်သည်။ မှန်၏။ ရပ်ထားသော ကြိုဆိုရေးကားနှင့် မနီးမဝေး ရှေ့ဆင့်နောက်ဆင့်မှာ ဆရာတော်ဘုရားကြီး၏ကား ရပ်၍ပင်နေချေပြီ။ တိုက်အုပ်ဆရာတော်က ဆရာတော်ဘုရားကြီးအား သွားရောက်ဂါရဝပြု ကြိုဆိုဖူးမြော်သည်။

သီတဂူဆရာတော်ဘုရားကြီး စီးနင်းလာသောကားကို ဝပ်ရှော့ဆရာ ဆရာငြိမ်းက မောင်းလာသည်။

ပွိုင့်ကားအဖြစ် ဗိုလ်မှူးစောဆေးထူးက တာဝန်ယူပို့ဆောင်လာသည်။ ခဏအကြာမှာ ဆရာတော်ဘုရားကြီးနှင့် ကြိုတင် အချိတ်အဆက်လုပ်ထားသော ရန်ကုန်မှ အောက်မြန်မာပြည် သီတဂူ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးဟန်နှင့် အဖွဲ့ဝင် ဦးဝင်းအောင်တို့ နှစ်ဦးကားဖြင့်ရောက်လာသည်။ ဆရာတော်ဘုရားကြီးကပင် ရောက်လာသူတို့အား တိုက်အုပ်ဆရာတော်၊ မော်ဖိုးကေဆရာတော်၊ ဉက္ကဋ္ဌ ဦးသာထူးကျော်တို့နှင့် မိတ်ဆက်ပေးသည်။

မိတ်ဆက်ပေးအပြီးမှာ ဗိုလ်မှူးစောဆေးထူးက တိုက်အုပ်ဆရာတော်နှင့် ဉက္ကဋ္ဌ ဦးသာထူးကျော်တို့အား တာဝန်လွှဲပြောင်း ပေးအပ်ကာ "၂၉ရက်နေ့မှာ ကြိုနေမည်"ဖြစ်ကြောင်းပြော၍ ပြန်သွားသည်။ ထို့နောက် ဉက္ကဋ္ဌ ဦးသာထူးကျော် ဦးဆောင်သော ဒီကေဘီအေ ရဲဘော်များက ပွိုင့်ကားအဖြစ် ရှေ့မှသွားသည်။ တိုက်အုပ်ဆရာတော်တို့ကားက ကြိုဆိုရေးကားအဖြစ် ဒုတိယ၊ ထို့နောက်မှ သီတဂူဆရာတော်ဘုရားကြီး၏ကား၊ ၎င်းနောက် ရန်ကုန်မှ လိုက်ပါလာသော ဦးဟန်တို့ကား၊ ပြီးတော့မှ ကျန်ဒီကေဘီအေ လုံခြုံရေးရဲဘော်ကားများ စီတန်း၍ မြိုင်ကြီးငူသို့ ဦးတည်ထွက်ခွာခဲ့သည်။

ကားတန်းသည် လမ်းခရီးရှိရွာများကို တစ်ရွာပြီး တစ်ရွာ ဖြတ်သန်းမောင်းနှင်လာသည်။ သီတဂူဆရာတော်ဘုရားကြီး တရားဟော ကြွရောက်တော်မူလာမည့်အဖြစ်ကို ကြိုတင်ကြေညာထားသဖြင့် လမ်းတစ်လျှောက် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ စောင့်ဆိုင်းကြိုဆို ပူဇော်နေကြသည်။ မိမိတို့ ခြံထွက် ယာထွက် ပစ္စည်းများကို လှူဖွယ်ဝတ္ထုအဖြစ် လှူဒါန်းကြသည်။ မြို့ကြီးပြကြီးမှာကဲ့သို့ တန်ဖိုးကြီးမားလှသော ပစ္စည်းများတော့ မဟုတ်ပါချေ။ ဘူး၊ ဖရုံ၊ သခွါးစသော ဟင်းသီးဟင်းရွက်များ အုန်းသီးများ အပါအဝင် ကြံသကာထုပ်များသာမက ရှည်လျားလှသော ကြံပင်ချောင်းများပင် ပါသေးသည်။ လှူဖွယ်ပစ္စည်းများသည် အမြင်အားဖြင့် တန်ဖိုးနည်းလှသည်ဖြစ်သော်ငြား ဒေသခံတို့၏ ရင်တွင်းမှာ ဖြစ်ထွန်းပေါ်ပေါက်နေသော စေတနာ သဒ္ဓါတရားများ ကြီးမားပွင့်လန်း ရှင်သန်လန်းဆန်းနေသည့် အဖြစ်ကို နှလုံးသားသွေးလွှတ်ကြောမှတစ်ဆင့် ထိုထိုသူတို့၏ မျက်နှာမှာ ထင်ဟပ်နေသော ရိပ်ရိပ်ပြေးနေသည့် ကြည်နူးရိပ်ကလေးများက သက်သေခံလျက်ရှိသည်။

ဆောင်းတွင်းပေမဲ့ ၁၂ နာရီဆိုသော မွန်းတည့်နေက ပူပြင်းလှသည်။ နေစောင်းစပြုသော်လည်း ပူဆဲပင်။ သည်နေရောင်အောက်မှာ မည်သည့်အချိန်

ရောက်လာမည်မသိသော သီတဂူဆရာတော်ဘုရားကြီး အား မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ဆိုင်းကြိုဆိုနေခဲ့ကြ သည်။ ဆရာတော်ဘုရားကြီး ကြွလာသည်နှင့် လှူဖွယ် ပစ္စည်းများကို ရိုသေစွာကပ်လှူကြသည်။ လှူဖွယ်ပစ္စည်း များအနေဖြင့် အနည်းအများ ကွာခြားမှု၊ တန်ဖိုးကြီးမား နည်းပါးမှုမှာ မြို့ကြီးပြကြီးများနှင့်မတူ ကွာခြားလှသည်။ ထို့အတူ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ပူဇော်မှု တစ်ရပ်ကလည်း မြို့ကြီးပြကြီးများနှင့်မတူ ထူးခြားလွန်း လှသည်။

ယင်းမှာ သီတဂူဆရာတော်ဘုရားကြီးအား နံ့သာ ရည်ဖြင့် ပက်ဖျန်းပူဇော်ကြခြင်းဖြစ်သည်။ မိသားစုအုပ်စု ကလေးတစ်စုမှာ နံ့သာရည်ဖန်ခွက်တွင် သပြေခက် ကလေး ထိုးစိုက်ထားသည်။ ဆရာတော်ဘုရားကြီး၏ ကား မိမိတို့ရှေ့သို့ ရောက်သည်နှင့် ဦးဆောင်သူက ဖန်ခွက်ကလေးကို နဖူးပေါ်သို့ မြှောက်တင်ကာ အရို အသေပြုလိုက်သည်။ ရိုးရာဓလေ့နှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သော ကားမောင်းသူ ဆရာငြိမ်းက ကားကို ခေတ္တ ရပ်ပေးလိုက်သည်။ ကားရပ်သည်နှင့် နံ့သာရည်ဖန်ခွက် ကို လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး အခြားလက်တစ်ဖက် ဖြင့် ထိုးစိုက်ထားသော သပြေခက်ကို ကိုင်ယူကာ

ဆရာတော်ဘုရားကြီးအား သုံးကြိမ်သုံးခါ နို့သာရေစက်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

သူပြီးလျှင် နောက်တစ်ဦး၊ နောက်တစ်ဦးပြီးလျှင် အခြားနောက်တစ်ဦး ဤသို့ဖြင့် မိသားစုအားလုံး တစ်ယောက်ပြီးတစ်ယောက် ဆက်၍ပက်ဖျန်းကြသည်။ ဤမိသားစုပြီးလျှင် နောက်မိသားတစ်စု၊ ပြီးပြန်တော့ အခြားမိသားတစ်စု၊ ဤနည်းဖြင့် ၃၆မိုင်ခရီးအတွင်းရှိ ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားများက နို့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ နို့သာဓမ္မနှင့်ခွက်ပေါင်းများစွာ၊ သပြေခက်ပေါင်းများစွာ နို့သာရည်စက်ပေါင်းများစွာဖြင့် ပက်ဖျန်းပူဇော်လိုက်ကြသည်မှာ သီတဂူဆရာတော်ဘုရားကြီး၏ တစ်ကိုယ်လုံး စိုစွတ်သွားမတတ်ရှိသည်။ ဝတ်ရုံထားသော သင်္ကန်းတော်သည်ပင် နို့သာရည်များဖြင့် ရွဲနစ်လာသည်အထိ ဖြစ်သည်။ နောက်တော့ လက်တစ်ဖက်ထုတ်ပေးပြီး လက်ကိုသာ ပက်ဖျန်းပါရန် တောင်းပန်ယူရသည်အထိ ဖြစ်သည်။

မြန်မာနှစ်သစ်ကူး တန်ခူးလမှာ ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ အတာရေသဘင်ပွဲမှာ သကြံန်ရေပက်သည်၊ သပြေခွက်နှင့် ရေပက်သည်ဟူ၍သာ ရှိသည်။ ယခုမူ သီတဂူဆရာတော်ဘုရားကြီးအား ဒေသခံတိုင်းရင်းသား

တို့က ပြာသိုလဆန်းမှာပင် သပြေခက်ဖြင့် နံ့သာရည် ပက်ဖျန်းကာ ကြိုဆိုပူဇော်ကြသည်။

သီတဂူဆရာတော်ဘုရားကြီးအဖို့ ဤရပ် ဤနယ် ဤဒေသမှာ ပြာသိုလဆန်းကာလမှာပင် သင်္ကြန်ကျသည့်အဖြစ်ကို ကိုယ်တွေ့မျက်မြင် ကိုယ်တော်တိုင်ပင် သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲရသည်သို့ ဖြစ်ရချေတော့သည်တကား။

# ကြိုဆိုတေးဟာစ်ကြွေးအူလိုည်

သီတဂူဆရာတော်ဘုရားကြီးအား လှမ်းလင့်ကြိုဆိုမှု ပြုရန် မြိုင်ကြီးငူဆရာတော်သည် မုခ်ဦးမှာ မွန်းလွဲ ၂နာရီ လောက်ကတည်းက ကြိုတင်ရောက်ရှိနေသည်။ ကျန် ကြိုဆိုရေးအဖွဲ့ဝင်များက ၁၂ နာရီလောက်က ရောက် နေနှင့်သည်။

သီတဂူဆရာတော်ဘုရားကြီးသည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် ကားပေါ်မှ အပူဇော်ခံကြွလာရာ ညနေ ၄ နာရီတွင် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ အထူး ဒေသ) မုခ်ဦးဝသို့ ရောက်ရှိလာသည်။ ကားလာသည်ကို လှမ်းမြင်ရသည်နှင့် အသင့်စောင့်ကြိုနေသော မြိုင်ကြီးငူ ဆရာတော်ဦးဆောင်သည့် ကြိုဆိုရေးအဖွဲ့ဝင်များက–

သီတဂူဆရာတော်၊ ထေရ်မဟော်၊ သက်တော် ရာတမ်း လွှမ်းပါစေ၊ လွှမ်းပါစေ။

သီတဂူထေရ်မဟာ၊ မြတ်ဆရာ၊ နှစ်ဖြာကိုယ်စိတ်၊ ကျန်းမာစေ၊ လန်းပါစေ။

သီတဂူထေရ်သခင်၊ ဆရာရှင်၊ စိတ်ရွှင်မြွေချမ်း၊ လန်းပါစေ၊ လန်းဖြာဝေ။

ဟူ၍ လမ်းတစ်ဖက်တစ်ချက်စီမှ စီတန်းကာ သာယာကြည်နူးစွာ မေတ္တာပို့ ကြိုဆိုသီဆို ပူဇော်ကြသည်။

မှခ်ဦးအဝ မြိုင်ကြီးငူဆရာတော်၏ ရှေ့တည့်တည့် အရောက်တွင် ဆရာငြိမ်းက ကားကို ခေတ္တရပ်ပေးလိုက်သည်။ မြိုင်ကြီးငူဆရာတော်က လက်အုပ်ချီလျက် ကားအနီးသို့ရပ်လာသည်။ သီတဂူဆရာတော်ကြီးက ဖွင့်ထားသော ကားတံခါးမှ လက်ထုတ်ကာ မြိုင်ကြီးငူဆရာတော်၏ လက်အုပ်ကိုဆုပ်ကိုင်ပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်စကား ဆိုတော်မူသည်။

ထို့နောက် မြိုင်ကြီးငူဆရာတော်သည် မတ်တပ်ရပ်လျက်ပင် ဦးညွှတ်ရိုကျိုးစွာ ဦးတင်ပြီး မိမိစီးသောကားပေါ်သို့ ကြွရောက်ကာ ဦးဆောင်ကြိုဆို ပင့်ဆောင်သွားသည်။ ရှေ့ပို့င်ကားများမလိုတော့သဖြင့် နောက်ချန်ရစ်သည်။ ကားများအားလုံး နောက်မှ ကြိုဆိုပူဇော်ရေးဓမ္မစကြာအဖွဲ့သူများက အသံချဲ့စက်တင်ကားတစ်စီးဖြင့် အောက်ပါဓမ္မဂီတိကဗျာများကို ရွတ်ဆိုပူဇော်ကာ လိုက်ပါလာကြသည်။

◆ မြိုင်ကန္တာဆီး ဝေးကြီးဝေးကွာ၊
မြိုင်ကြီးငူဟု ထူးပြုရပ်ရွာ၊
ဓမ္မရောင်လွှမ်း ပက်ဖျန်းစိမ့်ငှာ၊
ဆရာမြတ် လမ်းလတ်ဒေသစာ။ ။

◆ ဆရာရှင်မြတ် ကြွလတ်သည့်ခါ၊
တပည့်အများ စိတ်ထားကြည်သာ၊
ဝမ်းသာလွန်းလို့ စို့မျက်ရည်ဖြာ၊
ဂွမ်းဆီထိ ရွှန်းအိပျောင်းချွေလာ။ ။

◆ ဆရာရှင်မြတ် ကြွလတ်သည့်ခါ၊
ပြည်တော်ဝင်ပေါင်း နှစ်ထောင်းဝမ်းသာ
ရှင်ပျကြည်နူး ရှင်မြူးကြည်သာ၊
ကြိုဆိုတေး ဟစ်ကြွေးသီဆိုကာ။ ။

◆ ပြည်တော်ဝင်များ စိတ်ထားကြည်သာ၊
ညီညာစုပေါင်း လမ်းကြောင်းပေါ်မှာ၊
လက်အုပ်မိုးလို့ ရှိခိုးညီညာ၊
ကြိုဆိုတေး ဟစ်ကြွေးသီဆိုကာ။ ။

◆ ဒေသစာလှမ်း ကြွမြန်းထေရ်ဆရာ၊
ပေါင်းစုမငြီး ခရီးဦးကြိုကာ၊
ပူဇော်ပါရ ညွတ်ခဝန္ဒနာ၊
အားမာန်ခဲ ခြိမ့်သဲဝေစည်ဖြာ။ ။

မုန်ဦးဝမှသည် ယာယီစံကျောင်းတော်အထိ လမ်း၏ လက်ယာဘက်မှာ စိုက်ထူထားသော သာသနာ့အလံများ က လမ်းတစ်လျှောက်လုံး တလူလူလွင့်နေသည်။ မြို့ကြီးငူ၏ ရှေးစဦးရပ်ကွက်ဖြစ်သော လင်းလွန်းမြို့ ရပ်ကွက်သို့ရောက်လျှင် လမ်းဘေးဝဲယာမှာ ဒေသခံ တိုင်းရင်းသားများက လက်အုပ်များချီ၍–

သီတဂူဆရာတော်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊
သီတဂူဆရာတော်၊ သက်တော်ရာကျော်ရှည်ပါစေ။
သာသနာ့အကျိုး ဆထက်တိုး၍ သယ်ပိုးနိုင်ပါစေ

ဟူ၍ မေတ္တာပို့များရွတ်ဆိုကာ ကြိုဆိုပူဇော်ကြသည်။ သပြေခက်ဖြင့် နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။ မုန်ဦးဝမှသည် ယာယီစံကျောင်းတော်အထိ ခရီးတာမှာ မဝေးကွာလှ၊ တစ်မိုင်ခန့်ခရီးတာကို နာရီဝက်ကျော်ကျော် လာရသည်။ ကြိုဆိုပူဇော်သူက များလှပေသကိုး။

ကားတန်းကြီးကျော်လွန်သွားပြီးနောက် ဓမ္မစကြာ အဖွဲ့သူများ၏ ကြိုဆိုတေး ဓမ္မဂီတ ကဗျာ ရွတ်ဆို ပူဇော်သံကား မြို့ငယ်တောလုံးကို လွှမ်းမိုးမတတ် ပဲ့တင် ထပ်ကာ ဝေ၍ ဝဲ၍ ကျန်ရစ်ခဲ့လေတော့သည်။

# သမ္မောဒနီယကထာနှင့်သာရဏီယကထာ

ညနေ ၄း၃၀ နာရီ။

သီတဂူဆရာတော်ဘုရားကြီး စီးနင်းလိုက်ပါလာသောကားသည် ယာယီစံကျောင်းတော်ရှေ့သို့ ဆိုက်ရောက်လာသည်။ ကြိုတင်ရောက်နေနှင့်သော မြိုင်ကြီးငူဆရာတော်က ပန်းစည်းကို ရှိသေစွာ ကိုင်ဆောင်လျက် ဦးညွတ်ကြိုဆိုသည်။ ကားပေါ်မှ ကြွဆင်းလာသော သီတဂူဆရာတော်ဘုရားကြီးအား ယာယီစံကျောင်းတော်တွင်းသို့ ပင့်သွားသည်။ အတွင်းဆောင်သို့ရောက်လျှင် ဆက်တီတစ်လုံးပေါ်မှာ သီတင်းသုံးစေသည်။ ထိုင်ပြီးကာမှ မိမိကားအောက်မှာပင်ထိုင်၍ ရှိသေစွာ ဦးချရှိခိုးသည်။ ကြိုတင်ရောက်ရှိနေသော မြိုင်ကြီးငူမှ ဒီကေဘီအေ လူကြီးများ၊ အမှုဆောင်ကြီးများအားလုံးကလည်း ဦးညွတ်ရိုကျိုး ရှိခိုးကန်တော့ကြသည်။

၂၇၆၄၄·

ထို့နောက် မြိုင်ကြီးငူဆရာတော်သည် ပုဆစ်တုပ်ထိုင်လျက် လက်အုပ်ကို ကျိုးနွံစွာချီထားရင်း ဆရာတော်ကြီးနှင့်အတူ စကားဆိုတော်မူသည်။ ဆရာတော်နှစ်ပါးသည် ၁၉၉၆ ခုနှစ် ဒေးဒရဲမှာ ဆုံခဲ့စဉ်ကသာ ခေတ္တ တွေ့မြင်ခဲ့ကြသည်။ နှစ်ကြိမ်တိုင်တိုင် သီတဂူဆရာတော်ဘုရားကြီးသည် မြိုင်ကြီးငူသို့ ဓမ္မခရီး ကြွလာသော်လည်း မဆုံတွေ့ခဲ့ကြ၊ ယခုမှသာ ပြန်လည်ဆုံတွေ့ကြရသည်မို့ အားရဝမ်းသာ နှစ်သိမ့်ကြည်နူးစွာ စကားဆိုတော်မူကြသည်။

[ကြားဖြတ်အမှာ။ ။ဆရာတော်နှစ်ပါးကြုံတောင့်ကြုံခဲ တွေ့ဆုံကြရသဖြင့် ပထမဦးစွာ ပြောဆိုတော်မူကြသော သမ္မောဒနီယကထာ အားရဝမ်းသာစကားနှင့် သာရဏီယကထာ ရာသက်ပန်အမှတ်ရ အောက်မေ့ဖွယ်စကားတို့ကို ပြောဆိုတော်မူကြသည့်အတိုင်း ပြည့်စုံစွာ မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။]

"ဆရာတော်ဘုရား၊ ဘုရားတပည့်တော်ကို သားတပည့်လိုပဲ သတ်မှတ်ပြီးတော့ ဆုံးမပါဘုရား"

"အေး...အေး..."

"ဘုရားတပည့်တော်တို့ကလည်း ဆရာတော်ဘုရားကို ဖခင်ကြီးသဖွယ် နောင်တော်ကြီးသဖွယ် အားထားပါတယ်ဘုရား။ ဘုရားတပည့်တော်နှင့်တကွ မြိုင်ကြီးငူရှိ ဒကာ ဒကာမများကို ဆရာတော်ဘုရားထံ အပ်နှံပါတယ်ဘုရား"

"အေး…အေး…"

"ပထမဦးဆုံး ဒေးဒရဲဆိပ်ကမ်းမှာ ဆုံပြီးကတည်းက ဆရာတော်ဘုရား ကြွမယ် ကြွမယ်ဆိုလို့ ဘုရားတပည့်တော် အတော့်ကိုဝမ်းသာခဲ့ပါတယ်ဘုရား"

"အေး…တပည့်တော်လဲ အကြောင်းဆုံရင် ကြွမယ်လို့ စိတ်ကူးထဲ အမြဲရှိနေခဲ့ပါတယ်"

"ဘုရားတပည့်တော် သိမ်ထဲမှာ နေနေပေမယ့် ဆရာတော်ဘုရား ကြွလာပြီဆိုတာနဲ့ အဓိဋ္ဌာန်အရ ထွက်မဖြစ်လို့ မလာနိုင်ပေမယ့် ဆရာတော်ဘုရား ဟောကြားတော်မူတဲ့ တရားကို အာရုံပြုပြီး သာဓုအနုမောဒနာ ပြုပါတယ်ဘုရား"

"ဘယ်သိမ်မှာ အဓိဋ္ဌာန်ဝင်တာလဲ?"

"ဘားအံမြို့ ဓမ္မပီယကျောင်းက သိမ်မှာပါဘုရား"

"အဲဒီသိမ်မှာ အဓိဋ္ဌာန်ဝင်တာက"

"ဘားအံမှာပဲ ပစ္စည်းကစုံတာကိုးဘုရား၊ ဘုရား ကပည့်တော် ဘားအံမှာနေမှသာလျှင် ဒီလမ်းအတွက် အထောက်အပံ့ပေးနိုင်မှာမို့ပါ ဘုရား"

"ဒါဆိုတော့လဲ ဟုတ်တာပေါ့"

"မှန်ပါဘုရား၊ ဘားအံက လုပ်လာမှသာလျှင် လမ်းက တစ်ဖြည်းဖြည်းချောလာပါမယ်။ လမ်းချောလာ တဲ့အခါကျတော့ အကုန်အကျ သက်သာပါတယ်ဘုရား။ ဒီကနေသွားမယ်ဆိုရင် အသွားအတွက်မှာပဲ တော်တော် အကုန်အကျ များပါတယ်ဘုရား၊ လမ်းပျက်စီးမှာနဲ့ ဆီကုန်မှာနဲ့ ကားပျက်စီးမှာနဲ့ဆိုတော့ ဒါ့ကြောင့် ဘားအံ ကနေ တဖြည်းဖြည်းတွန်းပြီး လုပ်လာတဲ့အခါ လမ်း ချောလာတဲ့အခါ ပိုပြီးအဆင်ပြေပါတယ်ဘုရား"

"ဟုတ်တယ်၊ လမ်းက တော်တော်လေး ချောလာ တယ်၊ တပည့်တော်တို့ လာတာ ပထမအခေါက်၊ ဒုတိယအခေါက်နဲ့ ဒီအခေါက်မတူဘူး၊ နောက်တစ်ခါ လာရင် အားလုံးပြီးလောက်နေပြီထင်တယ်"

"မှန်ပါဘုရား၊ ဒီနှစ်မှာလဲ ပြီးဖို့မှန်းပါတယ်ဘုရား၊ ဒါပေမယ့် ရေကျော်တဲ့နေရာကို ဘုရားတပည့်တော်တို့က နွေမိုးဆောင်း သွားနိုင်အောင် ကြိုးစားနေပါတယ်ဘုရား"

"အေး...အေး...မိုးကာလမှာပါ သွားနိုင်အောင် ပေါ့"

"မိုးတွင်းဆိုရင် ရေက အလွန်များပါတယ်ဘုရား၊ ဒါကို နွေမိုးဆောင်း သွားနိုင်အောင်ဆိုပြီးတော့ အဲဒီနေရာကို ဆရာတော်ဘုရား မြင်ခဲ့မှာပေါ့ဘုရား၊ ဘုရားတပည့်တော်တို့ အဲဒီနေရာကို လူတစ်ရပ်ကျော်မြင့်အောင် ပြန်ဖို့ရမှာပါဘုရား"

"နောက်တစ်ခေါက်လာရင် အကုန်ပြီးပြီဖြစ်မယ်"

"ဆရာတော်ဘုရား ရောက်တဲ့ချိန်မှာ အားလုံး ဆရာတော်ဘုရားရဲ့ ကျောင်းအဖြစ် သတ်မှတ် သီတင်းသုံးတော်မူပါဘုရား၊ ဘုရားတပည့်တော်တို့ကိုလဲ ဆရာတော်ဘုရားရဲ့ သားတပည့်လိုပဲ ဆုံးမဖို့ ထာဝရအပ်နှံပါတယ်ဘုရား"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အရှင်ဘုရား အညာဒေသခရီးရှိရင် စစ်ကိုင်းသီတဂူကိုလဲ လာခဲ့စေချင်ပါတယ်"

"မှန်ပါဘုရား"

"လာမယ်ဆိုရင် တပည့်တော်ကို ကြိုမေးပါ၊ တပည့်တော်က ခရီးသိပ်များတယ်"

"တပည့်တော်လဲ ဆရာတော်ဘုရားလိုပဲ ခရီးက အစီအစဉ်မရှိရင် ရောက်တတ်ပါတယ်ဘုရား၊ အစီအစဉ်ရှိရင် မရောက်ဘူးဘုရား၊ ဆရာတော်ဘုရားလိုပဲ အစီအစဉ်လုပ်ထားလို့ရှိရင် လွဲတတ်ပါတယ်ဘုရား"

"ဟော...ဟုတ်သားပဲ၊ တပည့်တော်လဲ တစ်ချို့ အစီအစဉ်တွေ ဖျက်ဖျက်လိုက်ရတတ်ပါတယ်"

"တပည့်တော်ကျတော့ ပျောက်ကြား သာသနာပြု ပါဘုရား"

"အေး..."

"အသံကြားတာနဲ့ ပျောက်ပါတယ်ဘုရား"

"မပျောက်ဘူး၊ ဒီလူတွေ အရှင်ဘုရားမှီလို့ ရတာ ပါ။ ဒီပြင်လူလုပ်လို့မရဘူး၊ ပျောက်လဲမပျောက်ဘူး၊ ဒီလူတွေ ဆက်လက်ပြီးတော့ ကျန်နေခဲ့မှာပါ"

"ယခု ဘုရားတပည့်တော် ဓမ္မပဒကို မြန်မာ+ကရင် ဘာသာတွဲပြီး ရေးနေတာ ၁၀ တွဲပြီးသွားပါပြီဘုရား"

"ဓမ္မပဒလား"

"မှန်ပါဘုရား။ ဓမ္မပဒကို ဘုရားတပည့်တော် မြန်မာ ဘာသာ၊ ကရင်ဘာသာ ပြန်ပြီးရေးတာပါဘုရား၊ ပဉ္စမတွဲထိတော့ ရိုက်ပြီးပါပြီဘုရား၊ စကောဗုဒ္ဓဘာသာ ကရင်စာဟာ ဘုရားတပည့်တော်တို့ လက်ထက်မှာမှ အသုံးပြုခွင့်ရတာပါဘုရား၊ အများသိကြတာက စကော ခရစ်ယာန် ကရင်စာကိုသာ သိကြပါတယ်၊ တပည့် တော်တို့ စကောဗုဒ္ဓဘာသာ ကရင်စာကတော့ အနှိမ် ခံခဲ့ရတာမို့ သိသူမရှိသလောက်ပါဘုရား"

"ဪ...ဪ၊ ဒီလိုကိုး"

"စကောဗုဒ္ဓဘာသာ ကရင်စာဟာ ၄၅ နှစ်လုံးလုံး မှုပ်ခဲ့ပါတယ်။ ယခု ဘုရားတပည့်တော်တို့က ပြန်လည် ဖော်ထုတ်နေကြတာပါဘုရား၊ သူတို့ရဲ့ နှလုံးသားမှာ ဘုရားတပည့်တော် မြန်မာလိုရော ကရင်လိုပါ ဘာသာ ပြန်ပြီး သူတို့နှလုံးသားထဲမှာ ကိန်းနေဖို့အတွက် စမ္မ စေတီ တည်ထားပေးနေတာပါဘုရား"

"ဘုရားအဆုံးအမ သူတို့နှလုံးသားထဲရောက်ရင် စမ္မစေတီတည်ပြီးသား ဖြစ်တာပါပဲ"

"မှန်ပါဘုရား"

"ဘာသာစကား အခက်အခဲရှိတော့ အရှင်ဘုရား တို့ ဒီတိုင်းရင်းသုံး လူမျိုးသုံး ဘာသာစကားနဲ့ ပြန်ရင် ပိုပြီးခရီးရောက်တာပေါ့"

"မှန်ပါဘုရား၊ ပမာစကားတော့ တန်ဖိုးရှိဘာ မှန်ပါ တယ်ဘုရား၊ သို့သော်လဲ သူတို့မှာ တန်ဖိုးရှိတဲ့ ပမာ စကားကို မသုံးတတ်တဲ့အခါမှာ အလဟဿ ဖြစ်ပါတယ် ဘုရား"

"ဟုတ်တာပေါ့"

"ယခု ဆရာတော်ဘုရား ဟောကြားတဲ့ တရား တော်ကို ဆရာမြိုင်နန်းဆွေက ဆရာတော်ဘုရားရဲ့

အာဘော်အတိုင်း စာပေအဖြစ်တင်ပြီးတော့ ဘုရားတပည့်တော်က ကရင်လိုဘာသာပြန်ပါတယ်ဘုရား၊ နောက်ပြီး အင်္ဂလိပ်လိုလဲ ထုတ်နိုင်ဖို့ ပညာရှင်တွေကို ဉာဏ်ပူဇော်ခပေးပြီး ပြန်စေပါတယ်ဘုရား။ ဆရာတော်ဘုရား ပြည်ပ သာသနာပြု ကြွသွားတဲ့အခါ ဓမ္မဒါနအဖြစ် လှူဒါန်းဖို့အတွက်ကိုလဲ ရည်ရွယ်ပါတယ်ဘုရား။ ဆရာတော်ဘုရား ကြွတော်မူလာတဲ့အတွက် ဘုရားတပည့်တော်တို့လဲ ဒီနည်းနဲ့ ပြည်ပနဲ့ ရင်းနှီးမှုရတာပေါ့ဘုရား"

"ဟုတ်တော့ ဟုတ်သားပဲ"

"ဘုရားတပည့်တော်တို့အနေနဲ့ ပြည်ပကိုသွားဖို့ မလွယ်ဘူးဘုရား၊ ဘာသာစကားလဲ မတတ်ကျွမ်းပါဘူးဘုရား"

"ပြည်ပဆိုတာ ဒီကနေ တစ်လှမ်းလောက် လှမ်းလိုက်ရင် ရောက်နေတာပဲ"

ထို့နောက် သီတဂူဆရာတော်ဘုရားကြီးက မိမိ၏လက်မှာ ပတ်ထားသော ပုတီးစိပ်ကိုချွတ်၍-

"ဒါဟာ တပည့်တော် အမြဲတမ်းစိပ်တဲ့ ပုတီးပါ၊ လက်ခံရယူစေချင်ပါတယ်" ဆိုကာ လှမ်းပေးလာသည်။ မြိုင်ကြီးငူဆရာတော်သည် လက်နှစ်ဖက်ဖြင့် ရိုကျိုးစွာ လှမ်းယူရင်း-

"ဆရာတော်ဘုရား၏ မေတ္တာတော်ကို ခံယူပါတယ် ဘုရား။ တပည့်တော်တို့ကို ဆုံးမစရာရှိရင်လဲ ဆုံးမတော် မူပါဘုရား" လျှောက်ထားသည်။

"မြန်မာပြည်အနေနဲ့ ခုနေခါမှာ ဗမာစကားကို တစ်နိုင်ငံလုံး သုံးနေတာဆိုတော့ ဗမာစကားကို အရင် သင်ပေးဖို့လိုမယ်"

"မှန်ပါဘုရား၊ ဗမာစကားကို သူတို့ စိတ်ဝင်စား အောင် ကရင်ဘာသာနဲ့လှည့်ပြီး မသိမသာ သင်ပေး နေပါတယ်ဘုရား၊ အခုဆို တော်တော်လေးကို တတ်နေ ကြပါပြီဘုရား"

"တပည့်တော်ဟောတဲ့ တရားတွေကိုကော သူတို့ တစ်တွေ နားလည်ကြသလား?"

"နားလည်ပါတယ်ဘုရား။ ဆရာတော်ဘုရား ဟော ကြားတဲ့တရားကို တပည့်တော်က တိုက်ရိုက် ကရင် ဘာသာပြန်ပါတယ်ဘုရား။ ဆရာတော် ဟောကြားလိုက် တဲ့ တရားတစ်ပုဒ်ဟာ မြန်မာ၊ ကရင်၊ အင်္ဂလိပ်ဆိုပြီး စာအုပ် သုံးမျိုးထွက်ပါတယ်ဘုရား၊ မြို့ကြီးငွေမှာ ဆရာ တော်ဘုရား လာရောက်ချီးမြှင့်တိုင်း ဟောကြားလိုက် တဲ့ တရားတော်ဟာ တရားကက်ဆက်ခွေအပြင် ဓမ္မဒါန စာအုပ်အဖြစ် အမြဲတမ်း အမှတ်ထင်ထင် ကျန်ရစ်ခဲ့ပါ တယ်ဘုရား"

"အေး...အေး...၊ ကောင်းတယ်၊ ကောင်းတယ်"

"သမိုင်းမှတ်တိုင်အနေနဲ့ပြောရရင် ဆရာတော်ဘုရား မြိုင်ကြီးငူသို့ ဓမ္မခရီးအဖြစ် ဘယ်နှခါ ရောက်သလဲဆိုတာ ဒီဓမ္မဒါန စာအုပ်ကလေးတွေက သမိုင်းသက်သေ ထူနေပါ့မယ်ဘုရား။ ဘုရားတပည့်တော်တို့အနေနဲ့လဲ ဆရာတော်ဘုရား ဟောကြားတော်မူတဲ့ တရားများကို အားလုံးသောအများပြည်သူတွေ ဖတ်ရှုနိုင်အောင် ရည်ရွယ်လျက် စေတနာထားပြီး စာအုပ်သန့်သန့်လေးနဲ့ ဖတ်ချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ထားပါတယ်ဘုရား"

"ခုညဟောမယ့် တရားကိုကော စာအုပ်ဖြစ်အောင် လုပ်ဦးမလို့လား?"

"မှန်ပါ၊ လုပ်ပါ့မယ်ဘုရား"

"ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးလုပ်တဲ့နေရာမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်ရေး အသိဉာဏ်နဲ့ အကျင့်စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေး ဒီနှစ်ခုကို ဟန်ချက်ညီအောင် စိတ်ဓာတ်တွေကို လေ့ကျင့်ပေးရမယ်"

"မှန်ပါဘုရား"

"ရုပ်ဝတ္ထုနဲ့ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မညီမျှဘူးဆိုရင် အလကားပဲ၊ အင်္ဂလန်၊ အမေရိကန် တိုင်းပြည်ကြီးတွေမှာ စားဝတ်နေရေးဆိုတဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေ တိုးတက်လာသလောက် နာမ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေဟာ တဖြည်းဖြည်းဆုတ်ယုတ်ပြီး ဆင်းရဲဆင်းရဲ သွားတယ်"

"မှန်ပါဘုရား"

"သူတို့မှာ ရုပ်ပိုင်းဆိုင်ရာတော့ ချမ်းသာချင် ချမ်းသာမယ်၊ စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုမှာ တပည့်တော်တို့ တိုင်းပြည်ဟာ သူတို့ထက်သာတယ်။ အဲဒီတော့ သာသနာပြုလုပ်ငန်း လုပ်နေကဲ့ အရှင်ဘုရားအနေနဲ့လဲ ဒီနှစ်ခုကို ဟန်ချက်ညီအောင် ဆောင်ရွက်ပါလို့ ပြောချင်ပါတယ်"

"မှန်ပါဘုရား၊ ဆရာတော်ဘုရားရဲ့ လုပ်ဆောင်ချက်ကို ဘုရားတပည့်တော် စံနမူနာယူပြီး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပါ့မယ်ဘုရား"

"အေး...အေး"

"အမျိုးဘာသာ သာသနာနဲ့ ပတ်သက်ပြီးတော့ စိတ်ပိုင်းဆိုင်ရာကို ပြုပြင်ပြီး ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုလဲ ဘုရားတပည့်တော် ကြိုးစားပါ့မယ်ဘုရား"

"အေး"

"ရုပ်ပိုင်းဆိုင်ရာက ဘယ်လိုပဲ တိုးတက်တိုးတက် စိတ်ပိုင်းက ညံ့ဖျင်းနေမယ်ဆိုရင် မကောင်းပါဘူးဘုရား"

"ဒါကြောင့် ဟန်ချက်ညီစေပါလို့ တပည့်တော် ပြောတာပါ"

"လျှောက်ထားပါရစေဘုရား"

"အေး...ဆို"

"ဒီမှာရှိတဲ့ ဒေသခံပုဂ္ဂိုလ်တွေဟာ ရုပ်ပိုင်းဆိုင်ရာ တွေမှာ မျက်မြင်အနေအထားက ညစ်နွမ်းသလိုရှိပေမယ့် စိတ်ဓာတ်ပိုင်းမှာတော့ ပကတိ ဖြူစင်ပါတယ် ဘုရား"

"ဒါက ပကတိ ရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ ဖြစ်စဉ်သဘာဝတစ်ရပ်ပါ"

"မှန်ပါဘုရား။ သိပ်ရိုးတဲ့အခါကျတော့ ဆရာတော် ဘုရားတို့ ကြွရောက်တော်မူလာတဲ့အခါမှာ ဝတ္တုရား များလဲ ပျက်ကွက်တတ်ပါတယ်ဘုရား၊ အဲဒါကို ဆရာ တော်ဘုရားတို့က သည်းခံခွင့်လွှတ်တော်မူပါဘုရား"

"ဒီဘက်က တိုင်းရင်းသားတွေက ရိုးသားပေမယ့် စေတနာက တကယ်ကောင်းကြတာပဲနော်"

"မှန်ပါဘုရား၊ ဆရာတော်ဘုရား ကြွလာမယ်ဆိုလို့ သူတို့တစ်တွေ နေ့လယ် ၁၂ နာရီလောက်ကတည်းက စောင့်နေကြပါတယ်ဘုရား"

"အေး...အဲဒါကြောင့်ဖြစ်မယ်၊ သူတို့တစ်တွေ တပည့်တော်ကို ဖျန်းတဲ့ ရေတွေဟာ နွေးနေတာပဲ"

"သူတို့ ၁၂ နာရီလောက်ကတည်းက စောင့်နေခဲ့ကြတာပါဘုရား"

"တန်ခူးမရောက်သေးဘူး၊ မြိုင်ကြီးငူမှာ ပြာသိုလကြီး သင်္ကြန်လာကျနေတယ်။ တပည့်တော်ကားနဲ့အလာ ကားတံခါးဖွင့်ထားပေးတော့ သပြေခက်နဲ့ နံ့သာရေတွေ ဖျန်းပက်ကြတယ်။ သက်န်းတွေရော ကိုယ်တွေရော ခေါင်းတွေရော ရွှဲကုန်တယ်။ နောက်ကျတော့ တပည့်တော် လက်တစ်ဖက်ထုတ်ထားပြီး 'ကိုင်း...လက်ကိုပဲ ပက်ကြပါကွာ၊ လူတော့မပက်ကြပါနဲ့' ဆိုရတယ်။ လက်တစ်ဖက်တော့ အအေးမိသွားမလားဘဲ"

"မှန်ပါဘုရား"

"နောက်ကျတော့ ပက်ဖျန်းလာတဲ့ ရေက နွေးနွေးကြီးဖြစ်နေတယ်၊ 'ဟော့–မင်းတို့ရေတွေ နွေးနေတယ်ကွ' လို့ နံ့သာရည်တွေပေါ့"

"မှန်ပါဘုရား"

"ဘယ်လိုလုပ်ပြီး နွေးနေရတာလဲမေးတော့- 'တပည့်တော်တို့ စောင့်နေတာကြာပြီ နေ့လယ်ကတည်း ကပါဘုရား'တဲ့။ ဒါကိုကြည့်ရင် ဒီတိုင်းရင်းသားတွေမှာ သဒ္ဓါတရားတွေ အများကြီးပဲ၊ အဲဒါလေးကို အမိအရ ယူပြီး Balance လုပ်ပေးလိုက်ရင် မြို့ကြီးငှုဒေသဟာ တကယ့်ကို တိုးတက်လာမယ်"

"ဆရာတော်ဘုရား တစ်ကြိမ်ရောက်ရင် တစ်ကြိမ် ဆိုသလို သိသိသာသာ တိုးတက်ပါတယ်ဘုရား။ ဆရာ တော်ဘုရား ပြန်ကြွသွားပြီးနောက်မှာ ဆရာတော်ဘုရား ရဲ့ ဆိုဆုံးမဩဝါဒကို အခြေခံပြီးတော့ ကြိုးစားလိုက်နာ ကျင့်သုံးကြပါတယ်ဘုရား"

ထို့နောက် သီတဂူဆရာတော်ဘုရားကြီးသည် ကော့ကရိတ်မြို့နယ်ရှိ ဖားကျကျေးရွာနှင့်စပ်၍ တစ်ချိန် က စာသင်ဘက်ဖြစ်ခဲ့ဖူးသူ ဖားကျကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးစန္ဒောဘာသ (ပျံလွန်ပြီး) နှင့် ပတ်သက်သော စာသင်သားဘဝ ရဟန်းငယ်အဖြစ် ၂-ဝါရှိစဉ်ကာလက ရင်းနှီးကျွမ်းဝင်စွာ ပညာသင်ကြား ဆည်းပူးခဲ့ပုံကို ရေးဖြစ်ဟောင်း အောက်မေ့ဖွယ်အဖြစ် ပြောပြသည်။

ညနေ ၅း၀၀ နာရီ

သီတဂူဆရာတော်ဘုရားကြီးအား ရှိသေစွာ ဦးချ ညွတ်တွား၍ မြိုင်ကြီးငူဆရာတော်သည် မိမိအဓိဋ္ဌာန် စခန်းရှိရာ ဘားအံသို့ ပြန်လည်ကြွသွားလေသည်။ မြိုင်ကြီးငူဆရာတော် ကြွသွားတော်မူပြီးနောက် သီတဂူ ဆရာတော်ဘုရားကြီးသည် လိုက်ပါလာသော မိမိ၏ ကပ္ပိယကာရကများနှင့်အတူ ဘေသဇ္ဇမုနိ ကြေးသွန်း ရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်သည်။ ၎င်းနောက် ဝင်လုလုနေရောင်အောက်မှာ တသွင်သွင်စီးဆင်းနေသော သံလွင်မြစ်ရှုခင်းကို ကြည့်ရှုလေသည်။

အနောက်ဘက်ဆီမှာ ဝင်လုလုနေမင်းက မှိုင်းပြာရီ မှောင်သော မီးဖိုင်းတောင်တန်းကို မေးတင်ကာ တစ်နေ့ တာ တာဝန်ပြီးဆုံးကြောင်း ပြသနေသည်။ ဝင်တော့ မည့် နေမင်းဆီမှ ဖြိုးဖျသောရွှေရောင်များက လောက ကစ်ခွင်ကို အလှဆုံးဖြစ်အောင် အလှဆင်ပေးနေသည်။ ဆောင်းလေပြည်အဆော့ဝယ် နော့၍ နော့၍ လှုပ်ရှား နေသော မြစ်သံလွင်မှ လှိုင်းကြက်ခွပ်ကလေးများသည် ရွှေရောင်တောက်ကာ လွန့်လူးနေကြသည်။

ကနေ့ည သီတဂူဆရာတော်ဘုရားကြီး၏ ဟော ကြားတော်မူသော တရားတော်ကို တတိယအကြိမ်

မြောက် နာယူရဦးမှာမို့ ပျော်ရွှင်ကြည်နူး လွန်လူးလှုပ်ရှား နေလေရော့သလား?

သို့တည်းမဟုတ် မိမိတို့အား ကုန်းကမူဘက်မှ ရှုမျှော်ကြည့်ရှုတော်မူသော သီတဂူဆရာတော်ဘုရားကြီး ၏ ခြေတော်အစုံကို ခိုလှုံညွှတ်ငိုက် ဦးဖြင့်တိုက်နေရော့ သလား?ဟု တွေးထင်ဖွယ်ပင် ဖြစ်ပေတော့သည်။

# မြိုင်ကြီးငူမှာသာသောလ

၂၅-၁-၂၀၀၂ ည ၇း၀၀ နာရီ။

ယခင်နှစ်တွေတုန်းက သီတဂူဆရာတော်၏ တရားပွဲကို မြတ်ပန်းဝတ်မှုန် ခန်းမဆောင်ကြီးမှာ ကျင်းပခဲ့သည်။ ယခုနှစ်မှာ သံလွင်မြစ်ကမ်းဘေး ကုန်းအငူမှာ သီတင်းသုံးစံနေတော်မူသည့် ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ်၏ ဂန္ဓကုဋိတိုက်တော် မြောက်ဘက်မုခ်ရင်ပြင်မှာ ကျင်းပရန် ပြင်ဆင်ထားသည်။ မြတ်ပန်းဝတ်မှုန် ခန်းမဆောင်ထက် ၅-ဆမျှ ကျယ်ပြန့်သည်။ မြောက်ဘက်မုခ်ဦးရှေ့မှာ ခမ်းနားသပ်ယပ်သော တရားဟောအဆောင်ငယ်ကို ယာယီပြုလုပ်ထားသည်။ မျက်စိပသာဒဖြစ်စဖွယ် အဆန်းတကြယ် မွမ်းမံထားသည်။ အဆောင်ငယ်၏ ဝဲယာနှစ်ဖက်မှာ ဓမ္မစကြာအဖွဲ့သူ

များကို အုပ်စု ၂-စုခွဲ၍ နေရာချထားသည်။ ကျယ်ပြန့်သော ရင်ပြင်တော်တစ်ခုလုံး တရားနာယူကြမည့် ပြည်တော်ဝင် ဒေသခံတိုင်းရင်းသားများဖြင့် ပြည့်နေသည်။

ထိုအချိန့်တွင် သီတဂူဆရာတော်ဘုရားကြီးသည် ယာယီစံကျောင်းတော်မှာ သီတင်းသုံးတော်မူလျက်ရှိသည်။ အချိန်ကျရောက်ပြီမို့ တရားပွဲ အစီအစဉ်ကို စတင်ကျင်းပသည်။ ရှေးဦးစွာ စံကျောင်းတော်အတွင်း သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်ဘုရားကြီးအား ရည်မှန်း၍ ဓမ္မစကြာအဖွဲ့သူများက အုပ်စု၂-ခုခွဲကာ အောက်ပါအတိုင်း တစ်ကျော့စီ သီဆိုပူဇော်ကြသည်။

## သီတဂူဆရာတော်ဘုရားကြီးအား ပြည်တော်ဝင်များ၏ သုံးကြိမ်မြောက်ကန်တော့ပန်း ဓမ္မဂီတိကာဗျာများ

ပ-၁။

သီတဂူမြစန်း၊ ပက်ဖျန်းနှံ့စင်၊ လူ့ရွာခွင်၊
ရောင်ဝါရွှန်းလက်၊ ဖြန့်ကြက်ရောင်စဉ်၊ ရွှန်းဖြာလွင်၊
ကြာကမုဒ်ပန်း၊ တင့်ဆန်းငုံလျှင်၊ ပွင့်လာအင်၊
ပွင့်ပုံထူး၊ ရှိဖူးသည်သို့သွင်၊ ပမာတင်။

၃-၁။

သီတဂူဆရာမြွတ်၊ မြန်းလတ်ဒေသစာ၊ ကြွချီလာ၊
ပြည်တော်ဝင်များ၊ သည်းကြားရင်မှာ၊ ကိန်းနေတာ၊
သဒ္ဒါကြိုင်လျှမ်း၊ တင့်ဆန်းငုံလွှာ၊ ဖူးပွင့်လာ၊
လက်စုံမိုး၊ ရှိခိုးဝန္ဒနာ၊ စုံညီညာ။

ပ-၂။

သီတဂူမြစန်း၊ ပက်ဖျန်းနှံ့စင်၊ လူ့ရွာခွင်၊
ရောင်ဝါရွှန်းလက်၊ ဖြန့်ကြက်ရောင်စဉ်၊ ရွှန်းဖြာလွင်၊
စန္ဒြကန္တ၊ မြကျောက်သည်လျှင်၊ စိမ့်ယိုအင်၊
စမ်းရေအေး၊ ကြည်အေးကျသို့သွင်၊ ပမာတင်။

၃-၂။

သီတဂူဆရာမြွတ်၊ မြန်းလတ်ဒေသစာ၊ ကြွချီလာ၊
ပြည်တော်ဝင်များ၊ သည်းကြားရင်မှာ၊ စိမ့်ယိုလာ၊
သဒ္ဒါစိမ့်စမ်း၊ ဖိတ်လျှမ်းကြည်သာ၊ စီးသွယ်ဖြာ၊
လက်စုံမိုး၊ ရှိခိုးဝန္ဒနာ၊ စုံညီညာ။

ပ-၃။

သီတဂူလဝန်း၊ တင့်ရွှန်းနှံ့စင်၊ အဇ္ဈောခွင်၊
မသာသော်လဲ၊ တ,မြဲအစဉ်၊ လူ့ရွာတွင်၊
သာပါစေကြောင်း၊ ကြယ်ပေါင်းစုံလင်၊ မြင်ပါချင်၊
ဆန္ဒများ၊ ရှိငြားလေသည်ပင်၊ ပမာတင်။

၃–၃။

သီတဂူဆရာမြတ်၊ ကြွလတ်မလာ၊ ရှိသောခါ၊
ပြည်တော်ဝင်များ၊ ဝမ်းပါးနည်းရှာ၊ မျှော်၍သာ၊
မကြာလာနိုး၊ ရောက်နိုးခုခါ၊ ရည်မျှော်ကာ၊
လက်စုံမိုး၊ ရှိခိုးဝန္ဒနာ၊ ရမ်းရော်ကာ။

၁–၄။

သီတဂူလဝန်း၊ တင့်ရွှန်းနှံ့စင်၊ အဇ္ဈာခွင်၊
သာပါသော်လဲ၊ သာမြဲလျက်ပင်၊ သာစေချင်၊
သာပါစေကြောင်း၊ ကြယ်ပေါင်းစုံလင်၊ မြင်ပါချင်၊
ဆန္ဒများ၊ ရှိကြားသည်သို့ပင်၊ ပမာထင်။

၃–၄။

သီတဂူဆရာမြတ်၊ ကြွလတ်ဒေသစာ၊ ခရောက်လာ၊
ပြည်တော်ဝင်များ၊ စိတ်ထားကြည်သာ၊ လန်းရွှင်စွာ၊
ခြေတော်ဦးတိုက်၊ ဖူးခိုက်ညီညာ၊ ညွတ်နှိမ်ခါ၊
လက်စုံမိုး၊ ရှိခိုးဝန္ဒနာ၊ စုံညီညာ။

ပ–၃–သံပြိုင်

မြို့ကြီးငှာ၊ ထူးပြမြို့ရွာ၊ ရပ်ဒေသာ၊
သုံးကြိမ်ခါမြောက်၊ ဆိုက်ရောက်ကြွလာ၊ ခချိန်ခါ၊
လက်စုံမိုး၊ ရှိခိုးဝန္ဒနာ၊ စုံညီညာ။
စက်ဆုံးနိုး၊ ပြည့်ဖြိုးလျှံဝေဖြာ၊ ဆုပန်ထွာ။

ကန်တော့ပန်းဖြင့် သီဆိုပူဇော်အပြီးမှာ တရားချီးမြှင့်တော်မူမည့် ဓမ္မာသန ပလ္လင်တော်ရှိရာသို့ သီတဂူဆရာတော်ဘုရားကြီးသည် ချိန်ကိုက်ညီစွာ ကြွချီတော်မူလာနေသည်။ ထိုအချိန်မှာ ဓမ္မစကြာအဖွဲ့သူ အုပ်စု ၂-ခုစလုံးက အောက်ပါဓမ္မဂီတိ ကဗျာများဖြင့် လှမ်းလင့်ကြိုဆို၍ သံပြိုင်သီဆိုပူဇော်ကြပြန်သည်။

၁။ စစ်ကိုင်းတောင်ရိုး မြူခိုးရီပြာ၊
သီတဂူစန်း ရိပ်လွှမ်းဝေဆာ၊
ကမ္ဘာ့ပုဒ္ဓ တက္ကသီလာ၊
ပါမောက္ခ လှမ်းကြွဤရပ်ရွာ။

၂။ မြတ်စွာဗုဒ္ဓ ထားပသာသနာ၊
တည်တံ့ပြန့်ပွား နောင်လျားရှည်ကြာ၊
ငါးထောင်တည်တံ့ နိုင်ခံ့သေချာ၊
ဆရာဘုရား ကြိုးစားလှည့်လည်ကာ။

၃။ ဓမ္မစည်ကြီး ရိုက်တီးဖို့ရာ၊
ဆန္ဒစိတ်ဇော မမောနိုင်ရှာ၊
ရပ်တကာနယ်လှည့် သွားခဲ့ခါခါ၊
ကမ္ဘာချဉ်း မကြွင်းအောင်လို့သာ။

၄။ ကြီးမားလုံ့လ စံပြနမူနာ၊
သာသနာအကျိုး ပွားတိုးစေရာ၊
ရပ်နားမရှိ သွားလှည့်ပြန်ကာ၊
ဖွဲ့မာန်ပြင်း ထားရင်းမြတ်စေတနာ။

၅။ ဆရာတော်ဘုရား ရှည်လျားသက်တော်၊
ရာပြည့်ကျော်လွှမ်း သက်တမ်းကိုကျော်၊
သာသနာအကျိုး ပွားတိုးစေသော်၊
ပြုနိုင်ကြောင်း ဆုတောင်းပန်ထွာမျှော်။

ချိန်ကိုက်ညီစွာပင် သီတဂူဆရာတော်ဘုရားကြီးလည်း ဓမ္မာသန ပလ္လင်တော်မှာ သီတင်းသုံးရန် ထိုင်တော်မူပြီးသည်နှင့် မရှေးမနှောင်းပင် ဓမ္မဂီတိတေးကဗျာများဖြင့် ကြိုဆိုသီဆို ပူဇော်ခြင်း အစီအစဉ်ပြီးဆုံးသည်။

ထို့နောက် ဓမ္မစကြာအဖွဲ့သူသုံးဦးက တရားတောင်းဓမ္မယာစနကဗျာများကို စကော ဗုဒ္ဓဘာသာ ကရင်ဘာသာဖြင့် အောက်ပါအတိုင်း ရွတ်ဆိုတောင်းဆိုကြသည်။

၁။ ဖယာတရာ ယောဒ်ပါထီသံ
လုံယယ်နိတ်ဒံ ပလ်ထံတ်ကေယ်ဂံယ်
စုနးဆီဘို ဒေဒ်တကံဖံ
ခွေဒ်လံယ်သဒ်သး ထိတ်အှုချဒ်လံယ်

| | | |
|---|---|---|
| ၂။ | ဗုဒ္ဓမျက်စွယ် | ယွယ်ကစသ်ကွဲ |
| | ခမ္မတရာ | ဆီပါအီယ်ပံယ် |
| | ကစသ်ပွဲသ်သေတ်. | လိုတ်ဘတ်၊ လောဒ်ကံ |
| | ဂူသ်ကစသ်ဝီ. | သဒ်စုယ်သိုတ်လံယ်. |
| ၃။ | တရာသိုစံ | လုံယွယ်ဟံပျဒ်. |
| | ပူယ်ဖွဲဒ်တတးသ်. | နေသ်တသ်သူခဒ်. |
| | လိုတ်ဘတ်လောဒ်ကံ | ခါအီယ်နေတ်ယယ်. |
| | သံသီတဂူ | ဟံလံယ်နေလသ်ပွယ် |
| ၄။ | ဘာထံတ်ကေယ်ဝီယ် | တသ်သိုတ်တသ်သံ |
| | ဖဲကမ္ဘးသ်ကွာ | ခါအီယ်နေတ်မံယ် |
| | တရာထီရှီ | သိုစံဖုမံယ် |
| | သံသီတဂူ | ထုံဒ်ဖွာတလတ်လံယ်. |
| ၅။ | သးဆီတကံသ် | လးသ်ခွးအီယ်မံယ် |
| | ဒေဒ်လဲယ်ကပူသ် | ခံကဂလ်သောဒ် |
| | တရာထီမူ | သိုစံဖုမံယ် |
| | သံသီတဂူ | ခါတုယ်လီစူယ်လံယ်. |
| ၆။ | ဒေဒ်သောဒ်နံတ်ယေ | လိုတ်ဘတ်လောဒ်ကံ |
| | ဆးမုသ်လသ်လုံ | တသ်စူယ်ဘတ်ငံယ် |
| | ယေထဒ်ဒေဒ်နံထ် | ပဝဲဖုံမံယ်. |
| | တရာယီဆး | မုသ်လသ်စူယ်လံယ်. |

၇။ ဝိယ်မံတ်သေတ်ဒံ　တသ်သိုတ်တသ်သံ
တရာထီဒှိုတ်.　ဖုညာနေတ်မံယ်
ခါတုယ်ဘတ်လီ　အိုတ်ဘွေတ်ကေငံယ်
ဒေါဒ်ထံတ်နုသ်တိုသ်　နုံတ်နေုကေယ်ဂံယ်.

၈။ သီတဂုသံဒိုတ်　ဓီယ်ဟုသတ်ဖွာ
တရာတပုသ်.　ဒိုလံယ်နေပွယ်
လုံခဒ်ယောလ်ဒိုတ်　ဟံထံတ်ကညဒ်.
တရာထီဘို.　လံယ်နေလသ်ဖွယ်.

၉။ ယွယ်ဒိုတ်တရာ　တပုသ်နေတ်မံယ်
သံသီတဂု　ကဒိုဟုလံယ်
သံတ်သဲတဂေယ်.　တဘျုတ်တသ်ဒေါဒ်
အံတ်တဂေယ်တိုသ်　နံတ်နေကေယ်ဂံယ်.

၁၀။ ယွယ်ဒိုတ်ကစသ်.　တသ်သိုတ်တသ်သံ
ဖံကမှုးသ်ကျာ　ခါအီယ်နေတ်မံယ်
သံသီတဂု　ကတလတ်လံယ်
ဒေါဒ်ထံတ်နသ်တိုသ်.　နံတ်နေကေယ်ဂံယ်.

၁၁။ ကမှုးသ်သေတ်ဓျံ　ခါအီယ်နေတ်မံယ်
တရာထီမှု.　ကဟဲစုယ်လံယ်.
ယှူယှူဖှိုတ်ဖှိုတ်　သုတ်ခုသဒ်ညံ
ကောဒ်ဂယ်ဒဲဒ်သယ်.　ဓုတ်ကောဒ်ကေယ်ဂံယ်.

ဤအစီအစဉ်အပြီးတွင် အချိန်မှာ ည ၇း၁၅ နာရီ ရှိနေပြီ သီတဂူဆရာတော်ဘုရားကြီးသည် ပရိသတ်အား သီလပေးကာ တတိယအကြိမ်မြောက် မြို့ကြီးငှ အထူး ဒေသ၏ ဓမ္မဒေသနာသဘင် ဖွင့်လှစ်တော်မူကာ တရား စည်ကြီးကို ရိုက်တီးဆော်ယွမ်းတော်မူလေသည်။

ဆောင်းဟေမန်၏ မြောက်ပြန်လေညှင်းက ညှင်း ညံ့ညံ့ စီးဆင်းနေသော သံလွင်မြစ်ပြင်ကို ကျော်ဖြတ်၍ ဖြည်းညှင်းစွာ တိုက်ခတ်နေသည်။ ပြည့်လု ပြည့်ခင် ဖြစ်နေသော ပြာသိုလဆန်း ၁၂ ရက် လရောင်က ရင်ပြင်တော်တစ်ခုလုံးကို ဖြန့်ကြက်လွှမ်းခြုံထားသည်။ ဝန်းကျင် လောကဓာတ်တစ်ခွင်လုံး ငွေရောင်ဖျန်းပက် ထားသည့်အလား ရွှန်းလက်တောက်ပ စိုပြည်လျက် ရှိသည့် အေးချမ်းသာယာလှသော ညချမ်းကာလပင် ဖြစ်တော့သည်။ ဤအချိန် ဤအခါတွင် သီတဂူ ဆရာ တော်ဘုရားကြီး၏ ဓမ္မတည်းဟူသော လရောင်က တရားနာနေသူ ပြည်တော်ဝင်များ၏ နှလုံးသားကို ထပ် ဆင့်၍ အေးမြငြိမ်းချမ်းနေစေလေသည်။

ယနေ့ညတွင် စုံနံ့သာမြို့ဆွေမြို့တော် (မြို့ကြီးငှ အထူးဒေသ)မှာ ထူးထူးခြားခြား လနှစ်စင်း ယှဉ်ပြိုင် ထွန်းလင်းနေသည်။ ပကတိ လရောင်ကြောင့် ပြည်တော်

ဝင်များ၏ ကိုယ်ခန္ဓာများ အေးချမ်းကြရသည်။ အပန်း ပြေကြရသည်။ စန်းလသီတဂူ ပမာမှုသော သီတဂူ ဆရာတော်ဘုရားကြီး၏ ဓမ္မလရောင်ကြောင့် ပြည် တော်ဝင်များ၏ နှလုံးသားဝယ် ချမ်းမြေ့ကြည်နူးကြရ သည်။ အနွမ်းပြေကြရသည်။

သည်သောအခါ

လရောင်ဖျန်းပါမှ ပွင့်လန်းတတ်လေ့ရှိသော ကုမုဒြာ ကြာပန်းသို့နှယ် ပြည်တော်ဝင်များ၏ နှလုံးသားမြ ကန်သာအလယ်မှာ ကုမုဒြာ သဒ္ဓါကြာပန်းများ ငွားငွား စွင့်စွင့် ပွင့်လန်းလာလျက်ရှိသည်မှာ ည ၁၀း၁၅ နာရီ တရားပွဲပြီးဆုံးချိန်ထိ တုတ်တုတ်မျှမလှုပ်သော အမှု အရာများက သက်သေခံလျက်ရှိပေတော့သည်။

❖ ❖ ❖

## အချိန်ဒါန်း

## ဘဝချင်းဆုံတွေ့ပါရစေ

x x x တစ်ဦးနှင့်တစ်ဦး ချစ်စေကြောင်း တောင်းဆုပြုမယ်လေ x x x ဘဝ ဘဝတိုင်း အသခ်ျေပုံပမာနှိုင်းပြမယ်လေ x x x မောင်ရေ အာကာနန်းဗွေလျှမ်းပနေ စန်းလသော်တာ မောင်သာဖြစ်ရင်လေ xxx မေအမြဲ မောင့်အနားဆီကမသွေ xxx တစ်ဖဝါးမှ မခွာချင်ပါပေ xxx လေဝယ်ပြေးကစား ငွေကြယ်ကလေးများ ဖြစ်ပါရစေ xxx

xxx အသည်း ကမ္ဘာအသ‌ချေ xx မောင်နဲ့တူတူတွဲ မခွဲချင်ဘူးလေ xx မဟာသမုဒ္ဒရာရေ မောင်ကဖြစ်ရင် မေကလဲ မသွေမဆိုင်း ရေလှိုင်းဖြစ်ချင်ပါပေxx

**သို့မဟုတ် နှင်းဆီပန်းဖူးပွင့်ပမာလေ ဆူးခက်ကလေး တွေများ xxx မေ့အနားက ခစားပါမောင်ရေ xxx ဆုံးတစ်နေ့မလေ xxx ကန္တာရတောတောင်စခန်းမှာ ရေကန်သာမောင်ကဖြစ်ရင်လေ xxx နှစ်ဖြာအသင့် အတင့် ကြာပန်းတစ်ပွင့် ပွင့်ပါရစေလားလေ xxx**

လွန်ခဲ့သော တစ်ခေတ်တစ်ခါက ရုပကအလင်္ကာ မြောက်လှစွာသော ရသမြောက် တေးသီချင်းတစ်ပုဒ် ဖြစ်သည်။ ထိုစဉ်က မြန်မာ့အသံလေလှိုင်းမှတစ်ဆင့် ပျံ့လွင့်ခဲ့သည်၊ အရွယ်ရောက်သူတိုင်း၊ သို့မဟုတ် ချစ်သူ တိုင်း နှုတ်ဖျားမှာ ရေပန်းစား သီဆိုခဲ့ကြသည်။

ချစ်သူဘဝရောက်ပြီဆိုလျှင် ချစ်သူ့သဘာဝအတိုင်း မခွဲနိုင် မခွာရက် ဒီသက်တွင်ဘယ်မက ဘဝအဆက် ဆက် သံသရာဆုံးသည့်တိုင် ဆုံစည်းချင်ပုံကို ပုံပမာ နိုင်းနှိုင်းပြီး တင်စားရေးဖွဲ့ထားသည်။ ဘာတဲ့?

မောင်က လမင်းကြီးဖြစ်လျှင် သူက ငွေကြယ် ကလေးဖြစ်ပါရစေ၊

မောင်က သမုဒ္ဒရာရေဖြစ်လျှင် သူက ရေလှိုင်း ကလေးဖြစ်ပါရစေ၊

သူက နှင်းဆီပန်းဖြစ်လျှင် မောင်က ဆူးခက် ကလေးအဖြစ်နှင့်ဝန်းရံပေးပါ။

မောင်က ရေကန်သာဖြစ်ခဲ့လျှင် သူက ကြာပန်း ကလေးဖြစ်ပါရစေတဲ့။ ပုံပမာတင်စားကာ ရေးဖွဲ့ထား သည်။ အဓိပ္ပာယ် အဖြောင့်ယူသော် ဘဝဆက်တိုင်း ဘယ်ဘဝမျိုးသို့ပဲရောက်ရောက် ချစ်တဲ့သူချင်း ပြန်လည် ဆုံတွေ့ ပါရစေဟူ၍ ဆုတောင်းထားခြင်းဖြစ်သည်။

ဆုတောင်းခြင်းသည် ရည်မှန်းချက် ရည်ရွယ်ချက် ထားခြင်းဖြစ်သည်။ ထိုရည်မှန်းချက် ရည်ရွယ်ချက်သည် ဆုတောင်းရုံနှင့် ပြီးပြည့်စုံလေ့မရှိပါ။ လောကမှာ ပြောကြသည့် စကားတစ်ခွန်းရှိသည်။ "ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး" ဆိုသည့်စကား၊ ဆိုလိုသည်မှာ ဆုတောင်းရုံ သက်သက်နှင့် ဘာမှဖြစ်လာမည်မဟုတ်ပါ။ ထိုဆုတောင်းပြည့်စေနိုင်သော အလုပ်မျိုးကို စနစ်ကျစွာ လုပ်တတ်ဖို့လိုသည်။

"ဘဝချင်းဆုံတွေ့အောင် မည်သည့်အလုပ်မျိုးကို လုပ်ရမည်နည်း? ဟူသော မေးခွန်း၏အဖြေကို သီတဂူ ဆရာတော်ဘုရားကြီးက ဗုဒ္ဓမြတ်စွာ ဟောကြားတော် မူသည့်အတိုင်း နည်းပေးလမ်းညွှန်ကာ ဟောပြတော် မူထားသည်။

ထိုကို "ဘဝချင်းဆုံတွေ့ပါရစေ" တောင်းဆုပြုလို သူတိုင်း "ဘဝချင်းဆုံတွေ့လိုပါလျှင်"ဟူသော အောက်ပါ

တရားတော်ကို အာရုံစေစား စိတ်ဝင်တစားဖြင့် နာကြား ကျင့်ကြံစမ်းပါဘိ ဟူ၍။

## ဘဝချင်းဆုံတွေ့လိုပါလျှင်တရားတော်

၁၃၆၃–ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၅–၁–၂၀၀၂) သောကြာနေ့၊ ည ၇း၁၅နာရီ

**မေတ္တာနိဿာကရော လောကေ၊**

**သမ္မာ ဘာတု သုခံကရော။**

**မေတ္တာသီတလရံသီဟိ၊**

**သုခန္တု ဖုသိတာ ပဇာ။**

လောကေ=သတ္တာလိလိ နိုမ္မိုပေါလတ် လောက ဓာတ် ကမ္ဘာအတွင်း၌။ မေတ္တာနိဿာကရော=မေတ္တာ အေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ သမ္မာ= သတ္တဝါတစ်တွေ အေးမြစေဖို့ အသရေရွှန်းကာ ကောင်း မွန်စွာ။ သုခံကရော=သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာပြုလျက်၊ ဘာတု= ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြ အသရေ ထွန်းပါစေသတည်း။ မေတ္တာသီတလရံသီဟိ=

မေတ္တာဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ မေတ္တာ သီတလရံသိဟိ=မေတ္တာဖွေးလျှပ် အအေးဓာတ် ဆောင်သည့် အရောင်အဝါတို့သည်။ ဖုသိတာ=အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော။ ပဇာ=ကမ္ဘာ့ခေတ်ဗွေ အပြည့်ပြည့်၌ တည်နေများစွာ သတ္တဝါတို့သည်။ သုခန္တု=ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။။

* ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ၊
* (အားလုံးသုံးခေါက်တညီတည်း)
* မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ၊
* မေတ္တာရန်သူ ဒေါသမှု အပူကင်းပါစေ၊
* ခန္တီနှလုံး အစဉ်သုံး ရွှင်ပြုံးကြပါစေ၊
* တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။ ။

## ဘဝချင်းဆုံတွေ့လိုပါလျှင်တရားတော်

ပြာသိုလဆန်း ၁၂ ရက် ညချမ်းကာလ ၇ နာရီ ၁၅ မိနစ်အချိန်ကစပြီးတော့ မြိုင်ကြီးငူ အထူးဒေသမှာ ဆင်ယင်ကျင်းပသော ဓမ္မသဘင်ကို ယခုမေတ္တာအာသီသ မေတ္တာပတ္ထနာနှင့် စတင်ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲသို့ အားခဲရောက်လာကြကုန်သော တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာ ရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပါပြီ။

မြိုင်ကြီးငူအထူးဒေသ ဓမ္မသဘင်ဟာ ဒီအကြိမ် တတိယအကြိမ် ဖြစ်မယ်နော်၊ ဘုန်းကြီးတို့ ယခင်နှစ်ကြိမ် ဟောသွားပြီးတဲ့နောက်ပိုင်းမှာ ကြားထဲ တစ်နှစ်လပ်သွားတယ်၊ ယခုပြန်ပြီးတော့ ရောက်လာတယ်။ ယခင်နှစ်ကြိမ်တုန်းကတော့ ဟိုဓမ္မာရုံကြီးထဲမှာ၊ ဒီတစ်ကြိမ်တော့ သံလွင်မြစ်ကမ်းနဲ့ နီးသွားတယ်။ တစ်မျိုးလဲ ကြည်နူးစရာကောင်းပါတယ်။

ပိုပြီးတော့ ကြည်နူးစရာကောင်းတာက ဒီနေ့နေ့လည်ခင်း ဘုန်းကြီးတို့ ထင်ထင်လင်းလင်း လာရတယ်။ မြိုင်ကြီးငူဆရာတော်ကိုယ်တိုင် မြို့ပေါက်ဝ ဂိတ်ကနေ စောင့်ပြီးတော့ ကြိုနေတာ။ အဲဒါ ယခင်နှစ်တွေကထက် ပိုပြီး ကြည်နူးစရာကောင်းသွားတယ်။ တည်းခို

တဲ့ကျောင်းထဲ ရောက်ပြန်တော့လဲ နှုတ်ဆက်စကား၊ ဝမ်းသာစကား ပြောနေတဲ့အချိန်မှာ–

"ဆရာတော်ဘုရား မြိုင်ကြီးငူကိုရောက်လာတာ တပည့်တော်တို့တော့ ဖခင်တစ်ယောက်၊ အစ်ကိုကြီး တစ်ယောက် ရောက်လာသလိုပဲ၊ ဒီလို တပည့်တော်တို့ စိတ်ထဲမှာ ခံစားရပါတယ်"လို့လျှောက်တယ်။

ဘုန်းကြီးကလဲ ဘာနဲ့တူသလဲဆိုတော့ မြတ်စွာဘုရားသခင် သံဃာတော်အပါး ငါးရာနဲ့ 'သံသုမာဂီရိ' ဆိုတဲ့မြို့ကို ရောက်သွားတုန်းက အားလုံးမှတ်သားကြစေလိုပါတယ်။ အားလုံးပြောကြစမ်းပါ၊ ဘာမြို့လဲ"

(သံသုမာဂီရိမြို့ပါဘုရား)

အဲဒီ သံသုမာဂီရိမြို့ဟာ ကာသိတိုင်း ဗာရာဏသီမြို့ရဲ့ တောင်ဘက် အစွန်အဖျားကျတဲ့ အရပ်မှာရှိတယ်။ တောင်တန်းတွေနဲ့ ဟောဒီမြိုင်ကြီးငူ အနီးအနားက တောင်တန်းကြီးတွေလို ဟိုမှာလဲရှိတယ်။ မြိုင်ကြီးငူကို ဘုန်းကြီးရောက်လာတော့ တောင်တန်းကြီးတွေကို ကြည့်လိုက်တာ လူကြီးတစ်ယောက် ပက်လက်လှန် အိပ်နေသလားလို့ထင်ရတယ်။ သူတို့ဆီက တောင်တန်းကြီးတွေကလဲ လူတွေ ပက်လက်လှန် လဲလျောင်းပြီး အိပ်နေပုံပေါ်တယ်။ တရားပွဲလာကြတဲ့ သူတော်စင်

တွေလဲ အဲဒီ တောင်ကြီးတွေလို အိပ်မသွားကြနဲ့နော်”

(ရယ်သံများ)

ပရိသတ်က အိပ်ချင်တယ်ဆိုရင် သတင်းသာပို့လိုက်၊ ဘုန်းကြီးက အရင်အိပ်မှာ၊ ဘုန်းကြီးက တော်တော့်ကို အိပ်ချင်နေတာ၊ တစ်နေ့ကို နှစ်ကြိမ်, သုံးကြိမ်ဟောရတော့ ဘုန်းကြီးတို့က ခုတော်တော့်ကို အိပ်ချင်နေတာ။ အဲ–တောင်တွေဝိုင်းနေတဲ့ မြစ်ကမ်းရောက်တော့လဲပဲ အိပ်ချင်စိတ်က တော်တော်ပျောက်သွားပါတယ်။ ‘သံသုမာဂိရိမြို့’တဲ့၊ မြို့နာမည်မေ့မှာစိုးလို့ ဘာမြို့ပါလဲ?

(သံသုမာဂိရိမြို့ပါဘုရား)

သံသုမာဆိုတာက မိကျောင်းလို့ အဓိပ္ပာယ်ရတယ်၊ ဂိရိဆိုတာက တောင်တဲ့။ အဲဒီမှာ တစ်ခုရှိတယ်။ အဲဒီတောင်တန်းဟာ ဘာနဲ့တူသလဲဆိုတော့ မိကျောင်းကြီးစင်းစင်းကြီး တန်းနေသလိုပဲ၊ မိကျောင်းနဲ့တူတဲ့ တောင်တန်းကို ဘာလို့ခေါ်သလဲ? သံသုမာဂိရိတောင်၊ အဲဒီတောင်ခြေက မြို့ဟာ သံသုမာဂိရိမြို့တဲ့။ ပိုပြီး ထူးဆန်းတာက အဲဒီမြို့တည်တုန်းက မိကျောင်းအော်တဲ့ အသံကို ကြားလိုက်ရတယ်တဲ့။ မိကျောင်းအော်သံကြားရလို့

လဲ သံသုမာဂီရိလို့ခေါ်တယ်။ ဂီရိကို အဝိပ္ပာယ်တစ်မျိုး ပြောရင် အော်တဲ့ မြည်တဲ့အသံကို ဂီရိလို့ခေါ်တယ်။ မိကျောင်းအော်သံကြားသောမြို့တဲ့။

မြတ်စွာဘုရားသခင် အဲဒီမြို့ကို ရောက်သွား¹တယ်၊ မြို့ထဲဆွမ်းခံဝင်သွားတော့ အသက် (၇၀)ကျော် အဖိုးကြီး အဖွားကြီးနှစ်ယောက်က မြတ်စွာဘုရားရဲ့ မျက်နှာတော်ကို မော့ကြည့်ပြီးတော့ "ဟယ်...တို့သားကြီးပဲ"တဲ့။ ပုဏ္ဏားလင်မယားက ဘာပြောလဲ?၊ "ဟယ်...တို့သားတော်ကြီးပဲ"တဲ့။

ဘုရားရှင်ရဲ့ အဖေနဲ့အမေဟာ သုဒ္ဓေါဒနမင်းကြီးနဲ့ မဟာမာယာဒေဝီဆိုတဲ့ မင်းသား မင်းသမီးနော်။ မင်းမိဖုရားနှစ်ပါး၊ ဘုရားအဖေအမေဟာ ပုဏ္ဏားမဟုတ်ဘူး။ ဒါပေမယ့် အဲဒီရွာရောက်သွားတော့ ပုဏ္ဏားလင်မယား အဖိုးအဖွားကြီး နှစ်ယောက်က-

"သားတော်ကြီး အိမ်ပေါ်ကြွကြွ ကြွမလာတာကြာပြီပဲ"ဆိုပြီးတော့ ဘုရားရှင်နဲ့ သံဃာတော်တွေကို သူတို့အိမ်ကိုခေါ်သွားတယ်၊ ဘုရားကမငြင်းဘူးဗျ၊ လိုက်သွားတယ်၊ အိမ်ပေါ်ရောက်တော့ ဘုရားရှင်နဲ့သံဃာတော်တွေကို ဆွမ်းပြင်ကပ်တယ်။ ဆွမ်းကပ်လို့ပြီးတော့-

---

၁။ အံ-၁ နှာ-၃၅၂။ ပထမသမဇိဝိသုတ္တ။

"သားတော်ကြီး၊ မလာတာကြာလှပြီ၊ ဒီတစ်ခါက် လာတဲ့အခိုက် တရားလေးတစ်ပုဒ်တော့ ဟောစမ်းပါဦး" ဆိုပြီး တရားတောင်းတယ်။ အဖိုးကြီး၊ အဖွားကြီး နှစ်ယောက်သားဟာ အသက်(၇၀)ကျော်နေ်၊ ဒါပေမယ့် သူတို့တောင်းတဲ့ တရားက သူတို့အတွက် တစ်မျိုးကြီးပဲ၊ ဘာလဲဆိုတော့–

"တပည့်တော်တို့ အခုလူ့ဘဝမှာ အသက်(၇၀) ကျော်ကြပြီဘုရား"တဲ့။

အဖိုးကြီး အဖွားကြီးရော အသက်(၇၀)ကျော်နေပြီ၊ ခု–ဘုန်းကြီးတို့ရဲ့ တရားပွဲထဲမလဲ အသက်(၇၀)ကျော် အဘိုးကြီး၊ အဖွားကြီးတွေလဲ လာကြမှာပါ၊ ပါကြတယ် မဟုတ်လား?

(ပါကြပါတယ်ဘုရား)

အိမ်ပြန်ရောက်ရင် ကိုယ့်မျက်နှာကို မှန်ထဲ ပြန်ကြည့်ကြ၊ ဘယ်လိုများ ဖြစ်နေသလဲ?လို့။ ဘူးသီးနေလှန်းထားသလို ဖြစ်နေမယ်ထင်တယ်နော်။ ဘူးသီးနေလှန်းထားသလိုပဲ့ဆိုတာ အဖိုးကြီးတွေ အဖွားကြီးတွေ ကိုယ့်မျက်နှာ ဘယ်လိုဖြစ်နေသလဲဆိုတာ သိရောပေါ့၊ ခေါင်းက ဆံပင်ကြည့်လိုက်ပြန်တော့လဲ ပြောင်းဖူးမွေးကို ခေါင်းပေါ်တင်ထားသလိုပဲတဲ့။ အဲဒီလို ဖြစ်နေ

တယ်။ ထိုအဖိုးအဖွားနှစ်ယောက်က ဘုရားကိုယ်တော်မြတ်ကို လျှောက်ထားတယ်။

"တပည့်တော်တို့အခု (ရ၀)ကျော်၊ (၈၀)နားကပ်ကုန်ပြီဘုရား၊ သားတော်ကြီးက တပည့်တော်တို့ကို တရားကောင်းကောင်းလေး တစ်ပုဒ်တော့ ဟောခဲ့ပေးစမ်းပါ၊ ဘယ်လိုတရားမျိုးလဲဆိုတော့ တပည့်တော်တို့ တစ်ဆယ့်ခြောက်နှစ်အရွယ်ကစပြီးတော့ ပေါင်းသင်းဆက်ဆံလာတာ ခု(ရ၀)ကျော်ခဲ့ပြီ၊ ချစ်တုန်းပဲဘုရား။ တစ်ဆယ့်ခြောက်နှစ်အရွယ်က ချစ်တာထက်ပိုပြီးတော့ ချစ်တယ်" တဲ့။ အဲ–ဒါက ပိုထူးလာတယ်။

မြို့ကြီးငူက အဖိုးကြီးတွေ အဖွားကြီးတွေကို ဘာမှမပြောလိုပါဘူး၊ တိုက်ဆိုင်သွားလဲ မတတ်နိုင်ဘူး။

"အိုလေ...အိုလေ...ချစ်လေပဲဘုရား ကလေးတွေချစ်တယ်ဆိုတာက ကောက်ရိုးမီးလိုပဲ ဟုန်းဟုန်းနဲ့တော်ကြာ ငြိမ်း–ငြိမ်းသွားတယ်ဘုရား။ တပည့်တော်တို့ အဖိုးကြီး အဖွားကြီးတွေ ချစ်တာကျတော့ ဖွဲမီးလိုပဲ တစ်ငွေ့ငွေ့ချစ်တာ" တဲ့။ အဲဒီလို လျှောက်ထားပုံက ရင်းနှီးတဲ့ အဓိပ္ပာယ် မပေါ်ပေဘူးလား?

(ပေါ်ပါတယ်ဘုရား)

"အေး...ဗုဒ္ဓဝလ္လဘ-မြတ်စွာဘုရားနဲ့ ရင်းနှီးတဲ့ စကား၊ အဖေအမေက ကိုယ့်သားကို တရင်းတနှီး ပြောတဲ့အတိုင်း သူတို့နှစ်ယောက် ပြောနေကြတာ။

"တပည့်တော်တို့ (၈၀)ကျော် (၉၀) (၁၀၀)နေချင်လဲ နေရမယ်၊ မနေချင်လဲ သေရမယ်။ အဲဒီတော့ နေရ သမျှပဲ ချစ်ချစ်ခင်ခင်၊ သေတော့လဲပဲ တပည့်တော်တို့ နှစ်ယောက် မခွဲချင်ဘူးဘုရား"

ဒုက္ခပါပဲ၊ သေတော့လဲ မခွဲချင်သေးဘူးတဲ့။

(ရယ်သံများ)

ဘုန်းကြီးတို့ အမျိုးသားကောင်းတွေ၊ အမျိုးသမီး ကောင်းတွေ ဆုတောင်းတဲ့အခါမှာ တစ်ချို့ဆုတောင်း တာ ကြားတယ်၊ ဘုရားတွေ ဘာတွေရှိခိုးတဲ့အခါမှာ သူတို့ဆုတောင်းတာကို နောက်က တိုးတိုးတိတ်တိတ် ချောင်းပြီးနားထောင်ကြည့်ဖူးတယ်။ ဒီနေ့ ဘုန်းကြီး မြိုင်ကြီးငူက ဟောဒီ ဘေသဇ္ဇမုနိ မြတ်စွာဘုရားရှေ့မှာ ရှိခိုးတဲ့အခါ ဘုန်းကြီးကရှေ့ဆုံးကဖြစ်နေတော့ နောက်က လူတွေ ဆုတောင်းတာ မကြားလိုက်ရဘူး။ ရွှေတိဂုံတို့ မဟာမြတ်မုနိတို့ ဗန်ကောက်က မြဘုရားတို့မှာဆိုရင် သူတို့က ရှေ့မှာရှိခိုးနေတယ်။ ဘုန်းကြီးက နောက်ကနေ ဝင်လာတော့ သူတို့ဆုတောင်းတာကို ကြားရတယ်။

"တပည့်တော် တပည့်တော်မတို့ ဟောဒီ နှစ်ယောက်သား ဟောဒီပန်းလှူရသော ကောင်းမှုကြောင့် နေလဲအတူတူ သေလဲအတူတူ ဘဝအဆက်ဆက် အတူတူ တူနှစ်ကိုယ်ရွှေလည့်တွဲပြီးတော့ နိဗ္ဗာန်တံခါးပေါက် ဝင်ရောက်တဲ့အထိ နွဲရပါလို၏"တဲ့၊ အမယ်။

(ရယ်သံများ)

"ငှက်ဖြစ်တဲ့အခါမှာလဲ တစ်ကိုင်းထဲ နားရပါလို၏" ငှက်ဖြစ်တစ်ကိုင်းထဲဆိုတော့ တိရစ္ဆာန်ဘုံ ရောက်သွားတာကို၊ ဒီလိုဖြစ်မသွားဘူးလား?

ဩော်...ငှက်ဖြစ်တစ်ကိုင်းထဲဆိုတော့ ဝက်ဖြစ်ရင် ဘယ်လိုများ ဖြစ်မလဲလို့ ဘုန်းကြီးတို့ ဆက်စဉ်းစားတယ်။ အဲဒီဆုတောင်းက မပါတော့ဘူး။

(ရယ်သံများ)

အဲဒီတော့ မခွဲတမ်း ချစ်ချင်ကြတာတော့ အမှန်ပဲတဲ့။ ဘုန်းကြီးက အဲဒီလို သဘောပေါက်တာပါ။

မြတ်စွာဘုရားကို အဖိုးကြီး အဖွားကြီး နှစ်ယောက် အဲဒါတွေ လျှောက်နေကြတယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ်က ပြောတယ်။

"အေး...မင်းတို့နှစ်ယောက် နိဗ္ဗာန်ရောက်တဲ့အထိ မခွဲချင်ဘူးဆိုရင် လေးချက်ညီညွတ်ရမယ်"တဲ့၊ ဘယ်နှစ်ချက်လဲ"

(လေးချက်ပါဘုရား)

အားလုံးပြော၊ ဘယ်နှချက်လဲ?

(လေးချက်ပါဘုရား)

နံပါတ်(၁)က သဒ္ဓါညီရမယ်၊ ဘာညီရမလဲ?

(သဒ္ဓါညီရပါမယ်ဘုရား)

ယုံကြည်မှုတွေ တစ်ညီတစ်ညွတ်တည်း ဖြစ်ရမယ်၊ တစ်ယောက်က ယုံကြည်မှုတစ်မျိုး၊ နောက်တစ်ယောက်က ယုံကြည်မှုတစ်မျိုး၊ ယုံကြည်မှုသဒ္ဓါမညီမျှရင် အတူတကွ မဖြစ်နိုင်ဘူးတဲ့နော်။

နောက်တစ်ချက်က သီလ ညီရမယ်၊ ဘာညီရမလဲ? ပြော–

(သီလ ညီရပါမယ်ဘုရား)

တစ်ယောက်က ငါးပါးသီလစောင့်၊ တစ်ယောက်က လေးပါးသီလစောင့် အဲဒီလိုတော့ မလုပ်နဲ့တဲ့၊ သူလဲ ငါးပါးသီလဆို ငါလဲ ငါးပါးသီလ ဒီလိုလုပ်ပါ၊ ကိုယ်ကျင့်တရားတွေ ညီပစေ၊ ဘာတွေကို ညှိထားမလဲ? နံပါတ် (၂) ကိုယ်ကျင့်တရားကို ညီအောင် ညှိထားကြ။ အဲဒါ ညီညွတ်တယ်ခေါ်တယ်။

နံပါတ်(၁)က ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားကို ညှိထား၊

နံပါတ်(၂)က သီလဆိုတဲ့ ကိုယ်ကျင့်တရားကို ညီအောင် ညှိထား၊

နံပါတ်(၃)ကျတော့ စာဂကိုညီအောင် ညှိထားတဲ့။ ဘာတဲ့လဲ?

(စာဂပါဘုရား)

စာဂဆိုတာ စွန့်လွှတ်ခြင်း၊ ဘာအဓိပ္ပာယ်လဲ?

(စွန့်လွှတ်ခြင်းပါဘုရား)

စွန့်လွှတ်တယ်ဆိုတာ ခန္ဓာကိုယ်ရဲ့ သက်သာမှု၊ မိမိကိုယ်ရဲ့ သက်သာမှုတွေကို သူတစ်ပါးအတွက် စွန့်လွှတ်နိုင်ရမယ်၊ ဆိုကြပါစို့-

မြို့ကြီးငှအထူးဒေသမှာ လူဦးရေ ဘယ်လောက် ရှိသလဲ? တစ်သိန်းရှိတယ်။ လူဦးရေတစ်သိန်းအတွက် လူတစ်ရာလောက်က အလုပ်လုပ်မယ်ဆိုရင် အဲဒီ လူပေါင်း တစ်ရာဟာ ဟိုတစ်သိန်းအတွက် ကိုယ့်ရဲ့ သက်သာမှုတွေ ချမ်းသာမှုတွေကို စွန့်လွှတ်နိုင်ရမယ်။ သူတစ်ပါးအကျိုးစီးပွားအတွက် ကိုယ့်ရဲ့ သက်သာမှုကို စွန့်လွှတ်နိုင်ရမယ်။

နောက်တစ်ခါ ကိုယ့်ရဲ့ သက်သာမှုကို စွန့်လွှတ်ရုံ မကဘဲနဲ့ ကိုယ့်စီးပွားလုပ်ငန်းလဲ သူတစ်ပါးအတွက် စွန့်လွှတ်နိုင်ရမယ်။ နောက်ဆုံးပြောရရင် ကိုယ့်အသက်

နဲ့ ကိုယ့်ခန္ဓာကိုပင်လျှင် သူတစ်ပါးအကျိုးစီးပွားအတွက် စွန့်လွှတ်နိုင်ရမယ်။ အဲဒီလို စွန့်လွှတ်တာမှန်သမျှကို စာဂလို့ခေါ်ပါတယ်တဲ့။ စွန့်လွှတ်တာတွေကို ဘာခေါ်လဲ''

(စာဂပါဘုရား)

စွန့်လွှတ်ပုံချင်းညီညွတ်ရမယ်၊ အချိန်ကို စွန့်လွှတ်ခြင်း၊ ခန္ဓာကိုယ်ကို စွန့်လွှတ်ခြင်း၊ တိုင်းကျိုးပြည်ကျိုး သူတစ်ပါးအကျိုးကို ဆောင်ရွက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် ကိုယ့်အကျိုးစီးပွားကို စွန့်လွှတ်နိုင်ရမယ်။ အဲဒီလို စွန့်လွှတ်ပုံချင်းတူညီတာကို ဘာခေါ်လဲ? စာဂပါ၊ အားလုံး ပြောကြည့်–

(စာဂပါဘုရား)

"ဘယ်နှခုရပြီလဲ?"

(၃–ခုပါဘုရား)

"သဒ္ဒါရယ်၊ သီလရယ်၊ စာဂရယ် ဘယ်နှခုလဲ?"

(၃–ခုပါဘုရား)

နောက်နံပါတ်(၄)ကျတော့ ပညာ၊ နံပါတ်(၄) ဘာညီရမလဲ?၊ အသိဉာဏ်ညီရမယ်၊ ကိုယ်သိတာနဲ့ သူသိတာ၊ သူသိတာနဲ့ ကိုယ်သိတာ။ ကိုယ်တတ်တာနဲ့ သူတတ်တာ၊ သူတတ်တာနဲ့ ကိုယ်တတ်တာ။ တတ်သိနားလည်တဲ့ ပညာရေးမှာလဲ အကုန်လုံးညီအောင် လုပ်ရမယ်၊

တတ်သိနားလည်မှုတွေ မညီဘူးဆိုရင် တစ်ခါ တစ်ခါ လုပ်ရကိုင်ရတာမှာ အခက်အခဲရှိတယ်။

တစ်ယောက်သိပုံကတစ်မျိုး၊ တစ်ယောက်သိပုံက တစ်မျိုး၊ ဆိုကြပါစို့- တစ်ယောက်သိပုံက မူလတန်း လောက်သိ၊ တစ်ယောက်သိပုံက BA လောက်သိ၊ အဲဒီအသိ ၂-ခုမညီခဲ့ရင် အဲဒီပုဂ္ဂိုလ်တွေ ညှိဖို့ရန် ခက် တယ်။ အဲဒီတော့ ဘာတွေကို ညီအောင်လုပ်ရမလဲ ဆိုရင် နံပါတ်(၄)က အသိပညာ၊ ဘာလဲ? ပြော-

(အသိပညာပါဘုရား)

အသိပညာတွေ ညီပစေတဲ့ဆိုတော့ ဒါပညာရေး ပိုင်းဖြစ်သွားတယ်။ အဲဒီ ၄-ချက်ညီဆို၊ ပြောပြီးသားပါ။ သဒ္ဓါရယ်၊ သီလရယ်၊ စာဂရယ်၊ ပညာရယ်၊ အဖိုးကြီး အဖွားကြီး ၂-ယောက်ကို-

"မင်းတို့လင်မယားနှစ်ယောက် အဲဒီ ၄-ချက် ညီအောင်ညှိ၊ ၄-ချက်ညီဆိုရင် မင်းတို့ လင်မယား နှစ်ယောက် ဒီဘဝလဲအတူတူပဲ။ နောင်ဘဝသံသရာ မှာလဲ အတူတူပဲ၊ နိဗ္ဗာန်ဝင်တော့လဲ အတူတူပဲ"တဲ့။ ဘယ်နှချက်ညီရမှာလဲ?

(၄-ချက်ပါဘုရား)

၄–ချက်မညီဘူးဆိုရင်တော့ ဒီဘဝ အတူတူ နောင် သံသရာမှာ တစ်ခြားစီဖြစ်မယ်။ နိဗ္ဗာန်ဝင်တော့လဲ တခြားစီပဲ။ အဲဒါကို မြတ်စွာဘုရားက သံသုမာဂီရိမြို့မှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကို တွေ့တာနဲ့ တစ်ပြိုင်နက် “ဟာ–တို့သားကြီးပဲ”ဆိုပြီးတော့ အိမ်ပေါ် ပင့်သွားပြီးတော့ အဖေ အမေ ၂–ယောက်က ကိုယ့်သားကို ကိုယ်ပြောသလိုပဲ တရင်းတနှီး သူတို့ရဲ့ ချစ်ခင်ပုံကို ဖွင့်ပြောတဲ့နေရာမှာ “သံသရာမှာ အတူတူသွားချင်ရင် ၄–ချက်ညီ”ဆိုတဲ့ တရားကို အဲဒီမှာ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

တကယ်ပဲ မြို့ငါကြီးငူမှာရှိကြတဲ့ တပည့်ဒါယကာဒါယိကာမတွေ ညီအစ်ကို မောင်နှမတစ်တွေ အားလုံး ဒီကနေ့ မျက်မှောက်ဘဝကြီးပွားရေး၊ တိုးတက်ရေး အတွက်လဲပဲ ဒီ ၄–ချက်အားလုံးညီအောင် ကြိုးစားကြဗျာ။ ဒီဘဝ တိုးတက်ရေးအတွက်လဲ ဘယ်နှချက် ညီညွတ်ရမှာလဲ။

(၄–ချက်ပါဘုရား)

ဘာတွေလဲဗျာ၊ သဒ္ဓါရယ်၊ သီလရယ်၊ စာဂရယ်၊ ပညာရယ်။ ဘဝသံသရာအတွက်လဲ ဘယ်နှချက် ညီရမလဲ?

(၄–ချက်ပါဘုရား)

နိဗ္ဗာန်အတွက်ကော?

(၄–ချက်ပါဘုရား)

အဲဒီ ၄–ချက်ညီရင် ခုလဲအတူတူ၊ နောင်လဲ အတူတူ၊ နိဗ္ဗာန်ဝင်တော့လဲ အတူတူပဲတဲ့။ သံသုမာဂိရိမှာ မြတ်စွာဘုရားကို တွေ့တွေ့ချင်း "သားတော်ကြီး"လို့ ခေါ်လိုက်တဲ့ အဖိုးအဖွား နှစ်ယောက်ကို မြတ်စွာဘုရားက ဒီတရားဟောပြီးတော့ အဲဒီအိမ်က ထွက်ခဲ့တယ်။ ပြီးတော့မှ သံသုမာဂိရိမြို့နားက ယင်းတိုက်တောကျောင်းမှာ နားနေတော့ သံဃာတော်များက တိုးတိုး တိုးတိုးနဲ့ ပြောနေကြတယ်။

"အဖိုးကြီး အဖွားကြီးနှစ်ယောက် သူတို့ချစ်တာနဲ့ မခွဲနိုင် မခွာနိုင်ဖြစ်တာတွေ ပြောလိုက်ကြတာကွာ ဘုရားက အဲဒါ တစ်ခုမှ မငြင်းဘူး လက်ခံတာပဲ။ ဘယ်လိုများလဲ မသိဘူး"ဆိုပြီး တိုးတိုး တိုးတိုးနဲ့ သံဃာတော်တွေ ဝေဖန်တော့ မြတ်စွာဘုရားကကြားသွားပြီး သံဃာတော်တွေကို–

"သင်တို့ ဘာပြောသလဲ"မေးတော်မူတယ်။

"ငါ့သားကြီး ဆိုပြီး မြတ်စွာဘုရားကိုယ်တော်ကို အဖိုးကြီး အဖွားကြီး နှစ်ယောက်က ခေါ်သွားပြီးတော့ ပြောတာကို တပည့်တော်တို့ အံ့ဩလို့မဆုံးဘူးဘုရား"

"အေး...ခုဘဝမှာ အဲဒီအဖိုးကြီး အဖွားကြီးနဲ့ ငါနဲ့ သားအဖ မတော်တာ၊ သားအမိ မတော်တာတော့ အမှန်ပဲ၊ လွန်ခဲ့တဲ့ဘဝတုန်းက သူတို့ရင်ခွင်မှာ ငါနေခဲ့ဖူး တယ်"တဲ့။

အဲဒီပုဏ္ဏားလင်မယားနှစ်ယောက်ရဲ့ ရင်ခွင်မှာ မြတ်စွာဘုရားနေခဲ့ဖူးတာ တစ်ဘဝတည်းမဟုတ်ဘူးတဲ့၊ ဘဝငါးရာ တစ်ဆက်တည်းနေခဲ့ဖူးတယ်။ အဲဒီတော့ မြတ်စွာဘုရားနဲ့ ဒီပုဏ္ဏားလင်မယားနှစ်ယောက်ဟာ ဘဝ ပေါင်းငါးရာ ဘာတော်သလဲ? "သားအမိ သားအဖ တော်ခဲ့ဖူးတဲ့အမိပ္ပာယ်"ဆိုတာ ပရိသတ်ကြီးရေ ရှင်းမသွားဘူးလား?

အဲဒါကြောင့်မို့လို့ ဒီကနေ့ ဘုန်းကြီးတို့က ပြော ချင်ပါတယ်။ မြို့ကြီးငှမှာရှိကြတဲ့ တပည့်ဒါယကာ ဒါယိ ကာမတွေ ညီအစ်ကိုမောင်နှမတစ်တွေအားလုံး ဘုန်းကြီး တို့က–

"ဩော်...ဟိုပထမအခေါက်က စပြီးတော့ ဒီ အခေါက်ပါဆို သုံးခေါက်မပြစ်မနေ ကြိုးစားပြီးတော့ ဘုန်းကြီးတို့လာရတယ်။ ဘုန်းကြီးတို့လဲပဲ နေ့တိုင်း တရားဟောရတယ်။ မရပ်မနား အလုပ်လုပ်ကြရတယ် ဆိုတော့ တစ်ခါတစ်ခေါက် ရောက်ဖို့ဆိုတာ တော်တော့

ကိုယင် စိစဉ်ယူရပါတယ်။ ရောက်လာပြန်တော့လဲ အမော ကိုပြေ၊ အပန်းကိုပြေပြီးတော့ စိတ်ထဲမှာ အေးသွား တယ်။

"ဩော်...ငါလဲပဲ မြို့ကြီးငူမှာ 'ဘုရားနဲ့ ဟိုပုဏ္ဏား အဖိုးကြီး အဖွားကြီး လင်မယားနှစ်ယောက် သံသုမာ ဂီရိမှာတွေ့သလို' များ ဖြစ်နေသလားလို့ တွေးမိတယ်။ ဘုရားက သံသုမာဂီရိက အဖိုးအဖွားတွေရဲ့ ရင်ခွင်မှာ ဘဝပေါင်း ဘယ်လောက်နေဖူးသလဲ?

(ဘဝငါးရာပါဘုရား)

**နတ္ထိ ဘိက္ခဝေ အနမတဂ္ဂေ သံသာရေ**

**အညာတိပုဗ္ဗော**"တဲ့။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အနမတဂ္ဂေသံသာရေ=အစမထင် သံသရာတစ်ခွင်မှာ။ အညာတိပုဗ္ဗော=ဆွေမျိုးမတော်စပ်ဖူးတဲ့ ပုဂ္ဂိုလ်ရယ်လို့။ နတ္ထိ=မရှိဘူးတဲ့။

ဘဝသံသရာမှာ ဆွေမျိုးမတော်စပ်ဖူးတဲ့ ပုဂ္ဂိုလ် ရယ်လို့ မရှိဘူးတဲ့၊ အကုန်လုံး ဘာတော်သလဲ? ဆွေမျိုး မောင်နှမ သားအမိ သားအဖ တော်စပ်ခဲ့ဖူးကြတာ ချည်းပဲရယ်လို့။ သတ္ထာ=နတ်လူတို့ဆရာ ဗုဒ္ဓမြတ်စွာ သည်။ သံသုမာဂီရိနဂရေ=သံသုမာဂီရိဆိုတဲ့ မြို့တော်

မှာ။ ဣလမ် ဓမ္မကထံ=ဤဓမ္မကထာ ဒေသနာတော်ကို။ ဒေသေသိ=ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

သံသုမာဂီရိရဲ့ ဆွေမျိုးစပ်တရားထဲမှာ ထပ်ပြီးတော့ တိုးလာတာက သံသုမာဂီရိမြို့မှ ညီညွတ်ရေးတရား?။ ဘာတရားလဲ?

(ညီညွတ်ရေးတရားပါဘုရား)

သဒ္ဓါညီရမယ်၊ သီလညီရမယ်၊ စာဂညီရမယ်၊ ပညာညီရမယ်။ ဘယ်နှစ်မျိုးလဲ?

(၄–မျိုးပါဘုရား)

ဒီဘဝမှာ အဲဒီအခြေခံ စည်းမျဉ်း ၄–ခုအပေါ်မှာ တညီတညွတ်တည်း ရပ်တည်နိုင်အောင် အားထုတ် ကြိုးပမ်းကြပါ။ အဲဒီ ၄–ခု အပေါ်မှာ တညီတညွတ် တည်း ရပ်တည်နိုင်လို့ရှိရင် အားလုံးကြီးပွားတိုးတက်ဖို့ သေချာတယ်။ နိဗ္ဗာန်တံခါးပေါက်ကို တညီတညွတ် တည်း ရောက်သွားရန်ဖို့လဲ လမ်းကြောင်းက တည့်သွား တယ်မဟုတ်လား? နိဗ္ဗာန်တံခါးပေါက်ဝင်တော့ ဒီ၄–ချက် ညီတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ပေါင်းတည်း အတူတူ သွားကြရမယ်။

**ကေတော ကမ္မံ ကတ္တာန၊**
**ပုညခေတ္တေ အနုတ္တရေ၊**
**ကေတော သံသရိတွာန၊**
**ကေတော ဝိနိဝတ္တယံ။**

ကေတော=တစ်စုတည်း တစ်ပေါင်းတည်း။

ဘာတွေပေါင်းသလဲဆိုရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ။ ဘာတွေစုပေါင်းကြသလဲ"

(သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာပါဘုရား)

အဲဒီ ၄-ချက်ကို စုပေါင်းတယ်လို့ ခေါ်တယ်။

ကေတော=သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ၄-ချက် ညီစွာ တစ်ပေါင်းတည်း စုပေါင်းကြကုန်သည်ဖြစ်၍၊ အနုတ္တရေ=အတုမရှိ မြတ်သော၊ ပုညခေတ္တေ=ကောင်းမှု မျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေ၌၊ ကမ္မံ=လုပ်ငန်း မှန်သမျှကို၊ ကတ္တာန=ပြုလုပ်ကြိုးကုတ် အားထုတ်ကြကုန် သည်ဖြစ်၍၊ ကမ္မံကတ္တာန=လူမှုရေးလုပ်ငန်းနဲ့ သာသနာ ရေးလုပ်ငန်းနှစ်ရပ်ကို ကျင့်ကြံကြိုးကုတ် အားထုတ် တော်မူနိုင်ကြတဲ့အတွက်၊ ကေတော=တစ်စုတည်း တစ် ပေါင်းတည်း၊ သံသရိတွာန=လူပြည် နတ်ပြည် သံသရာ တစ်ခွင်မှာ ပျော်ပျော်ကြီး ကျင်လည်ကြကုန်သည်ဖြစ်၍၊ ကေတော=တစ်စုတည်း တစ်ပေါင်းတည်း။ ဝိနိဝတ္တ

ယျုံ=မဂ္ဂင်ဖောင်ကြီး ပျော်ပျော်စီးကာ အမြိုက်ထီး ဖြန့်မိုးရာ နိဗ္ဗူတာ အောင်ကြွင်နှင်းဆီသို့ အတူတူစံမြန်း၍ ကျွတ်တမ်းဝင်ကြရလေကုန်သတည်း။

(သာဓု–သာဓု–သာဓုပါ ဘုရား)

ဟောဒီ မိကျောင်းကြီးနဲ့တူတဲ့ တောင်တန်းတွေကြားထဲက သံသုမာဂီရိဆိုတဲ့မြို့ မြတ်စွာဘုရား ရောက်သွားတဲ့အခါ အဖိုးအဖွား နှစ်ယောက်က ဘုရားနဲ့ လွန်ခဲ့တဲ့ဘဝငါးရာ တစ်ဆက်တည်းနေခဲ့ဖူးတဲ့ အတွက်ကြောင့် ယခုဘဝမှာ တခြားစီ ဖြစ်နေပေမယ့် ပြန်တွေ့တဲ့ အခါကျတော့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဖြစ်တာကို အကြောင်းပြုပြီးတော့ မြို့ကြီးငှက တပည့်ဒါယကာ ဒါယိကာမတစ်တွေနဲ့ ဘုန်းကြီးတို့တစ်တွေ ဒါဟာ ဘဝဟောင်းက ဆွေမျိုးတွေ ဖြစ်မှာပဲလို့ အဲဒီလိုလေး တွေးပြီးတော့ စိတ်ထဲမှာ ဝမ်းသာတာတွေ ချမ်းသာတာတွေကို ရှေးဦးစွာ ဘုန်းကြီးတို့ ပြောပါတယ်။

နောက်ဘဝ သံသရာမှာရော မျက်မှောက်မှာပါ ကြီးပွားတိုးတက်ရေးအတွက် လက်တွဲ မဖြုတ်ဖို့ ဆိုလို့ ရှိရင် ခေတ်စကားနဲ့ ပြောရရင်တော့ UNION ပေါ့၊ သို့မဟုတ် UNITY ပေါ့၊ သို့မဟုတ်လို့ရှိရင်လဲ UNITED ပေါ့၊ အဲဒီလို ညီညွတ်မှုဟာ ဘယ်အပေါ်

မှာ တည်ဆောက်သလဲဆိုရင် အခြေခံ ၄-ခု ရှိပါတယ်။

၁။ သဒ္ဓါဆိုတဲ့ယုံကြည်ချက်၊

၂။ သီလဆိုတဲ့ ကိုယ်ကျင့်တရား၊

၃။ စာဂဆိုတဲ့ ကိုယ်ကျိုးစွန့်လွှတ်မှု၊

၄။ ပညာဆိုတဲ့ အရာရာတတ်သိနားလည်မှု အဲဒီ ၄-ခုကို အားလုံးသော ညီအစ်ကိုမောင်နှမတစ်တွေ တညီတညွတ်တည်းဖြစ်အောင် ကြိုးစားလိုက်ကြရင် ဘယ်တော့မှ လက်တွဲမပြုတ်တော့ဘူး။ ဒီဘဝလဲ အတူတူ နောင်ဘဝလဲ အတူတူ နိဗ္ဗာန်တံခါးပေါက် ရောက်တော့လဲ အတူတူပဲဆိုတဲ့ အကြောင်းကို ဘုန်းကြီးတို့ ရှေးဦးစွာ ပြောပါတယ်။

# အချိန်ဒါန်း

## ဇေယျတုသဗ္ဗမင်္ဂလံ

**xxxဇေယျတုသဗ္ဗမင်္ဂလံxx အောင်အတိတ် ကျော်ညံ့xxအောင်ဟိတ်ပေါ်ပြန်xx ပုဗ္ဗနိမိတ်သုခါဝဟံ နတ်က ဘိသိက်ဆုပတ္ထာနာအမှန်xxx တက်နေတိုးလို့ ကျက်သရေဖြိုးxxx တန်ခိုးဂုဏ်ရောင်လျှံxxx စန်းပုဏ္ဏ မိန်လင်းသလို ဂုဏ်ရှိန်သတင်းကxxx ဖမ္မူတွင်း ကြေညာအမှန်xxx ဝေရော်စနာ လင်းသည့် သော်တာ မင်းရဲ့xxx သန့်ရှင်းကြည်သို့ဟန်xxx။**

ဤသီချင်းကား မြန်မာ့ဓလေ့ မင်္ဂလာပွဲနေ ပွဲထိုင် များတွင် သီဆိုသမှုဖြင့် မင်္ဂလာပြုလေ့ရှိသော သီချင်း ဖြစ်သည်။ မင်္ဂလာအပေါင်း အောင်ပါစေကြောင်း အောင် အတိတ် အောင်နိမိတ်နှင့် အောင်ဟိတ်ခံကာ မင်္ဂလာ

ယူလျက် ရင့်ကျူး သီဆိုကြသည်။ တက်နေသို့မျိုး ကျက်သရေဖြိုးပြီး တန်ခိုးဂုဏ်ရောင်လျှံကာ စန်းပုဏ္ဏမိန် လင်းသလို ဂုဏ်ရှိန်သတင်းကို ဖမ္ဗူတွင်းကြော်ညာစေဖို့ သီကျူးကြသည်။ အညစ်အကြေးကင်းသည့် သော်တာ လမင်း၏ သန့်ရှင်း ကြည်သို့သွင် ပမာတင်၍ ဖြစ်ချင် လွန်းလှသည်။ မင်္ဂလာရှိသော နေရောင် လရောင်မှ တင်စားညွှန်းဆိုကြခြင်း ဖြစ်သည်။

လက်ိုတွေ့ပမာပြုသော်လည်း ထိုလသည် လောက သဘာဝအရ အမြဲတမ်းမကြည်လင် မတောက်ပနိုင်လျှင် လရောင်ဆိုသောအရာကား မှေးမှိန်ပျောက်ကွယ်ရတော့ သည်။ ထိုရောအခါ မင်္ဂလာမရှိ ဖြစ်တတ်သည်။ ကျက် သရေမဲ့သွားတတ်သည်။

ထိုနည်းတူ နေသည်လည်း သဘာဝအရ လင်းတစ် လှည့် မှိန်တစ်ခါ မှောင်တစ်မျိုးဖြင့် ငုပ်လျှိုးကွယ်ပ သွားလေ့ရှိသည်။ ထိုရောအခါ မင်္ဂလာမရှိ ဖြစ်တတ် သည်။ ကျက်သရေမဲ့သွားတတ်သည်။

မင်္ဂလာရှိပါသည်ဆိုသော လရောင်သည် မင်္ဂလာ မရှိဖြစ်တတ်သည်။ မင်္ဂလာရှိပါသည်ဆိုသော နေရောင် သည် မင်္ဂလာမရှိ ဖြစ်တတ်သည်ဆိုပါလျှင် အမြဲတမ်း မင်္ဂလာရှိသော၊ မင်္ဂလာရှိစေသော၊ ကျက်သရေရှိသော၊

ကျက်သရေရှိစေသော ရောင်ရှိန်မျိုးကော လောကလူ့ရွာမှာ မရှိပါသလော?

အချင်းခပ်သိမ်း မင်္ဂလာရှိသော၊ မင်္ဂလာရှိစေသော အရာဟူ၍ ရှိကောင်းပါသလော?ဟူပြောအံ့။

ဤအမေးအတွက် သီတဂူဆရာတော်ဘုရားကြီးက အောက်ဖော်ပြပါ "အနိုင်းမဲ့ရောင်ရှိန်" တရားတော်မှာ သိမှတ်စဖွယ် ဟောကြားထားတော်မူသည်။

တရားစာသား ဖတ်ရှုသောအားဖြင့်
ဟောကြားခုနှယ် နာရဖွယ်သို့
နားဝယ်စေစား ကြားစေသားဟူ၍။

# သဗ္ဗမင်္ဂလာတရားတော် (သို့မဟုတ်)
# အနှိုင်းမဲ့ရောင်ရှိန်တရားတော်

## (၁)

## တောက်ပသောအရာများ

ဒီကနေ့ည ဘုန်းကြီးတို့ ပရိသတ် မှတ်သားစရာက ဘေသဖွမုနိ မြတ်စွာဘုရားသခင်ရဲ့ ရင်ပြင်ပေါ်မှာ တသွင်သွင်စီးနေတဲ့ ဘယ်တော့မှမရပ်ဘဲ ငြိမ်းငြိမ်းချမ်းချမ်း စီးဆင်းနေတဲ့ ဟိုးပထမဆုံးအကြိမ်တုန်းက ပြောခဲ့တဲ့ "ငြိမ်းချမ်းရေးမြစ်နဒီ" ဆိုတဲ့ သံလွင်မြစ်ကမ်းမှာ ဘုန်းကြီးတို့ ဟောရတဲ့ တရားပွဲအနေနဲ့ "သဗ္ဗမင်္ဂလာ"

တရားဆိုတာကို ဆက်လက်ပြီး ဟောပြမယ်။ အားလုံး မှတ်သားစေဖို့ တရားတော်နာမည် ကြေညာပေးတယ်။ ပြော–ဘာတရားလဲ? သဗ္ဗမင်္ဂလာတရား၊ ပြောကြည့် စမ်းပါ။

(သဗ္ဗမင်္ဂလာတရားပါဘုရား)

သဗ္ဗမင်္ဂလာနော်။ မင်္ဂလသုတ်ကို ဖတ်ကြည့်ရင် မင်္ဂလာဘယ်နှစ်ပါးရသလဲ?

(၃၈–ပါး ရပါတယ်ဘုရား)

အဲဒါ လောကုတ္တရာမင်္ဂလာ၊ တစ်ခြားလောကီ မင်္ဂလာတွေကျတော့ မရေတွက်နိုင်အောင် များတယ်။ လောကီမင်္ဂလာရော၊ လောကုတ္တရာမင်္ဂလာပါ၊ ဘယ် မင်္ဂလာမဆို ရှိရှိသမျှ မင်္ဂလာတွေကို အကုန်စုပြီး ဟော တဲ့တရားကိုခေါ်တယ်။ "သဗ္ဗမင်္ဂလာ"တဲ့။ ပြောကြည့်ပါ။

"သဗ္ဗမင်္ဂလာပါဘုရား"

**ဒိဝါ တပတိ အာဒိစ္စော၊**

**ရတ္တိမာဘာတိ စန္ဒိမာ၊**

**သန္နဒ္ဓေါ ခတ္တိယော တပတိ၊**

**ဈာယီ တပတိ ဗြာဟ္မဏော။**

**အထ သဗ္ဗမဟောရတ္တိံ၊**

**ဗုဒ္ဓေါ တပတိ တေဇသာ။** ။

ရတဲ့လူတွေ ဒီအထဲရှိလိမ့်မယ်။ ပြန်ပြီးတော့ ကျေညက်သွားအောင် နားလည်သွားအောင်ပါ။

**ဒိဝါ တပတိ အာဒိစ္စော။**

အာဒိစ္စော=နေမင်းသည်။ ဒိဝါ=နေ့အခါမှာ။တပတိ= တောက်ပတယ်။

ပရိသတ်ကြီး နေဆိုတာ နေ့အခါမှသာလျှင် တောက်ပတယ်။ ညညတော့နေရောင်တောက်သေးလား?

(မတောက်ပါဘုရား)

**ရတ္တိမာဘာတိ စန္ဒိမာ။**

စန္ဒိမာ=လသည်။ ရတ္တိ-ရတ္တိယာ=ည၌အခါ၌။ အာဘာတိ=တောက်ပတယ်။

လကော ဘယ်အခါကျမှ တောက်ပသလဲ။

(ညအခါကျမှပါဘုရား)

အဲဒီစကားနှစ်ခုဟာ ရာနှုန်းပြည့် မမှန်သေးဘူး။ နေသည်နေ့အခါ တောက်ပတယ်ဆိုပေမယ့် မိုးတိမ်တွေ အုံ့နေရင် နေကတောက်သေးသလား?၊ ဆီးနှင်းတွေ ကျနေပြန်တော့လဲ နေမတောက်ပပြန်ဘူး၊ မြူဆိုင်းတော့ လည်း မတောက်ပပြန်ဘူး၊ မီးခိုးတွေအုံ့ဆိုင်းနေရင်လဲ မတောက်ပပြန်ဘူး၊ နေကြတ်တယ်ဆိုလဲ မတောက်ပ ပြန်ဘူး။ အဲဒီအန္တရာယ်ငါးမျိုးကင်းမှ တောက်ပနိုင်တယ်၊

ညအခါ လတောက်ပတယ်ဆိုပေမယ့် လ,လဲ ဒီအတိုင်းပဲ လငပုပ်ဖမ်းတယ်၊ မတောက်ပနိုင်ဘူး၊ ဆီးနှင်းတွေကျတော့ကော တောက်ပသေးသလား?

(မတောက်ပပါဘုရား)

မြူဆိုင်းရင်ကော?

(မတောက်ပပါဘုရား)

တိမ်ဖုံးတဲ့လကော တောက်ပနိုင်သလား?

(မတောက်ပပါဘုရား)

မီးခိုးတွေထလို့ တောမီးကြီး ရှို့လို့လောင်လို့ ထွက်လာတဲ့ မီးခိုးထဲလဲ အဲဒီလက မတောက်ပနိုင်ဘူး၊ ဒီအညစ်အကြေး ငါးမျိုးကင်းရမယ်။ ဆီးနှင်းရယ်၊ မြူရယ်၊ တိမ်ရယ်၊ မီးခိုးရယ်၊ အသူရိန်ရယ်လို့ အညစ်အကြေး ဘယ်နှပါး?

(ငါးပါးပါဘုရား)

အဲဒီအညစ်အကြေး ငါးပါးကင်းမှသာလျှင် ညအခါ လတောက်ပပြီးတော့ နေ့အခါမှာ နေတောက်ပတယ်။ ဒီအနှောင့်အယှက် ငါးမျိုးထဲက တစ်မျိုးမျိုးနှောင့်ယှက်နေရင် နေ့ပင်ဖြစ်လင့်ကစား နေမတောက်ပဘူး။ ညပင်ဖြစ်လင့်ကစား လလည်းမတောက်ပဘူး၊ ဘယ်လောက်

တောက်ပတယ်ဆိုတာတွေ ဘယ်လိုပဲဖြစ်ဖြစ် ဒီအနှောင့်အယှက်တွေ ရှိရင် လနေတို့ မတောက်ပနိုင်ဘူး။

**သန္နဒ္ဓေါ ခတ္တိယော တပတိ။**

ခတ္တိယော=မင်းသည်။ သန္နဒ္ဓေါ=မင်းမြောက်တန်ဆာ ငါးပါးဆင်ထားမှသာလျှင်။ တပတိ=တောက်ပတယ်။

မင်းဆိုတာလဲ မင်းမြောက်တန်ဆာ ငါးပါးဆင်ထားမှ တောက်ပတယ်၊ မင်းမြောက်တန်ဆာ ငါးပါးက–

နံပါတ်(၁) ရွှေခြေနင်းဝတ်ထားရတယ်၊ ဖနောင့်လဲ လုံတယ်။ ခြေဦးက ခြေချောင်းတွေလဲ လုံတယ်။ နောက်ပိတ်ဖိနပ်လိုပဲ။ ပြီးတော့ အဲဒါကို နဝရတ် ကိုးပါး ကျောက်တွေစီထားတယ်။ ဘုရင်ဝတ်တဲ့ စီးတဲ့ ရွှေခြေနင်း။

နံပါတ်(၂)ကခေါင်းပေါ်မှာ မကိုဋ်ဆောင်းထားတယ်၊ ဆောင်းထားတဲ့မကိုဋ်မှ နဖူးပေါ်ကို ရွှေပြားကြီး ဆင်းလာပြီးတော့ နဖူးကိုအုပ်ထားတယ်။ အဲဒီရွှေပြား ကြီးမှာ နဝရတ် ကိုးပါးစီထားတယ်၊ သိပ်ကြည့်လို့ ကောင်းတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်တွေရဲ့ နဖူးမှာရှိတယ်။ နဖူးသင်းကျစ်တဲ့၊ အဲဒါမျိုး ဘုရင်တွေမှာ ဆင်ထားရတယ်။

နံပါတ်(၃)က ရွှေစလွယ်တဲ့၊ နဝရတ်ကိုးပါး စီထားတဲ့ ရွှေစလွယ်လဲပဲ ဆင်ထားတယ်။

နံပါတ်(၄)က သန်လျက်တဲ့၊ သန်လျက်ကလဲပဲ ပရိသတ်ရေ ရွှေအရိုးနဲ့ ရွှေအိမ်နဲ့ ကျောက်တွေ စိန်တွေ စီခြယ်ထားတဲ့ ရွှေသန်လျက်။

နံပါတ်(၅)ကျတော့ စာမရီသားမြီးယပ်တဲ့၊ ဘာပြောသလဲ?

(စာမရီသားမြီးယပ်ပါဘုရား)

စာမရီဆိုတာ ဟိမဝန္တာဆီးနှင်းတွေ ခဲနေတဲ့တောင်တန်းကြီးမှာနေတဲ့ နွားနဲ့ ခပ်ဆင်ဆင်တူတဲ့ ကောင်တွေ၊ အမွေးထူတယ်၊ အရေထူတယ်၊ အရေပြားအောက်က အဆီပြင်ကြီးတွေ ထူတယ်။ နောက်ပြီး အမြီးက သိပ်ကောင်းတယ်။ အဲဒီသားကောင်ရဲ့ အမြီးကို ရှင်ဘုရင်တွေက ရွှေရိုးတပ်ပြီး ခြင်တွေ ဘာတွေမောင်းတဲ့ ရွှေယပ်လုပ်တာ။ အဲဒါကို စာမရီသား မြီးယပ်ခေါ်တယ်။ နီပေါနိုင်ငံက ရှင်ဘုရင် ခုထက်ထိ အဲဒီယပ်ကိုင်တုန်းရှိသေးတယ်။ တခြားရှင်ဘုရင်တွေသာ မကိုင်တော့တာ။ အဲဒီငါးခုပေါင်းတာကိုဘာလို့ခေါ်၊ မင်းမြောက်တန်ဆာငါးပါး။

နံပါတ်(၁)က ရွှေခြေနင်း၊

နံပါတ်(၂)က ရွှေမကိုဋ်၊

နံပါတ်(၃)က ရွှေစလွယ်၊

နံပါတ်(၄)က ရွှေသန်လျက်၊

နံပါတ်(၅)က ရွှေရိုးတပ်ထားတဲ့ စာမရီသားမြီးယပ်တဲ့။

ရှင်ဘုရင်ကြီးတွေဟာ အဲဒီတန်ဆာ ငါးပါးဆင်ထားရင် သိပ်ကျက်သရေရှိတယ်။ မင်းမြောက်တန်ဆာ ငါးပါးချွတ်လိုက်ရင် ရှင်ဘုရင်ကြီးတွေလဲ ဟောဒီ ဒကာကြီးတွေနဲ့ ဘာမှ မထူးဘူး။ ရောထိုင်နေရင် အတူတူပဲ။ မင်းမြောက်တန်ဆာ ငါးပါးချွတ်လိုက်ရင် ရှင်ဘုရင်လဲ ဒီအတိုင်းပဲ။ မင်းမြောက်တန်ဆာ ငါးပါးဆင်ထားရင် ထင်ရှားပြီးတော့ သိပ်ကျက်သရေရှိတာ။ အဲဒါကြောင့်-

**သန္နဒ္ဓေါ ခတ္တိယော တပတိ။**

ခတ္တိယော=မင်းသည်။ သန္နဒ္ဓေါ=မင်းမြောက်တန်ဆာ ငါးပါးဆင်ထားတော့မှ။ တပတိ=တောက်ပတယ်၊ ကျက်သရေရှိတယ်တဲ့။ နောက်တစ်မျိုးက ဘာပြောသလဲဆိုတော့-

**ဈာယီ တပတိ ဗြာဟ္မဏော။**

ဗြာဟ္မဏော=ရဟန္တာပုဂ္ဂိုလ်ကြီးတွေကျပြန်တော့လဲ၊ ဈာယီ=ဈာန်သမာပတ် ဝင်စားတော့မှသာလျှင်၊ တပတိ=တောက်ပတယ်။ တင်တယ်တယ်။

ရဟန္တာပုဂ္ဂိုလ်တွေ ဘယ်သောအခါမှ တင့်တယ်သလဲ? ဈာန်သမာပတ် ဝင်စားတဲ့အခါမှာ သိပ်ပြီးတော့ တင့်တယ်တယ်။ အံ့ဩစရာကောင်းလောက်အောင် သပ္ပာယ်တယ်။ ဈာန်သမာပတ် မဝင်စားဘူးဆိုရင် ရဟန္တာလဲ တစ်ခါ တစ်ခါ ရဟန္တာမှန်းတောင် မသိရဘူး။ ဒီလို ဖြစ်တယ်။ ဈာန်သမာပတ် ဝင်စားတော့မှ အို- ရဟန္တာပုဂ္ဂိုလ်က အလွန်တောက်ပတယ်။ တင့်တယ်တယ်။ သပ္ပာယ်တယ်၊ မဝင်စားရင် ဘာမှ မထူးခြားဘူး။ နောက်တစ်ခု-

**အထ သဗ္ဗမဟောရတ္တိံ**

**ဗုဒ္ဓေါ တပတိ တေဇသာ။ ။**

အထ=ထို့ပြင်။ ဗုဒ္ဓေါ=ဗုဒ္ဓရှင်တော်သည်။ သဗ္ဗမဟောရတ္တိံ=နေ့ရော ညရော အခါခပ်သိမ်း။ တေဇသာ= တေဇငါးမျိုးဖြင့်။ တပတိ=တောက်ပတယ်၊ တင့်တယ်တယ်၊ သပ္ပာယ်တယ်ဟူ၍။ သတ္ထာ=နတ်လူတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အဝေါစ=ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

(၂)

# တန်ခိုး ၅-မျိုး

မြတ်စွာဘုရားဟာ နေ့လဲတောက်ပတယ်။ ညလဲ တောက်ပတယ်၊ သမာပတ်မဝင်စားဘဲနဲ့လဲ တောက်ပ တယ်၊ တင့်တယ်တယ်၊ သပ္ပာယ်တယ်၊ မင်းမြောက် တန်ဆာ ၅-ပါးမရှိပါဘဲနဲ့လဲ တောက်ပတယ်။ ကျက် သရေရှိတယ်။ ဘာတွေနဲ့ ဘုရားရှင်တောက်ပသလဲ ဆိုရင် တေဇ ၅-မျိုးနဲ့တဲ့၊ ဘာနဲ့လဲ?

(တေဇငါးမျိုးနဲ့ပါဘုရား)

သီလတေဇရယ်၊

ပညာတေဇရယ်၊

ဂုဏတေဇရယ်၊

ပုညတေဇရယ်၊

ဓမ္မတေဇရယ်လို့ ပရိသတ်ရေ တေဇ ၅-ပါး။

နံပါတ်(၁)က သီလတေဇ၊ သီလဆိုတဲ့ တန်ခိုးပဲ။ တေဇဆိုတဲ့ အဓိပ္ပာယ်က တန်ခိုးပဲ။ တောက်တောက်ပပ ထင်ထင်ရှားရှား ကျော်ကျော်ကြားကြားဖြစ်ဖို့၊ ဖြစ်ချင်တယ်ဆိုရင် ဘာလိုသလဲ? သီလလိုတယ်၊ ကိုယ်ကျင့်ကောင်းတဲ့လူ ကျော်ကြားတယ်၊ တောက်ပတယ်၊ ကိုယ်ကျင့်တရား အားနည်းတယ်ဆိုရင် တောက်ပတာလေးတောင် မှိန်သွားနိုင်တယ်နော်။ အဲဒါကြောင့် တောက်တောက်ပြောင်ပြောင်၊ ကျော်ကျော်ကြားကြား၊ ထင်ထင်ရှားရှား ဖြစ်ချင်တယ်ဆိုရင် ဘာလိုသလဲ? သီလကောင်းဖို့ ကိုယ်ကျင့်တရားကောင်းဖို့လိုတယ်။

ဗုဒ္ဓရှင်တော်သည် လူထဲမှာလဲ ကျော်ကြားတယ်။ နတ်ထဲမှာလဲကျော်ကြားတယ်၊ ဗြဟ္မာထဲမှာလဲ တောက်ပတယ်။ ဒီလိုမဟုတ်လား? အဲဒါ ဘာ့ကြောင့် မြတ်စွာဘုရားဟာ အဲဒီ လူနတ်ဗြဟ္မာမှာ တောက်ပလဲ ဆိုရင် သီလတန်ခိုးနဲ့ တောက်ပတယ်တဲ့။ ဘာတန်ခိုးလဲ?

(သီလတန်ခိုးပါဘုရား)

အဲဒါကြောင့် သီလကောင်းရင် တန်ခိုးရှိတယ်တဲ့။ နောက်တစ်မျိုးက ဘာလဲဆိုရင် ပညာတေဇ၊ အားလုံးပြောပါ။ ဘာတေဇလဲ?

(ပညာတေဇပါဘုရား)

ပညာတတ်ရင် တန်ခိုးရှိတယ်၊ ဘာရှိလဲ?

(တန်ခိုးရှိပါတယ်ဘုရား)

ဒုတိယတန်ခိုးက အားလုံးမှတ်ထား၊ ပညာပါပဲ။ ပညာမတတ်ရင် တေဇဆိုတဲ့ တန့်ခိုးဆိုတာ မှိန်သွားလိမ့်မယ်။ အဲဒါကြောင့် တန်ခိုးတောက်ချင်ရင် တောက်တောက်ပပ ထင်ထင်ရှားရှား ကျော်ကျော်ကြားကြား ဖြစ်ဖို့ ဘာလိုသလဲ? ပညာတတ်ဖို့ လိုပေလိမ့်မယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ လူထဲမှာလဲ တောက်ပတယ်။ နတ်ထဲမှာလဲ တောက်ပတယ်။ ဗြဟ္မာထဲမှာလဲ တောက်ပတယ်၊ ဒုတိယတေဇက ပညာတေဇ၊ လူပဲဖြစ်ဖြစ်၊ ရှင်ရဟန်းပဲဖြစ်ဖြစ် ပညာတတ်ဖို့ အရေးကြီးပါတယ်။

နောက်တစ်ခါ တတိယတေဇက ဘာလဲဆိုရင် ဂုဏတေဇ ပရိသတ်ကြီး ဘာတေဇလဲ?

(ဂုဏတေဇပါဘုရား)

ဂုဏ်တန်ခိုးတဲ့၊ ဂုဏ်သည်ပင်လျှင် တန်ခိုးပဲ၊ ဂုဏ်ရှိရင် တန်ခိုးရှိတယ်။ ဂုဏဆိုတဲ့ ဂုဏ်ကို ဘုန်းကြီးတို့က တစ်ခြားမပြောချင်ဘူး၊ သီလနှင့် ပညာ နှစ်ခုပေါင်းထားခြင်းသည်ပင်လျှင် လူ့ရဲ့ဂုဏ်ပဲ၊ ဘာနဲ့ဘာ?

(သီလနှင့်ပညာပါဘုရား)

ကိုယ်ကျင့်တရားနဲ့ အသိပညာ အတတ်ပညာနော်။ အဲဒီ နှစ်ခုသည်ပင်လျှင် လူတို့၏ဂုဏ်ပဲ။ ကိုယ်ကျင့်တရားလဲမရှိဘူး။ ပညာလဲ မတတ်ဘူးဆိုရင် အဲဒီလူက ဂုဏ်မရှိဘူး။ ပရိသတ်ကြီး ဂုဏ်တက်အောင်ဆိုရင် အဲဒီ နှစ်ခုကို ကျကျနန တည်ဆောက်ကြရမယ်။ ဘာနဲ့ ဘာလဲ?

(သီလနှင့်ပညာပါဘုရား)

ဗမာလိုပြောရင် ကိုယ်ကျင့်တရားနဲ့ ပညာရေးနော်။ တစ်ခါ တစ်ခါ ကိုယ်ကျင့်တရား သိပ်ကောင်းတယ်။ ပညာမတတ်ဘူး၊ တကယ်မတောက်ပြောင်သေးဘူး။ တချို့ကျတော့ ပညာတတ်တယ်ဗျာ။ ကိုယ်ကျင့်တရား မရှိဘူး။ အဲဒီပုဂ္ဂိုလ်တွေလဲ မတောက်ပြောင်ဘူး။ တောက်တောက်ပြောင်ပြောင်ဖြစ်ဖို့၊ ကမ္ဘာ့အလယ် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား တောက်တောက်ပြောင်ပြောင် ဖြစ်ဖို့ဟာ ကိုယ်ကျင့်လဲကောင်းရမယ်၊ ပညာလဲတတ်ရမယ်။ အဲဒီနှစ်ခု စုံပြီဆိုရင်ကတော့ အေး–တောက်တောက်ပြောင်ပြောင် ထင်ထင်ရှားရှား ကြွားကြွားဝင့်ဝင့် ဖြစ်လာနိုင်တယ်။ ဒါကို ဂုဏတေဇလို့ ခေါ်တယ်။ ပြော–ဘာတေဇလဲ?

(ဂုဏတေဇပါဘုရား)

တေဇ သုံးပါးရပြီ၊ နံပါတ်(၄)က ပုညတေဇ၊ နောက်တစ်ခုက ဘာခေါ်သလဲ?

(ပုညတေဇပါဘုရား)

ပုညတေဇ=ကောင်းမှုဆိုတဲ့ တန်ခိုးဖြင့်။ အပုညံ= ကောင်းမှုနည်းပါးတဲ့ ကမ္ဘာလောကမှာ၊ အဘိဘဝိတွာ= လွှမ်းမိုးပြီးတော့မှ။ တပတိ=တောက်ပလာမယ်။

ကောင်းမှုသည် ပရိသတ်ရေ တန်ခိုးတစ်မျိုးပဲ။ ဘာသည့်တန်ခိုးလဲ? ကောင်းမှုခေါ်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ လေးပါးရှိတယ်။ ကောင်းမှု၄-ပါး နော်။ ၁၀-ပါးဖြစ်ချင်သေးလဲ ရတယ်။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ အဲဒါတွေ လျှောက်ပြောရင် ၁၀-ပါးဖြစ်သွားမယ်။ ၄-မျိုးပဲမှတ်ထား။

(၁)က ဒါန၊

(၂)က သီလ၊

(၃)က သမထ၊

(၄)က ဝိပဿနာ။

အဲဒီကောင်းမှုကို အဆင့်ဆင့်များသထက်များအောင် စုဆောင်း၊ ကုသိုလ်ကောင်းမှုများလာရင် ဒါတန်ခိုးရှိတယ်။ ကောင်းမှုသည်ပင်လျှင် ပကတိ တန်ခိုးပဲ။ အလှူဒါန ကြီးကြီးကျယ်ကျယ်ပြုတဲ့ ပုဂ္ဂိုလ်ဟာ တန်ခိုးရှိတာ သိပ်သေချာတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြားဖူးမှာပါ။ သာဝတ္ထိမြို့ရဲ့ အနောက်တောင်ထောင့်က ဇေတမင်းသား ရဲ့ ဥယျာဉ်ကြီးထဲမှာ ကျောင်းတိုက်ကြီးရှိတယ်။ အဲဒီ ကျောင်းတိုက်ကို ဇေတဝန်ကျောင်းလို့ ခေါ်တယ်။ ဘာပါလဲ?

(ဇေတဝန်ကျောင်းပါဘုရား)

အဲဒီဇေတဝန်ကျောင်းတော်ကြီးကို ဘယ်သူလှူသွား သလဲ? အနာထပိဏ်သူဌေးနော်။ အနာထပိဏ်က လူပျို ကြီးလား? သူ့မှာဇနီးမရှိဘူးလား? ဘာဖြစ်လို့ ဇနီးထည့် မပြောသလဲ? အနာထပိဏ်က လူပျိုကြီး မဟုတ်ဘူး။ သူ့ဇနီးရှိတယ်။ ကျောင်းအစ်မကြီးရှိတယ်။ ဘာဖြစ်လို့ ခင်ဗျားတို့ ကျောင်းအစ်မကြီးကို စကားထဲ ထည့်မပြော သလဲ? ဘာဖြစ်လို့ကျန်နေသလဲ? မင်္ဂလသုတ်ကို ဖတ် လိုက်ရင် ဘာတွေ့လဲ?

**ဝံ မေ သုတံ၊**

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ**

**ဝိဟရတိ ဇေတဝနေ**

**အနာထပိဏ္ဍိကဿ အာရာမေ။**

အနာထပိဏ်ရဲ့ကျောင်းတဲ့။ အနာထပိဏ်ရဲ့ ဇနီး ကျောင်းအစ်မကြီးကို ထည့်မပြောဘူး။ ကျောင်းဆိုတာ

နှစ်ယောက်အတူတူ ဆောက်တာပါဗျာ။ တစ်ယောက်ကို လူတွေသိပြီး ကျန်တစ်ယောက်ကိုတော့ ဘယ်သူမှ မသိကြဘူး။ အဲဒါ ဘာကွာသွားသလဲဆိုရင် ကောင်းမှု ကွာသွားတာတဲ့။ ကောင်းမှုကြီးကျယ်တဲ့ ပုဂ္ဂိုလ်သည် ဘာဖြစ်သလဲ? တန်ခိုးကြီးသွားတယ်။

မြို့ကြီးငှက ဒကာ ဒကာမတွေ တန်ခိုးကြီးချင်ရင် ဘာလုပ်မလဲ? ကောင်းမှုများများလုပ် ဟုတ်လား?၊ အဲဒါကို ဘာတေဇခေါ်လဲ? ပုညတေဇ။

မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အခါ အနာထပိဏ်ကျောင်းဒကာက နံနက်စောစော ယာဂုဆန်ပြုတ်၊ ခဲဖွယ်တွေ၊ မုန့်တွေယူသွားတယ်။ သူ့ရဲ့ဇနီး ကျောင်းအစ်မကြီးနာမည်က မှတ်ထား "ပုညလက္ခဏာဒေဝီ"တဲ့။ ခု ဘုန်းကြီးပြောမှ ကြားဖူးတယ်မဟုတ်လား။ ကျောင်းအစ်မကြီးနာမည် ဘယ်သူတဲ့လဲ?

(ပုညလက္ခဏာဒေဝီပါဘုရား)

နာမည်မကြီးရှာဘူးနော်၊ သနားဖို့တောင် ကောင်းသေးတယ်၊ အဲဒီကျောင်းအစ်မကြီးက ပြောတယ်။

"မောင်ရေ၊ မနက်အစောကြီး ရှိသေးတယ်။ မိုးတောင်မလင်းသေးဘူး။ ဘုရားနေတဲ့ ဇေတဝန်ဆိုတဲ့

တောကျောင်း ယာဂုသွားကပ်တာ မောင်ပဲသွားလိုက်ပါ"တဲ့။ သူမသွားဘူး။

"နေ့လယ်ခင်း ဆွမ်းကပ်ရအောင် သွားကြစို့"ဆိုလဲ

"အမလေး၊ ညနေအတွက် ပြင်ရဆင်ရဦးမယ်၊ မောင်ပဲသွားလိုက်ပါ"

ကျောင်းဒကာကြီးသွားတယ်၊ ကျောင်းအစ်မကြီးမသွားဘူး။ ညနေစောင်း အဖျော်ယမကာ ကပ်မယ်။ ခုလို ညဦးယံ တရားနာမယ်။ လာ-သွားကြရအောင် ဆိုတော့-

"နက်ဖြန်အတွက် ယာဂုလေးကျိုရဦးမယ်၊ မောင်ပဲသွားလိုက်ပါ" မိန်းမကခိုင်းတယ်။

အဲဒါ ဘာတွေ မညီညွတ်ဘဲ ဖြစ်တာလဲ? သဒ္ဓါ, သီလ, စာဂ, ပညာ တစ်ခုခုလိုသွားပြီဆိုတာ အဓိပ္ပာယ်ရှင်းတယ်မဟုတ်လား? အဲဒီတော့ အနာထပိဏ်ကျောင်းဒကာကြီးဟာ တစ်နေ့ကို ၃-ခေါက် ၃-ခေါက် ကျောင်းရောက်တော့ ကျောင်းရှိတဲ့ ဦးဇင်းတွေ ကိုရင်တွေက ဒကာကြီးကို ခဏခဏတွေ့တော့ အကုန်သိကုန်ရော မဟုတ်လား? ဒကာမကြီးက ကျောင်းမလိုက်တော့ ဖြည်းဖြည်း ကျောင်းက ဦးဇင်းတွေ ကိုရင်တွေနဲ့ ဝေးဝေးသွားတယ်မဟုတ်လား? အဲဒါပဲ ပရိသတ်ရေ၊ ထင်ရှားတာနဲ့ မထင်ရှားတာ ဒီလိုကွာသွားတယ်။

အဲဒါကြောင့် အားလုံးပဲ သဒ္ဓါ, သီလ, စာဂ, ပညာ ၄–ချက်ညီစေရမယ်။ ပြီးတော့ ကောင်းမှုများများ ပြု၊ တန်ခိုးရှိလာမယ်။ အနာထပိဏ်လို ကျော်ကြားလာမယ်။ အဲဒီတန်ခိုးကို ပုညတေဇခေါ်တယ်၊ ခေါ်လိုက်ပါ။

(ပုညတေဇပါဘုရား)

မြတ်စွာဘုရားဟာ နေ့လဲတောက်ပတယ်။ ညလဲ တောက်ပတယ်။ ဘာဖြစ်လို့လဲ? ကောင်းမှုကြီးမားလို့ တောက်ပတယ်။

နောက်တစ်ခါ ဘာတေဇလဲဆိုရင် ဓမ္မတေဇ၊ နံပါတ်(၅)က အားလုံးပြော၊ ဘာတေဇလဲ?

(ဓမ္မတေဇပါဘုရား)

ဓမ္မတေဇ=ဓမ္မတန်ခိုးဖြင့်။ အဓမ္မလောကံ=အဓမ္မ ကျင့်သုံးတဲ့ ကမ္ဘာလောကမှာ။ အဘိဘဝိတွာ=လွှမ်းမိုး ပြီးတော့မှ။ တပတိ=တောက်ပလာမယ်တဲ့။

ဓမ္မကို ကျင့်သုံးတဲ့ ပုဂ္ဂိုလ်ဆိုရင် အဓမ္မသမားတွေ ပေါ်မှာ လွှမ်းမိုးပြီးတော့ ဘာဖြစ်မလဲ? ထင်ရှားကျော်ကြား လာမယ်၊ အဲဒီတော့ ဓမ္မသည်ပင်လျှင် တန်ခိုးပဲ၊ တန်ခိုး ဘယ်နှစ်မျိုးရ၊ သီလတေဇရယ်၊ ပညာတေဇရယ်၊ ဂုဏ တေဇရယ်၊ ပုညတေဇရယ်၊ ဓမ္မတေဇရယ် တေဇ ဘယ် နှပါး။ ၅–ပါး။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ညနေ စောင်းတုန်းက မင်းသိဒ္ဓတ် ဗောဓိပင်ရင်း တင်ပျဉ်ခွေ ထိုင်ပြီးတော့ အလွန်အလေးအနက် ကမ္ဘဋ္ဌာန်းကျင့်၊ ဟို–သိကြားပြဟ္မာ နတ်ဒေဝါက ထီးဖြူတွေ တံခွန် ကုက္ကားတွေ ရေပြည့်အိုးတွေ အမွှေးနံ့သာတွေ ပန်းတွေ သားမြီးယပ်တွေ ပတ္တမြားယပ်တွေ ခရုသင်းတွေကိုင်ပြီး ဘုရားကို ပူဇော်မလို့ဆိုပြီး ဘုရားလောင်းကို ဝိုင်းနေ ကြတယ်။

ညနေစောင်း နေမဝင်ခင် မဟာဂီရိမေခလာ ဆင် ပြောင်ကြီးစီးပြီး မာရ်နတ်က ဖြုန်းဆို လက်ရုံးတစ်ထောင် ဖန်ဆင်း အပြင်းချီတက်တိုက်ခိုက်တော့ ခုနက သိကြား ပြဟ္မာ နတ်ဒေဝါတွေက အကုန်လုံး ကြောက်အား လန့်အားနဲ့ ထွက်ပြေးကုန်ကြတယ်။ ဗောဓိပင်အောက်မှာ ဘုရားအလောင်း မင်းသိဒ္ဓတ်တစ်ဦးတည်း ကျန်ရစ်တယ်။ ပရိသတ်ရေ၊ မာရ်နတ်လာတိုက်တဲ့အချိန်မှာ သိကြား ပြဟ္မာ စစ်ကူရယ်လို့ အနားမှာတစ်ယောက်မှမရှိဘူး။ အရေးကျတော့ ပြေးကြတယ်။ ဘုရားအလောင်း တစ်ယောက်တည်းပဲကျန်တယ်။

အဲဒီတော့ လက်ရုံးတစ်ထောင်ဖန်ဆင်း၊ လက်ထဲမှာ လက်နက်မျိုးစုံကိုင်ချီတက်လာတဲ့ ဒီမာရ်နတ်ကို မြတ်စွာ

ဘုရားသခင်ကိုယ်တော်မြတ်က ဘာနဲ့အနိုင်ယူသွားသလဲ ဆိုရင် မှတ်ထား၊ ဓမ္မနဲ့အနိုင်ယူတာ။ ဘာနဲ့လဲ?

(ဓမ္မနဲ့ပါဘုရား)

ဘယ်ဘက်လက်ပေါ်မှာ ညာဘက်လက်ကလေး ထပ်ပြီးတော့ တင်ပျဉ်ခွေထိုင် တရားကျင့်နေတဲ့ ဘုရား အလောင်းဟာ မျက်စိဖွင့်လဲကြည့်ရော"ဟာ–ဒီမာရ်နတ် တော့ ငါ့နှောင့်ယှက်နေပြီ။ မဖြစ်ဘူး။ ကာကွယ်မှ ဖြစ်မယ်"ဆိုပြီးတော့ တစ်ခြားတန်ခိုးတွေ ဘာတွေကို ဘာမှအသုံးမချဘူး။ "သိကြားမင်းလာကူပါဦး" လို့လဲ မပြောဘူးနော်၊ ဗြဟ္မာကြီးတွေ လာကူကြပါဦးလို့ကော စစ်ကူတောင်းသလား? မတောင်းဘူးတဲ့။ ကိုယ့်ဓမ္မကို ကိုယ့်ဘာသာအားကိုးတာနော်။

သူကိုယ်တိုင် ကျင့်ထားတဲ့ ဓမ္မက ဘာလဲဆိုရင် သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ တိုတိုလေးပါ။ ပြောစမ်းပါ ဘာတွေလဲ?

(သီလ, သမာဓိ, ပညာပါဘုရား)

ကာယကံ ဝစီကံ ပြစ်မှုမရှိအောင်ထိန်း အဲဒါ သီလပဲ။

မနောကံ စိတ်ပြစ်မှားမှု လွန်ကျူးမှုမရှိအောင်ထိန်း အဲဒါ သမာဓိပဲ။

ပညာတဲ့ ပရိသတ်ရေ၊ မိမိရဲ့ခန္ဓာကိုယ်ခြေဖျားနဲ့ ဆံပင်ဖျား တစ်လံလောက်ရှိတဲ့ အထဲမှာ ဘာတွေ ရှိနေသလဲဆိုတာကြည့်၊ အဲဒါ ပညာပဲ။ အဲဒီ သီလ, သမာဓိ, ပညာ သုံးခုပေါင်းကို ဘာခေါ်သလဲဆိုရင် "ဓမ္မ"လို့ခေါ်တယ်။ ခေါ်လိုက်ပါ။

(ဓမ္မပါဘုရား)

အဲဒီဓမ္မက ငါ့ကျင့်ထားတာမို့လို့ ငါကျင့်တဲ့ ငါ၏ ဓမ္မသည် ငါ၏အားကိုးရာပဲတဲ့၊ ကိုယ်ကိုယ်တိုင်ကျင့်ထားတဲ့ ဓမ္မသည် ကိုယ့်အတွက် ဘာဖြစ်နိုင်သလဲ? အားကိုးရာတဲ့။ 'ကိုယ့်ကိုယ်ကိုသာ အားကိုးပါ'ဆိုတာ အဲဒါပါပဲ။

အဲဒီတော့ မင်းသိဒ္ဓတ်က ဘယ်ဘက်လက်ပေါ် ထပ်ထားတဲ့ ညာလက်ကိုအသာလေးရုပ်၊ ဒူးပေါ်ကနေ အသာလျှောချ၊ မြေကြီးကို အသာထောက်လိုက်ပြီးတော့၊

"လေးအသင်္ချေ ကမ္ဘာတစ်သိန်း ငါကျင့်ခဲ့တဲ့ ဒီဓမ္မဟာ (၁) သတ္တဝါတွေအကျိုးရှိဖို့၊ (၂) ဆွေတွေမျိုးတွေ အကျိုးရှိဖို့၊ (၃) ငါကိုယ်တိုင် ဘုရားဖြစ်ဖို့ ကျင့်ခဲ့တာ ဟောဒီ မဟာပထဝီမြေကြီး အသိသားပဲ"လို့ လက်ကလေးနဲ့ မြေကြီးကို ထိလိုက်တာ။ ဆင်းတုတော်တွေကို ကြည့်လိုက်ရင် ညာလက်က မြေကြီးကိုထောက်ထားတာကို တွေ့တယ်မဟုတ်လား?၊ အဲဒါ အောင်တော်မူခန်းခေါ်တယ်နော်။ မြေကြီးကလဲပဲ–

"ဟုတ်တာပေါ့၊ သေချာတာပေါ့" သဘောပြောတဲ့ အနေနဲ့ အလွန်ပြင်းစွာ မြေကြီးက တုန်လှုပ်တာ၊ မြေကြီး ပြင်းပြင်းထန်ထန် လှုပ်တော့မှ ဟိုလေးဘက်ထောက်နေတဲ့ဆင်က "ဗုန်း"ခနဲ ပြိုလဲတော့ ဆင်ပေါ်က မာရ်နတ်လဲ ဖရိုဖရဲကျပြီး စစ်တပ်ပျက် ထွက်ပြေးသွားတယ်။ အဲဒီမာရ်နတ်က တိုက်တဲ့ တိုက်ပွဲကို သိဒ္ဓတ္ထဂေါတမက ဘာနဲ့အနိုင်ယူသလဲဆိုရင် ဓမ္မနဲ့အနိုင်ယူတယ်။ ဘာနဲ့လဲ?

(ဓမ္မနဲ့ပါဘုရား)

သိကြားတို့ရဲ့ အကူအညီပါသေးသလား? ဗြဟ္မာတွေရဲ့အကူအညီပါသေးသလား? သိကြားဗြဟ္မာ နတ်ဒေဝါလို့ခေါ်တဲ့ တစ်ခြားသူတွေရဲ့ အကူအညီ မယူဘဲနဲ့ ကိုယ့်ရဲ့ ကျင့်သုံးထားတဲ့ ကိုယ့်ဓမ္မစွမ်းရည်နဲ့ ကိုယ့်ဟာကိုယ် အနိုင်ယူတာ။ ပရိသတ်ရေ၊ အဲဒါမျိုးကို ဘာခေါ်သလဲ? ဓမ္မတေဇ ဘာခေါ်လဲ? ပြော။

(ဓမ္မတေဇပါဘုရား)

တေဇ ၅-မျိုးတဲ့၊ သီလတေဇရယ်၊ ပညာတေဇရယ်၊ ဂုဏတေဇရယ်၊ ပုညတေဇရယ်၊ ဓမ္မတေဇရယ် ဆိုတဲ့-

တေဇေဟိ=တေဇဝါးမျိုးတို့ဖြင့်။ ဗုဒ္ဓေါ=ဘုရား မြတ်စွာရှင်တော်သည်။ သဗ္ဗမဟောရတ္တိံ=နေ့ရောညရော အခါခပ်သိမ်း။ တပတိ=တောက်ပတယ်ရယ်လို့၊ သတ္ထာ= နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အဝေါစ=ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

(၃)

# မဟာကပ္ပိနမထေရ်ဖြစ်တော်စဉ်

ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ် အဲဒီ သဗ္ဗမင်္ဂလာဆိုတဲ့ တေဇ ၅-ပါး တရားတော်ကို သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်မှာ နေတုန်းကာလ ဘယ်ကျောင်းတိုက်လဲ?

(ဇေတဝန်ကျောင်းတိုက်ပါဘုရား)

ဘယ်သူဆောက်တဲ့ကျောင်းလဲ။

(အနာထပိဏ်သူဌေး ဆောက်တဲ့ကျောင်းပါဘုရား)

အဲ-ဒကာမကြီး ချွန်ချွန်မထားနဲ့နော်၊ ထည့်လိုက်ဦး ပုညလက္ခဏာဒေဝီတဲ့၊ ဘယ်သူလဲ?

(ပုညလက္ခဏာဒေဝီပါဘုရား)

---

၁။ နိဒါန-သံ-ပါ ၄၇၁ ဋ္ဌ-၂၂၃။
အံ-ဝ-ပါ-၂၆၊ ဋ္ဌ ၂၄၆။
ထေရ-ပါ-၃၀၂၊ ဋ္ဌ ၃/၁၇၉။
အပ-ပါ-၃-၁၁၈၊ ဋ္ဌ ၂၁၈။
ဓမ္မ-ဋ္ဌ ပ-၃၅၁။
ဇာဋ္ဌ-၂၊ ၃၆၈။

အဲဒီ အနာထပိဏ်သူဌေးနဲ့ ပုညလက္ခဏာဒေဝီ ဆောက်လုပ်တဲ့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား ကိန်း အောင်းစံပျော် မွေ့လျော်တဲ့ကာလတုန်းက -

အာယသ္မန္တံ မဟာကပ္ပိနထေရံ=အရှင်မဟာကပ္ပိန မထေရ်ကြီးကို။ အာရဗ္ဘ=အကြောင်းပြု၍။ ဒေသေသိ= ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

(သာဓု - သာဓု - သာဓုပါဘုရား)

ဘယ်သူ့အကြောင်းပြုဟော၊ မဟာကပ္ပိန၊ ပြောပါ။

(မဟာကပ္ပိနပါဘုရား)

ဘယ်မှာဟောတာ၊ ဇေတဝန်ကျောင်းတိုက်မှာ။ မြိုင်ကြီးငူမှာကော မဟောဘူးလား။ ဟောပါတယ်။ သာဝတ္ထိမြို့က ဇေတဝန်ကျောင်းတိုက်မှာ ဘုရားရှင် ကိန်းအောင်းတော်မူဆဲကာလ မဟာကပ္ပိနမထေရ်ကို အကြောင်းပြု၍ ဟောတော်မူတယ်။ မဟာကပ္ပိနမထေရ် တဲ့။ ပရိသတ်ကြီး မဟာကပ္ပိနမထေရ်ဟာ ရှင်ဘုရင် ဘဝကနေ ရဟန်းပြုလာတာဖြစ်တယ်။ ဘယ်တိုင်းပြည် က ရှင်ဘုရင်လဲဆိုရင် ပရိသတ်ကြီး မှတ်ထား၊ မဒ္ဒတိုင်း က ရှင်ဘုရင်တဲ့၊ ဘာတိုင်းလဲ?

(မဒ္ဒတိုင်းပါဘုရား)

မဒ္ဒတိုင်းဆိုတာ ဒီကနေ့ အိန္ဒိယပြည်ကြီးရဲ့ ဟိုး အနောက်ဘက် ပါကစ္စတန်နားမှာ ကပ်လျက်တည်ရှိနေတဲ့ ပန်ဂျပ်ပြည်နယ်ကို ရှေးတုန်းက မဒ္ဒတိုင်းခေါ်ပါတယ်။ အိန္ဒိယပြည်ကြီးရဲ့ မြေပုံကိုကြည့်လိုက်ရင် ဟိုး အနောက်ဘက် ပါကစ္စတန်နားမှာ ကပ်လျက်စပ်လျက်ရှိနေတဲ့ ပန်ဂျပ်ပြည်နယ်၊ ပြောကြည့်စမ်းပါ။

(ပန်ဂျပ်ပြည်နယ်ပါဘုရား)

'ပန်ဂျပ်'ဆိုတဲ့ စကားဟာ မူရင်းကတော့ 'ပဉ္စအာပ'လို့ ခေါ်တယ်။ ပဉ္စအာပကနေ ပဉ္စာပ။ ပဉ္စာပကနေ ပန်ဂျာပ။ ပန်ဂျာပကနေ ပန်ဂျပ်၊ မြန်မာပြည်က မြန်မာတွေ ပါးစပ်ထဲရောက်တော့မှ ပန်ချာပီလို့ ဒီလိုဖြစ်လာတယ်။ ခေါင်းပေါ်မှာ အထုပ်ကြီးတွေနဲ့ အသားဖြူဖြူ အရပ်ရှည်ရှည် ကုလားကြီးတွေ တွေ့ဖူးတယ်မဟုတ်လား? အဲဒါပဲ ပန်ချာပီဆိုတာ၊ ပန်ဂျပ်ကလူတွေကို ပြောတာနော်၊ သူတို့လူမျိုးတွေရဲ့ အကျင့်က တစ်မျိုး၊ ခန္ဓာကိုယ်က ဘာအမွေးအမျှင်ကိုမှ ရိတ်ခြင်း၊ ဖြတ်ခြင်း ဘာမှမပြုရဘူးတဲ့။ အမွေးအမျှင်ကို ရိတ်တယ်၊ ဖြတ်တယ်ဆိုရင် အဲဒါ အကုသိုလ်ဖြစ်တယ်၊ အပြစ်ရှိတယ်ဆိုပြီး မွေးလာကတည်းက ပေါက်တဲ့အမွေးကို ဘာမှမလုပ်ဘဲ ဒီအတိုင်းထားတော့ ခေါင်းပေါ်မှာဆံပင်တွေတစ်ထုပ်ကြီး ဖြစ်နေတယ်၊ ပါးမှာလဲ ပါးသိုင်းမွေးတွေနဲ့၊

မေးမှာလဲ မှတ်ဆိတ်မွေးတွေ တစ်ထွေးကြီး၊ အဲဒီလို ဖြစ်လာနေတာ။ ခေါင်းပေါ်က ဆံပင်မွေးတွေ သိပ်များတော့ အဝတ်ကြီးနဲ့ ထုပ်လို့ ကောက်ညှင်းထုပ်လိုပဲ ပေါင်းထားရတယ်။ အဲဒါကို ပေါင်းထုပ်ကြီးတွေလို့ ခေါ်တယ်။ ဘာတိုင်းလဲဆိုတာ မှတ်မိစေချင်ပါတယ်။ ရှေးတုန်းက ခေါ်တာက မဒ္ဒတိုင်း။ ဒီကနေ့ မဒ္ဒတိုင်း နာမည်ပျောက်ပြီး ပန်ဂျပ်ပြည်နယ်တဲ့။

ပန်ဂျပ်ပြည်နယ်ဆိုတဲ့ စကားလုံးဟာ 'ပဥ္စအာပ' ကနေ ဖြည်းဖြည်း ဖြည်းဖြည်း ပြောင်းသွားတာ။ 'ပဥ္စ' ဆိုတာ ၅–ခု။ 'အာပ'ကမြစ်။ အဲဒီအရပ်မှာ မြစ်၅–ခု ရှိတယ်တဲ့။ မြစ်မကြီးက 'အိန္ဒုမြစ်'၊ ခေါ်ကြည့်လိုက်ပါ။

(အိန္ဒုမြစ်ပါဘုရား)

အိန္ဒုမြစ်ကို ဒီကနေ့တော့ သိန္ဒုလို့လဲ ခေါ်တယ်။ 'အိန္ဒု'တဲ့၊ 'သိန္ဒု'တဲ့ ဒီလိုရှိတယ်။ ဘုန်းကြီးတို့ မော်လမြိုင် ကအလာ မော်တော်ကားလမ်းဘေးမှာလဲ အိန္ဒုဆိုတာ တစ်ခုတွေ့ခဲ့သေးတယ်။ အဲဒါ မြစ်ကိုခေါ်တာလား? မြို့ကိုခေါ်တာလား? ဒီမှာလဲ အိန္ဒုတော့ တွေ့နေပြန် ပါပြီ။ ဘာကိုခေါ်တာလဲ? ဒကာကျော်သန်း။

(ရွာကိုခေါ်တာပါဘုရား)

ရွာကိုခေါ်တာဆိုရင် အဲဒီရွာနားမှာ ချောင်း တစ်ချောင်း ရှိလိမ့်မယ်ထင်တယ်။ ရှိသလား? အဲဒီချောင်း

ဟာ အိန္ဒူချောင်းဖြစ်မယ်။ အဲဒီချောင်းကို အကြောင်းပြုပြီး ဒီရွာကို 'အိန္ဒူရွာ'လို့ခေါ်တာဖြစ်မယ်။ ဘုန်းကြီးထင်တာပေါ့လေ။

ဟိုမှာကတော့ 'အိန္ဒူ'ဆိုတာ မြစ်ကို နာမည်ပေးထားတယ်။ မူလက အိန္ဒူဆိုတာ လထက်ခြမ်းကလေးကို 'အိန္ဒူ'လို့ခေါ်တယ်။ ခုလို လဆန်းရက်များမှာ ပေါ်လာတဲ့ လကလေးဟာ ကွေးကွေးလေးနေတယ်မဟုတ်လား? အဲဒီလကွေးကလေးကို 'အိန္ဒူ' ခေါ်တယ်၊ အဲဒီမြစ်က ဘာနဲ့တူသလဲ? လကွေးကွေးလေးလို ဟိမဝန္တာက စီးဆင်းလာလို့ အဲဒီမြစ်ကို လကွေးနဲ့ တူလို့ အိန္ဒူမြစ်ခေါ်တယ်။ အဲဒီမြစ်ကနေ ခွဲခွဲပြီးတော့ မြစ်ခွဲတွေ ထွက်သွားလိုက်တာ ရာဝတီဆိုတာလဲ အဲဒီမှာပဲ၊ သူရဿတီမြစ်ဆိုတာလဲ အဲဒီမှာပဲ။ ခုဒီနားက ဘာမြစ်လဲ? သံလွင်မြစ်၊ သံလွင်မြစ်တော့ ပါတာမတွေ့ဘူး။ သလ္လာဝတီဆိုတဲ့မြစ်၊ ဟိုးချင်းတွင်းကို သလ္လာဝတီခေါ်တယ်၊ သလ္လာဝတီဟာလဲ အဲဒီမှာပဲရှိတယ်၊ နောက်မြစ်တစ်ခုက စန္ဒဘာဂါမြစ်၊ အဲဒီမှာရှိတယ်။ မြစ်၅-ခုကိုခေါ်တယ်။ ပဥ္စအာပါ။ ခေါ်ကြည့်-

(ပဥ္စအာပါ ပါဘုရား)

စာလုံးဖြည်းဖြည်းပြောင်းပြောင်းပြီးတော့ ပဋ္ဌာပကနေ ပန်ဂျပ်တွေ ဘာတွေ ဖြစ်သွားတယ် မဟုတ်လား? မြေကြီးမှာ ရှိနေတဲ့ ပထဝီရဲ့ သဘောသဘာဝကို နားလည်ဖို့ကောင်းတာ။ အဲဒါတွေ တတ်တာ သိတာတွေကို ပညာတတ်တာရယ်လို့ တစ်စိတ်တစ်ဒေသ ခေါ်လို့ရတယ်။ အဲဒီလို တတ်တာ သိတာများရင် အဲဒီလိုလူမျိုးတောက်ပတာပဲ။

ပန်ဂျပ်ပြည်နယ်သည် ရှေးတုန်းက မဒ္ဒတိုင်း၊ မဒ္ဒတိုင်းမှာ အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်၊ ခုနကပြောထားပြီးပြီ။ မဟာကပ္ပိနမင်း၊ မိဖုရားခေါင်ကြီးကတော့ အနောဇာဒေဝီတဲ့။ မိဖုရားခေါင်ကြီးက ဘယ်သူလဲ?

(အနောဇာဒေဝီပါဘုရား)

မင်းရယ်၊ မိဖုရားရယ်၊ တိုင်းပြည်ရယ် သုံးခုမှတ်မိရင် မနည်းဘူး။

ပြည်က မဒ္ဒတိုင်း၊

မင်းက မဟာကပ္ပိန၊

မိဖုရားကြီးက အနောဇာဒေဝီ။

အဲဒီ မဒ္ဒတိုင်းမှာ အုပ်ချုပ်မင်းလုပ်နေတဲ့ မဟာကပ္ပိန ရှင်ဘုရင်နဲ့ အနောဇာဒေဝီတို့ စိုးစံရာ ကုက္ကုဋဝတီခေါ်တဲ့ ရွှေမြို့တော်ဆီသို့ သာဝတ္ထိမြို့ကနေ ကုန်သည်

တွေရောက်သွားတယ်။ သာဝတ္ထိက ကုန်သည်တွေ လှည်းပေါ်မှာ ကုန်တွေအများကြီးတင်ပြီး အိန္ဒိယပြည်ကြီးရဲ့ ဟိုးအနောက်မြောက်ကို တအိအိနဲ့သွား၊ မဟာကပ္ပိနမင်းရဲ့ နေပြည်တော်ရောက်တော့ ကုန်ရောင်းမလို့ ကြိုးစားတယ်။ ကုန်သည်တွေကို လူတွေကမသိ၊ ကုန်ပစ္စည်းကိုလဲ မသိတော့ အရောင်းကမသွက်ဘူး။ မိတ်ဆွေမရှိတဲ့အတွက် မသွက်တာပါ။ ကုန်သည်တွေ စဉ်းစားတယ်၊ "ရှင်ဘုရင်နဲ့ တို့အကျွမ်းဝင်အောင်လုပ်မယ်"ပေါ့၊ သာဝတ္ထိကသွားတဲ့ ကုန်သည်တွေ ဘာနဲ့ အကျွမ်းဝင်အောင် လုပ်ဖို့လဲ?

(ရှင်ဘုရင်နဲ့ အကျွမ်းဝင်အောင်လုပ်ဖို့ပါဘုရား)

ရှင်ဘုရင်နဲ့ အကျွမ်းဝင်အောင်လုပ်မယ်၊ ရှင်ဘုရင် ဘယ်မှာရှိသလဲ? စုံစမ်းတော့ မဟာကပ္ပိနမင်းကြီးဟာ ကုန်သည်တွေ စုံစမ်းနေတဲ့အချိန်မှာ အားလပ်တဲ့ရက် ဆိုပြီးတော့ ဥယျာဉ်ထဲသွား ပျော်ပွဲစားပြီး ကစားနေတာ၊ အနောဇာဒေဝီ မိဖုရားကြီးက ရွှေနန်းတော်မှာ ကျန်ရစ်တယ်။ ကုန်သည်တွေက–

"ရှင်ဘုရင်က ဥယျာဉ်ထဲမှာတဲ့။ ဥယျာဉ်ထဲသွားတွေ့ရတာ လွယ်တယ်၊ နန်းတော်ထဲ သွားတွေ့ရတာသာ ခက်တာ" ဆိုပြီးတော့ လက်ဆောင်ပစ္စည်းတွေယူပြီး

စောင့်နေတဲ့ လုံခြုံရေးအရာရှိကို ခွင့်တောင်းလို့ ခွင့်ရတာနဲ့ ဝင်တွေ့၊ ကုန်သည်တွေက လက်ဆောင်ပေး။ ဘုရင်ကြီးက လက်ခံယူပြီးတော့ အာလာပ သလ္လာပ ပြောရင်း ကုန်သည်တွေကို မေးတယ်။

(၄)

# ရတနာသတင်းပေးလာသူများ

ပရိသတ်ကြီး၊ မမေ့နဲ့၊ ကုန်သည်တွေ ဘယ်တိုင်းပြည်က?

(သာဝတ္ထိပြည်ကပါဘုရား)

မြတ်စွာဘုရား ကိုယ်တော်မြတ်က အဲဒီ သာဝတ္ထိမှာရှိနေတဲ့အခိုက်နေ၌၊ ပန်ဂျပ်ဆိုတဲ့အရပ်သည် သာဝတ္ထိပြည်ကနေ ဟိုးအနောက်မြောက်မှာ၊ ဒီကနေ့ခေတ် မိုင်နဲ့တွက်ရင် မိုင်ပေါင်း ၈၀၀/၉၀၀ လောက်ဝေးတယ်၊ အဝေးကြီးပဲ၊ ဘုရားမရောက်၊ တရားမရောက်တဲ့ အစွန်အဖျားဒေသဖြစ်တယ်။ ဘုရား တရား သံဃာ မရောက်တဲ့ အစွန်အဖျားဒေသမျိုးကို ရှေးတုန်းက ခေါ်တဲ့ စကားလုံးက ဘာတဲ့လဲ? ပစ္စန္တရစ်လို့ ခေါ်တယ်မဟုတ်လား?

ဘုရားလဲ အရောက်မရှိဘူး၊ တရားသံဃာလဲ မရောက်ဘူး။ အဲဒီတော့ မဟာကပ္ပိနမင်းကြီးက ဘုရား ပွင့်တယ်ဆိုတဲ့သတင်း ကြားတောင်မကြားဘဲ ဖြစ်နေ တယ်၊ ဘုရားက ပွင့်ပြီးနေလို့ ဘယ်မှာရှိလဲ? သာဝတ္ထိမှာ ရှိတယ်။ မင်းကြီးနဲ့ မိဖုရားကြီးတို့က ဘုရားပွင့်တယ် ဆိုတဲ့သတင်း မကြားရသေးဘူး။ အစွန်အဖျားဆိုတော့ ပရိသတ်ရေ–ဆုံးရှုံးမှုက အဲဒီလို အများကြီးရှိတယ်။ အဲဒီတော့ ကုန်သည်တွေကို မေးတယ်။

"မင်းတို့လက်ဆောင်ပေးတာတော့ ကျေးဇူးတင်ပါ့ ကွာ။ မင်းတို့ရဲ့ သာဝတ္ထိမှာ ထူးဆန်းတဲ့သတင်းများ ဘာရှိသလဲ? ငါ့ကိုပြောစမ်းပါ"

ရှင်ဘုရင်က သတင်းထူးတောင်းတာ။ ကုန်သည် တွေက ပြောတယ်။

"အရှင်မင်းကြီး၊ ကျုပ်တို့တိုင်းပြည်မှာ သတင်း အလွန်ထူးပေါ့ဗျာ"

"ဘယ်လိုသတင်းထူးလဲ?"

"ရတနာနဲ့ ပတ်သက်တဲ့သတင်း"

ပရိသတ်ကြီး ဘာနဲ့ပတ်သက်သလဲ?

(ရတနာနဲ့ ပတ်သက်ပါတယ်ဘုရား)

ရတနာသတင်းတွေ ပါတယ်တဲ့။

"ဒါဆိုရင် အဲဒီရတနာသတင်းပြောစမ်းပါ၊ စိန်ရတနာလား? ရွှေရတနာလား? ကျောက်စိမ်းလား? ကျောက်နီလား?ပေါ့၊ ခေတ်လိုပြောရင် ဒီလို။

"မဟုတ်ဘူးအရှင်မင်းကြီး၊ အလွန်ထူးခြားတဲ့ရတနာသုံးပါးသတင်းရှိတယ်"

"အဲဒါဆို ပြောစမ်းပါ၊ ဘာတွေလဲ?"မေးတော့ကုန်သည်တွေက–

"အရှင်မင်းကြီး ဒီရတနာရဲ့ သတင်းကို ကျုပ်တို့ဒီအတိုင်းမပြောနိုင်ဘူး၊ အဲဒီရတနာက ဒုလ္လဘရတနာ" တဲ့။ ပြောပါ ဘာရတနာလဲ?

(ဒုလ္လဘရတနာပါဘုရား)

အလွန်ရနိုင်ခဲတဲ့ ဒုလ္လဘရတနာ။ နောက်တစ်ခါတန်ဖိုးမဖြတ်နိုင်တဲ့ အနဃ္ဃရတနာ၊ ဟော–ရတနာ့ဂုဏ်ရည် ဘယ်နှစ်ပါးရသလဲ?

"ဒုလ္လဘရတနာ၊ အလွန်ရနိုင်ခဲတဲ့ရတနာ၊

အနဃ္ဃရတနာ–တန်ဖိုးမဖြတ်နိုင်တဲ့ရတနာ၊

စိတ္တီကတရတနာ အလွန်အံ့ဩဖွယ်ထူးတဲ့ရတနာ၊ အဲဒီ ရတနာကို ကျုပ်တို့ပြောမယ်ကြံရင် ရှေးဦးစွာကျုပ်တို့ခံတွင်းကို ရေဆေးရဦးမယ်"တဲ့။

ကြီးကျယ်လိုက်တာ၊ ရတနာသတင်းပြောမယ်ကြံရင်ပါးစပ်ကို ဘာလုပ်ရဦးမလဲ? ရေဆေးပေးရဦးမယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့ ဒီမှာ ရေခွက်လေး တင်ထား တယ်နော်။ ရတနာသုံးပါးအကြောင်းပြောရင် ပါးစပ်ဆေး ပြီးမှ ပြောရပါတယ်။ တန်ဖိုးနားလည်တဲ့ ပုဂ္ဂိုလ်တွေ လုပ်တာ။

"ခံတွင်းဆေးချင်လား ဆေးကွာ"ဆိုပြီး ရှင်ဘုရင်က ရွှေခွက်နဲ့ ရေချပေးလိုက်တယ်။ ဘုရင်သောက်တဲ့ ရွှေခွက်နဲ့ သူတို့က ပါးစပ်တွေဘာတွေဆေး၊ ရေသောက် ပြီးတဲ့အခါ–

"ကဲ–ပြောကွာ"လို့ ဘုရင်ကြီးကဆိုတယ်။

"ဟာ–ဒါလောက်နဲ့ မပြောနိုင်သေးဘူး၊ မွန်မြတ် သော အစာအာဟာရကို စားပြီးမှ ပြောနိုင်မယ်"တဲ့၊ ဈေးကိုင်လိုက်တာနော်"

"ကိုင်း–စားကွာ"ဆိုပြီး ဘုရင်စားတဲ့ ရွှေလင်ဗန်းနဲ့ ထမင်းထည့်ပေးတယ်၊ ဘာနဲ့လဲ? ရှင်ဘုရင်စားတဲ့ ပွဲတော်အုပ်ကို ရွှေလင်ဗန်းနဲ့ ထည့်ပေးတာတဲ့၊ ဘာ ပြောမလို့လဲ? ရတနာသုံးပါးသတင်း ပြောမလို့။ ခုမလဲ ဘုန်းကြီးပြောမလို့ပါ။ ရွှေလင်ဗန်းနဲ့ ထမင်းမစားရသေးဘဲ ဖြစ်နေတယ်။ ဘယ်နှယ်လုပ်မလဲ? ဒကာကျော်သန်းရေ၊ နက်ဖြန်ကျမှ မင်းတို့ မြို့ကြီးငှမှာ ရွှေလင်ဗန်းလေးနဲ့ ထမင်းစားပြီးမှ ကျန်တာလေး ဆက်ဟော၊ ခုအားလုံး

အိမ်ပြန်ကြ၊ မကောင်းဘူးလား? အဲဒီလိုတော့ မကောင်း ဘူးထင်တယ်နော်၊ ဈေးကိုင်လွန်းအားကြီးတယ် ဖြစ်မယ်။

ဟိုမှာက ဘုရင်ဆိုတော့ ဟုတ်တာပေါ့ဗျာ၊ ဘုရင် ဆိုတော့ ဈေးကိုင်ချင်တိုင်းကိုင်၊ ပေးနိုင်တာကိုးဗျနော်။ မြို့ကြီးငှက ဒီကောဘီအေ တွေက အဲဒီလို ဈေးကိုင်လို့ ဘယ်ပေးနိုင်မှာတုန်း။ ကိုယ်တောင် မနည်း လုပ်စား နေရတဲ့ ဥစ္စာကြီး၊ သံပန်းကန်ပြားနဲ့ပဲ စားရစားရ စားပါ မယ်။ ရွှေလင်ဗန်းတွေ ဘာတွေတို့မတောင်းပါဘူး။

ရွှေခွက်နဲ့လဲ ပါးစပ်ရေဆေးရသေး၊ ရွှေလင်ဗန်းနဲ့ လဲ ထမင်းစားရသေးတယ်၊ အဲဒါတွေအပြီးမှာ–

"ကိုင်း! ပြောကွာ"ဆိုတော့–

"မပြောနိုင်သေးဘူး"တဲ့။

"အန္တို၊ ဘာလုပ်ပေးရဦးမှာလဲ"

"နံ့သာရေနဲ့ ရေချိုးရဦးမယ်"တဲ့။

ကြီးကျယ်လိုက်တာ ပရိသတ်ရေ၊ သတင်းပေးမဲ့ ဆရာတွေကို ဘာလုပ်ရဦးမလဲ?၊ နံ့သာနဲ့ ရေချိုးရမယ် ဆိုတယ်။

"ကိုင်း! ချိုးကွာ"ဆိုပြီး စန္ဒကူးနံ့သာတွေသွေး၊ ရေဖျော်စေပြီး ရေချိုးစေတယ်။ နံ့သာရေနဲ့ ရေချိုးပြီးပြီ ပြောပါဆိုပြန်တော့လဲ။

"မပြောနိုင်သေးဘူး၊ အဝတ်သစ်လဲရဦးမယ်"တဲ့။

ဘာလဲရဦးမှာ?

"အဝတ်သစ် လဲရဦးမှာပါဘုရား"

အား...ပြီးပဲမပြီးနိုင်တော့ဘူး၊ ဈေးကကိုင်နေလိုက်တာ။ ဘုန်းကြီး ခ–သင်္ကန်းတောင် မလဲခဲ့ရဘူး၊ ဘားအံကနေ မြိုင်ကြီးငူဆီကို လမ်းတစ်လျှောက်လုံး ဖျန်းတဲ့ ဖန်ခွက်ထဲက နံ့သာရည်တွေနဲ့ ဘုန်းကြီးလဲ ခရေချိုးပြီး တက်လာခဲ့တာ သင်္ကန်းတစ်ခုလုံး မွှေးနေခဲ့တာပဲ။ ဖန်ခွက်နဲ့ သပြေခက်နဲ့ ပက်လိုက်ကြတာ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ။

"သြော်...မြိုင်ကြီးငူသွားတာ ပြာသိုလကြီး သကြံန်ကျသလိုပါပဲလား"၊ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတယ်။ သနပ်ခါးကွက်တွေ သင်္ကန်းမှာ ခုထိ မပျောက်သေးဘူး။ သာဝတ္ထိက ကုန်သည်တွေလို ဈေးကိုင်ရရင် ခုည တရားတောင်ဟောဖြစ်မှာ မဟုတ်ဘူး၊ နံ့သာနဲ့လဲ ဘယ်သူမှ ရေလာမချိုးပေးဘူး၊ ရွှေခွက်နဲ့လဲ ရေလာမကပ်ဘူး၊ ဒါပေမယ့် ဘုန်းကြီးတို့ပြောမှာလဲ ရတနာသုံးပါးသတင်းပါပဲ။ ပန်ဂျပ် မဒ္ဒတိုင်းဆိုတဲ့ အစွန်အဖျားကို ကုန်သည်တွေ သွားပြောသလို ခုဘုန်းကြီးတို့ ဒီမှာ လာပြောရတာ ဟုတ်လား?

၁–က ခံတွင်းကို ရွှေခွက်ထဲကရေနဲ့ ဆေးတယ်၊
၂–က ရွှေလင်ဗန်းနဲ့ ထမင်းစားတယ်၊
၃–က နံ့သာရည်နဲ့ ရေချိုး၊ ပြီးတော့ ဘာလုပ်?
၄–က အဝတ်သစ်ကို ဝတ်တယ်တဲ့ဗျ၊ မပြောသေး ခင် ပြင်ဆင်နေတာ။ သူတို့များကြီးကျယ်လိုက်တာ။ မင်းကြီးက စဉ်းစားပြီ။

"ဒါလောက်တောင် ခမ်းခမ်းနားနား သူတို့လုပ်နေ ရင် သူတို့ပေးတဲ့သတင်းဟာ အလွန်ထူးခြားအံ့ဩဖွယ် ကောင်းပြီး တန်ဖိုးရှိတဲ့သတင်း ဖြစ်မယ်"တဲ့ တွေးနေတာ တွေးနေတာ။ အကုန်လုံးပြီးတဲ့အခါမှာ–

"ကိုင်း! ဘာလိုသေးလဲ?"

"မလိုတော့ပါဘူး"

"မလိုတော့ရင်ပြော"ဆိုတော့မှ–

သာဝတ္ထိပြည် ဇေတဝန်ကျောင်းနားက လာတဲ့ ကုန်သည်တွေ အရှေ့သာဝတ္ထိရှိရာကိုမှန်းပြီး အကုန်လုံး လက်အုပ်ချီပြီးတော့မှ ဘုရင်ကြီးကိုသတင်းပြောတာတဲ့ဗျ။

"**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ**"

သတင်းတစ်ပုဒ် ပေးပြီးနော်။

မဟာရာဇ=သမ္မုတိနတ် အိုမင်းမြတ်၊ သဗ္ဗပါဏိနံ= သုံးဆယ့်တစ်ဘုံ အကုန်လုံး ရှိရှိသမျှ သတ္တဝါတို့၏။

ဟိတာယ=လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွား ဖြစ်ထွန်းဖို့ရန် အလို့ငှာ။ လောကေ=လောကသုံးခွင် ဘုံအပြင်မှာ။ ဗုဒ္ဓေါ=ဗုဒ္ဓရှင်တော်သည်။ သမုပ္ပန္နော=ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်၍ နေပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

"သတ္တဝါတွေရဲ့ အကျိုးစီးပွားအတွက် လောကသုံးပါးမှာ ဘုရားရှင် ပွင့်ထွန်းပေါ်နေပြီ"တဲ့၊ ပရိသတ်ရေ သတင်းတစ်ပုဒ်။ သာဝတ္ထိကလာတဲ့ ကုန်သည်တွေ မဟာကပ္ပိနမင်းကြီးရဲ့ ရှေ့မှောက်မှာ သတင်းပေးနေတာ ဘာသတင်းလဲ? ဆိုရင် "ဗုဒ္ဓရတနာ"သတင်း။ ပရိသတ်ကြီး ဘာသတင်းလဲ?

(ဗုဒ္ဓရတနာသတင်းပါဘုရား)

ဗုဒ္ဓရတနာပေါ်ပြီလို့ "**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ**" အဲဒီသတင်းပေးပြီးလို့ ကုန်သည်တွေ ဦးတစ်ကြိမ်ချကြတယ်၊ ဘုရားရှင်ကိုမှန်းပြီး ဦးချတယ်နော်"

ဘုရင်ကြီးက 'ဗုဒ္ဓေါ'ဆိုတဲ့ သတင်းလဲကြားရော ဝမ်းသာလွန်းလို့ မေ့တောင်သွားတယ်တဲ့။ ကြားမှမကြားဘူးပဲကိုး။ မေ့သွားလို့ ပြန်သတိရလာတော့ မေးတယ်။

"ခုနက မင်းတို့ ဘာပြောလိုက်သလဲ"

"**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ**"

"ဟာ! ပြန်ပြောဦး"ဆိုတော့ သုံးခါပြန်ပြောရတယ်၊ သတိရတော့ ကျေးဇူးသိပ်တင်ပေါ့ကွာ။

ဟိုလူတွေ လက်အုပ်ချီပြီးတော့ ပြောတာ၊ ကုန်သည်တွေ ဘယ်လိုလုပ်ပြောသလဲ?

(လက်အုပ်ချီပြီး ပြောပါတယ်ဘုရား)

ဘုန်းကြီးက မိုက်ကရိုဖုန်း ကိုင်ပြောနေတာ၊ ဟိုလူတွေက လက်အုပ်ချီထားတယ်၊ အဲဒီလက်အုပ်ကို ဘုရင်ကြီးက–

"မင်းတို့လက်အုပ် ဖွင့်လိုက်စမ်း"ဆိုလို့ လက်အုပ်ဖွင့်လိုက်တော့ လက်ခုပ်ဖြစ်သွားတယ် မဟုတ်လား? ဘာဖြစ်လဲ? လက်ခုပ်ဖြစ်သွားတယ်။

ဘုရင်ကြီးက အဲဒီလက်ခုပ်ထဲ ငွေတစ်သိန်း ထည့်ပေးလိုက်တယ်။ လက်ခုပ်ထဲ ဘယ်လောက်ထည့်?

(ငွေတစ်သိန်းပါဘုရား)

သတင်းတစ်ပုဒ် ငွေတစ်သိန်းရတယ်၊ နောက်ထပ်ကျန်သေးလား?မေးတော့ ကုန်သည်တွေက–

"**ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ**" ဆိုပြီး သတင်းတစ်ပုဒ် ပေးပြန်တယ်။

မဟာရာဇ=သမ္မုတိနတ် အိုမင်းမြတ်၊ သဗ္ဗပါဏီနံ= သုံးဆယ့်တစ်ဘုံ အကုန်လုံး ရှိရှိသမျှ သတ္တဝါတို့၏၊ သုခါယ=ချမ်းသာဖို့ရန်အလို့ငှာ။ လောကေ=လောက သုံးခွင် ဘုံအပြင်မှာ၊ ဓမ္မော=တရားရတနာသည်။ သမုပ္ပန္နော=ကောင်းစွာမသွေ ဖြစ်ထွန်းပေါ်ပေါက်၍ နေပါ ပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

ရှင်ဘုရင် သတင်းဘယ်နှစ်ပုဒ်ရပြီလဲ? ဗုဒ္ဓရတနာ သတင်းကို တစ်ခုရခဲ့တယ်။ ခုရလိုက်တာက ဘာ သတင်း၊ ဓမ္မရတနာ ကမ္ဘာမှာပေါ်ပေါက်နေပြီတဲ့။

မဇ္ဈိမဒေသဆိုတဲ့ ဗဟိုချက်ချာ အရပ်မှာ ဒီလို ကြီးကျယ်တဲ့သတင်းတွေ ဖြစ်နေပေမယ့် အစွန်အဖျား ကျတဲ့အရပ်ကျတော့ ဒီကြီးကျယ်တဲ့ကိစ္စတွေကို အဲဒီက လူတွေ မသိကြဘူး၊ မကြားကြရဘူးတဲ့နော်။ ပစ္စန္တရစ် ဆိုတာ အဲဒီလို ဘုရား တရား သံဃာ အရောက် အပေါက် မရှိတဲ့အရပ်။ ခုနက ပန်ဂျပ်လို့ ခေါ်တဲ့ ရှေးတုန်းက မဒ္ဒတိုင်းဟာ ပစ္စန္တရစ် ဖြစ်နေတော့ ဘုရား ပွင့်တာတောင် မသိကြဘူး။ တရားဆိုတာလဲ မကြားဖူး ကြဘူး။ ကုန်ရောင်းသွားတဲ့သူတွေပြောမှ သတင်းပေးမှ ကြားရ သိရတယ်။ ကျေးဇူးတွေတင်လွန်းလို့ ‘ဓမ္မရတနာ သတင်း’ကြားတော့ တစ်သိန်းပေးပြန်တယ်။ ကုန်သည်

တွေ ငွေနှစ်သိန်းရသွားတယ်။ ဘုရင်ကြီးကလဲ ဒီရတနာသတင်းကို တန်ဖိုးထားတာကိုး။ နောက်ဘာရှိသေးသလဲ? ပြောဦးဆိုတော့ သံဃရတနာသတင်း။ နောက်သတင်းက ဘာသတင်းလဲ?

(သံဃရတနာသတင်းပါဘုရား)

**"သံဃော လောကေ သမုပ္ပန္နော**

**ပုညခေတ္တံ အနုတ္တရံ"**

မဟာရာဇ=သမ္မုတိနတ် အိမ်မင်းမြတ်။ သံဃော=သံဃာရတနာသည်၊လောကေ=လောကသုံးခွင် ဘုံအပြင်မှာ။ အနုတ္တရံ=အတုမရှိ မြတ်စွာသော၊ ပုညခေတ္တံ=ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးဖို့ အလို့ငှာ၊ သမုပ္ပန္နော=ကောင်းစွာပွင့်ထွန်း ပေါ်ပေါက်နေပြီ။

သံဃရတနာ ပေါ်ပေါက်လာတာဟာ လူသားတွေအတွက် ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးဖို့ လယ်ယာမြေကောင်းနဲ့တူတယ်။ သံဃာရတနာသတင်းကို ပေးလိုက်ပြန်တော့ ဘုရင်ကြီးက ကျေးဇူးတင်လွန်းလို့ တစ်သိန်းပေးပြန်တယ်။ လက်အုပ်တွေချီပြီး သတင်းတစ်ပုဒ် တစ်ပုဒ်အဆုံးမှာ တစ်ကြိမ်တစ်ကြိမ် ရှိခိုးပြီးတဲ့အပြီးမှာ အဲဒီလက်အုပ်ကို ဖွင့်ခိုင်းပြီးတော့ လက်ခုပ်ထဲမှာ တစ်သိန်း တစ်သိန်း ထည့်ထည့်ပေးတော့

သတင်း ၃–ပုဒ်ဆုံးတဲ့အခါမှာ သာဝတ္ထိကုန်သည်တွေ ငွေသုံးသိန်းရတယ်။

ကုန်သည်တွေ ပစ္စည်းမရောင်းရသေးဘဲ သတင်းရောင်းတာနဲ့ကိုပဲ တော်တော်လုံလောက်နေပြီ၊ ကုန်သည်တွေ တော်တော်ကျေနပ်နေတယ်။ လုပ်ပုံလုပ်နည်းလေးက ဆောင်ရွက်ပုံတော်တော်ကောင်းတာကိုး။ သတင်း ၃–ပုဒ်ပေးလို့လဲပြီးရော မဟာကပ္ပိနမင်းကြီးက မေးတယ်၊

"မင်းတို့ရဲ့ အဲဒီ မြတ်စွာဘုရားထံမှာ မြတ်တရားကျင့်ဖို့ရာ တို့သံဃာ့ဘောင်ဝင်ပြီးတော့ ရဟန်းပြုချင်တယ်။ ဖြစ်နိုင်မလား?"

"ဖြစ်တာပေါ့၊ မဖြစ်နိုင်တာမရှိဘူး"

"ကိုင်း! ဒါဆိုရင် တို့အခုသွားမယ်ကွာ"

မဟာကပ္ပိနမင်းကြီး ဘယ်သွားမလဲ? သာဝတ္ထိက ဘုရားရှိတဲ့ နေရာကို သွားမယ်တဲ့။ မြှင်ကြီးငှက လူတွေကော ဘယ်သွားမလဲ? စဉ်းစားကြည့်၊ သီတဂူသွားချင်သလား? စစ်ကိုင်းကို လာခဲ့ပါ အကုန်လုံး ဘုန်းကြီးဝတ်ပေးလိုက်မယ်။

(ရယ်သံများ)

(၇)

# အခက်အခဲကျော်ဖြတ်နိုင်ဖို့

မဟာကပ္ပိနမင်းကြီးက သွားမယ်ဆိုတော့ မင်းကြီးရဲ့ အနားမှာ ဝန်ကြီးတွေရော၊ အမတ်ကြီးတွေရော၊ စစ်သူကြီးတွေရော အားလုံး လူတစ်ထောင်ရှိတယ်၊ ဘယ်လောက်လဲ?

(လူတစ်ထောင်ပါဘုရား)

အားလုံး လူတစ်ထောင်ရှိတယ်၊ မင်းကြီးက မေးတယ်။

"ဟော့-မင်းချင်းတို့၊ ဘုရားရှိတဲ့ သာဝတ္ထိသွားပြီး တော့ တရားကျင့်ဖို့ ရဟန်းဝတ်မယ်။ မင်းတို့ လူတစ်ထောင်လိုက်ကြမလား"မေးတော့ အားလုံးက-

"လိုက်ကြမယ်"တဲ့၊ ပရိသတ်ကြီး ဘယ်အပေါ်မှာ ညှိထားသလဲ? မေ့မပစ်နဲ့၊ သဒ္ဓါရယ်၊ သီလရယ်၊ စာဂရယ်၊ ပညာရယ်ဆိုတဲ့ ဒီအခြေခံ-စည်းမျဉ်း ၄-ခု ပေါ်မှာ ညှိထားတာ။ လူတစ်ထောင်ညှိပြီးတော့ ဘုရင်ကြီး

နောက်ကနေ သာဝတ္ထိကိုလိုက်မယ်တဲ့။ ဟိုရောက်ရင် ဘာလုပ်ကြမလဲ? ရဟန်းဝတ်ကြမယ်၊ ပစ္စန္တရစ်က ပုဂ္ဂိုလ်တွေ သတင်းကြားတာနဲ့ မဇ္ဈိမဒေသကို သွားကြမယ်ပေါ့။ မင်းကြီးက ကုန်သည်တွေကို မေးတယ်။

"ဟော့-ဟော့ တို့တစ်တွေတော့ မဆိုင်းတော့ဘူး။ မိဖုရားတွေကိုလဲ မတိုင်ပင်တော့ဘူး၊ တို့တော့ သာဝတ္ထိသွားပြီး ရဟန်းဝတ်ကြမယ်"

မင်းကြီးက မိဖုရားတောင် မတိုင်ပင်ဘူးတဲ့နော်၊ ဘုန်းကြီးတို့ရဲ့ ဒကာကြီးတွေကတော့ တိုင်ပင်ကြဦး၊ မတိုင်ပင်ဘဲနဲ့ မလုပ်ကြနဲ့၊ တိုင်ပင်တယ်မဟုတ်လား? အမြဲတမ်း တိုင်ပင်နေတယ်။ ဒါကြောင့် ထွက်ကို မထွက်နိုင်တာ။

(ရယ်သံများ)

ဟိုကတော့ မတိုင်ပင်ဘူး "သွားမယ်"ဆို လူတစ်ထောင်ကလဲ တစ်ညီတည်းပဲ။

"ကိုင်း! ဒီလိုဆိုရင် အကုန်လုံးမြင်းတွေပေါ်တက်ကြ"တဲ့။ မြင်းစီးသွားတဲ့ခေတ်ကိုး၊ မဟာကပ္ပိနမင်းကြီးက ရှေ့ကဦးဆောင်၊ ဗိုလ်ခြေတစ်ထောင်နဲ့ မြင်းစီးပြီးတစ်ခါတည်း တိုင်းပြည်ကထွက်တယ်။ ကုန်သည်တွေကို မှာတော့မှာခဲ့တယ်။

"သွားကွာ၊ ရွှေနန်းတော်ထဲက မိဖုရားကြီးတွေဆီကို မင်းတို့သွားပြီး သတင်းပေးလိုက်ကြဦး၊ ဒီသတင်း ၃-ပုဒ်ကြားလို့ တို့တော့ မတိုင်ပင်ဘဲနဲ့ ထွက်သွားပြီကွာ၊ မိဖုရားတွေဆီ သတင်းပေးလိုက်၊ သူတို့ကြားလို့ ကျေနပ်ရင် သူတို့လိုက်လာမှာပေါ့။ အေး-မလိုက်လာနိုင်လို့ရှိရင်တော့ ပြောလိုက်ကွာ မိဖုရားတွေကို၊ "ရွှေနန်းတော်ကြီးနဲ့ တိုင်းပြည်ကို မိဖုရားကြီးကိုယ်တိုင် အုပ်ချုပ်ပြီးတော့ ဘုရင်မကြီး လုပ်ပေတော့လို့"

မိဖုရားကြီး အနော်ဇာဒေဝီက ဘာလုပ်ရမလဲ? ဘုရင်မကြီးလုပ်ပြီး တိုင်းပြည်အုပ်ချုပ်တော့တဲ့၊ ဘယ်သူတွေသွားပြီလဲ?၊ မဟာကပ္ပိနရှင်ဘုရင်ရယ်၊ ဝန်ကြီးတွေရယ်၊ အမတ်ကြီးတွေရယ်၊ စစ်သူကြီးတွေရယ် အကုန်လုံး မြင်းတွေစီးပြီး ထွက်သွားကြတယ်။ ကုန်သည်တွေက ရွှေနန်းတော်ဝင်ပြီး မိဖုရားတွေကို သတင်းပို့တယ်နော်။

ဘုရင်ကြီး မဟာကပ္ပိနခေါင်းဆောင်တဲ့ ဗိုလ်ခြေတစ်ထောင် မြင်းတွေစီးပြီးတော့ မဒ္ဒတိုင်း ကုက္ကုဋဝတီရွှေမြို့တော်က ထွက်ပြီးသွားလိုက်တယ်ဆိုရင်ပဲ ခုနက ပြောခဲ့တာ ပန်ချာပဆိုတဲ့ နယ်မှာ မြစ်ဘယ်နှစင်း၊ ငါးစင်းရှိတော့ ပရိသတ်ရေ၊ ရှေးဦးစွာ မြစ်တစ်စင်းနဲ့

တွေ့ပြီ၊ စန္ဒဘာဂါမြစ်နဲ့ မြင်းတစ်ထောင် ရင်ဆိုင်တိုးတော့ တယ်၊ မြစ်က ရေစီးလဲသန်တယ်၊ ကျယ်လဲကျယ်တယ်၊ မြစ်ကမ်းပါးမှာ မြင်းတွေအကုန်တန်းစီပြီးတော့ ဒီမြစ်ကို ဖြတ်ဖို့ တော်တော်အခက်အခဲ ကြုံနေကြတယ်၊ ဘုရားဆီ သွားတဲ့ခရီးမှာ ရှေ့က ဘာတားဆီးနေသလဲ? ရေစီး သန်တဲ့မြစ်ကြီး တားဆီးနေတာ။ ဘုရင်ကြီးက "ဒီမြစ် ကို ဘယ်လိုကျော်ဖြတ်ရမလဲ?" စဉ်းစားပြီး လူ တစ်ထောင်ကိုပြောတယ်။

"ဟေ့–မင်းချင်းတို့ ဒီမြစ်ကို ကျော်ဖြတ်ဖို့ ခက်တော့ ခက်တယ်။ အဲဒီ အခက်အခဲဟူသမျှကို တို့သစ္စာနဲ့ ကျော်ဖြတ်မယ်"တဲ့၊ ဘာနဲ့ကျော်မလဲ?

(သစ္စာနဲ့ကျော်ပါမယ်ဘုရား)

"သစ္စာနဲ့ကျော်ဖြတ်မယ်၊ ငါတို့တစ်တွေ သစ္စာ ဆိုကြရအောင်"

"မှန်လှပါ၊ မင်းတရားနှင့်တစ်ညီတည်း၊ တစ်စိတ် တည်းပါဘုရား"

ကောင်းလိုက်တဲ့နောက်လိုက်တွေနော်၊ မင်းတရားနဲ့ နောက်လိုက်တစ်ထောင် ဘယ်လိုလဲ? တစ်စိတ်တည်း တဲ့။ လူဘယ်လောက်လဲ?

(လူတစ်ထောင်ပါဘုရား)

လူတစ်ထောင်မှာ စိတ်ဘယ်နှစိတ်လဲ"

(တစ်စိတ်တည်းပါဘုရား)

အဲဒါပဲ ပရိသတ်ရေ၊ ကောင်းနေတာကနော်၊ လူတစ်ထောင် စိတ်တစ်ထောင် မဟုတ်ဘူး။ လူတစ်ထောင်မှာ တစ်စိတ်တည်းရယ်၊ အဲဒီစိတ်က ဘာစိတ်လဲ? ဘုရားဆိသွားမယ်၊ ဒါပဲမဟုတ်လား?

"ကိုင်း! အားလုံး တစ်ညီတည်း လိုက်မယ်"ဆိုပြီး လူတစ်ထောင်က မင်းကြီးနောက်ကနေ လိုက်ကြတယ်။ စန္ဒာဂါမြစ်ကိုဖြတ်ဖို့ ဘာဆိုတာလဲ၊ သစ္စာဆိုတာ။ ပရိသတ်ကြီး ဘာဆိုတာလဲ?

(သစ္စာဆိုတာပါဘုရား)

**ဘဝသောတံ ဟဝေ ဗုဒ္ဓေါ**

**တိဏ္ဏော လောကန္တဂူ ဝိဒူ။**

**ဧတေန သစ္စဝဇ္ဇေန၊**

**ဂမန့် မေ သမိဇ္ဈတု။**

ဗုဒ္ဓေါ=ဗုဒ္ဓရှင်တော်သည်။ ဟဝေ=စင်စစ်ကေန် အမှန်ပင်။ ဘဝသောတံ=ဘဝသံသရာ ရေစီးကြောင်းကြီးကို။ တိဏ္ဏော=လွန်မြောက်တော်မူခဲ့ပြီးပြီ။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဟောဒီ မြစ်မျိုးတော့ မပြောနဲ့ ဘဝသံသရာ ရေယာဉ်ကြောကိုတောင်

လွန်မြောက်တော်မူခဲ့ပြီးပြီ။ ဘဝသံသရာ ရေစီးကြောင်း လွန်သွားပြီ။

ဗုဒ္ဓေါ=ဗုဒ္ဓရှင်တော်သည်။ ဝိဒူ=လောကဝိဒူ= လောကသုံးပါးကို သိတော်မူသည်။

ဘာကိုသိသလဲ? ကာမလောက, ရူပလောက, အရူပလောကဆိုတဲ့ လောကသုံးပါး။ တစ်နည်း သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဆိုတဲ့ လောက၃–ပါးကို ဘုရားရှင်အားလုံးသိပြီ။ လောက အကြောင်းကို ဘုရားရှင် ကောင်းကောင်းကြီးသိတယ် နော်။ အဲဒါကြောင့် "လောကဝိဒူ"အမည်ရှိတဲ့ ဒီဘုရား ရှင်သည် လောကန္တဂူ=ဒီစာလုံးက သိပ်လှတာ။ ပြော ကြည့် လောကန္တဂူ–

(လောကန္တဂူပါဘုရား)
ထပ်ပြောပါဦး
(လောကန္တဂူပါဘုရား)

လောကဝိဒူရဲ့နောက်မှာ လောကန္တဂူလို့ ပါတယ်။ ဘာရဲ့နောက်မှာ ဘာရောက်လာလဲ? လောကဝိဒူ နောက်မှာ လောကန္တဂူ ရောက်လာတယ်။ ဣတိပိ သော ကိုလျှောက်ရွတ်ရင် လောကဝိဒူဆိုတာကို

လူတိုင်းသိတယ်။ ခုထပ်တိုးလာတဲ့ စာလုံးတစ်လုံးက လောကန္တဂူ။

လောကဝိဒူက လောကကြီးအကြောင်းကောင်းကောင်းသိတယ်။ လောကသိတဲ့ဘုရားသည် လောကကို လွန်မြောက်ပြီးပြီ၊ ဝေနေယျ သတ္တဝါအပေါင်း=ဤသို့ နှုတ်သံဖော်ထုတ်ပြန်၍ ဟုတ်မှန်သောသစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ=ငါတို့တစ်တွေ၏၊ [ငါတို့တစ်တွေဆိုတာ လူပေါင်းဘယ်လောက်လဲ? လူပေါင်းတစ်ထောင်နော်၊ စန္ဒဘာဂါ မြစ်ကမ်းနားက လူပေါင်းတစ်ထောင်၊ မြို့ကြီးငှူမှာဆိုရင်တော့ ဘယ်လောက်များမလဲမသိဘူး။]မေ–အမှာကံ=ငါတို့လူပေါင်းတစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် သွားရောက်နေတဲ့ ဒီခရီးဟာ။ သမိဇ္ဈတု=ပြီးဆုံးခြင်းသို့ ရောက်ပါစေတော့လို့ သစ္စကိရိယံ=သစ္စာဆိုခြင်းကို။ အကာသိ=ကောင်းစွာမသွေ ပြုတော်မူပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

အဲဒါ ဗုဒ္ဓသစ္စာနော်၊ ပရိသတ်ကြီး ဘာသစ္စာလဲ?

(ဗုဒ္ဓသစ္စာပါဘုရား)

ဗုဒ္ဓဂုဏ်တော် ၂–ပါး ကျူးပြီးတော့ ဆိုလိုက်တဲ့သစ္စာ။ အဲဒီသစ္စာရဲ့နောက်မှာ ထပ်ဆိုတာက ဓမ္မသစ္စာ၊ ဘာသစ္စာလဲ?

(ဓမ္မသစ္စာပါဘုရား)

**ယဒိ သန္တိ ဂမော မဂ္ဂေါ၊**

**မောက္ခော အစ္စန္တိကံ သုခံ။**

**တေနာ သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈတု။**

ဓမ္မော=ဓမ္မရတနာသည်။ ယဒိ=တကယ်စင်စစ်၊ သန္တိဂမော=သန္တိကိုရောက်စေနိုင်တဲ့ ဓမ္မမျိုးပဲ။

မြတ်ဗုဒ္ဓဟောထားတဲ့ ဒီမြတ်တရားသည် သန္တိကို ရောက်စေနိုင်တယ်တဲ့။ ပရိသတ်ကြီး ဘယ်ကို ရောက်စေနိုင်သလဲ? သန္တိ၊ အာလုံးပြော။

(သန္တိကိုရောက်စေနိုင်ပါတယ်ဘုရား)

ဓမ္မသည် ဘယ်ကိုပို့မှာလဲ? သန္တိကိုပို့မှာ။ မှတ်ထား မြို့ကြီးငှမှာလဲ ဒါပဲ ပြောနေတာပဲ။ "သန္တိ = ငြိမ်းချမ်းရေး" ဒီလိုမဟုတ်လား? ဘာနဲ့သွားမလဲ?၊ ဓမ္မနဲ့ သွား။

ဓမ္မော=ဓမ္မရတနာသည်။ သန္တိဂမော=သန္တိခေါ်မှတ် အငြိမ်းဓာတ်သို့ ရောက်စေနိုင်ကြောင်း ကောင်းမြတ်သည့် ပဋိပတ် စစ်စစ် တကယ်ဖြစ်ပါပေ၏။ မောက္ခော= ဆင်းရဲဒုက္ခများမှလဲ လွတ်မြောက်စေနိုင်သည့် အကျင့် ကောင်းဖြစ်ပါပေ၏။ အစ္စန္တိကံ သုခံ=တကယ်ချမ်းသာ

တဲ့ အကျင့်ကောင်းလည်း ဖြစ်ပါပေ၏။ ဧတေန သစ္စ ဝဇ္ဇေန=ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ= ငါတို့လူပေါင်း တစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် သွားရောက်နေတဲ့ ဒီခရီးဟာ။ သမိဇ္ဈတု=ပြီးဆုံးခြင်းသို့ ရောက်ပါစေတော့လို့။ သစ္စကိရိယံ=သစ္စာဆိုခြင်းကို။ အကာသိ=ကောင်းစွာမသွေ ပြုတော်မူပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ဓမ္မသစ္စာရဲ့ နောက်မှာ ထပ်ဆိုတာက သံဃသစ္စာ၊ ဘာသစ္စာလဲ?

(သံဃသစ္စာပါဘုရား)

**သံဃော စ တိဏ္ဏကန္တာရော၊**

**ပုညခေတ္တော အနုတ္တရော၊**

**ဧတေန သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈတု။**

သံဃော=သံဃာရတနာသည်။ စ=စင်စစ်အမှန် ကေန်ပင်။ တိဏ္ဏကန္တာရော=ဘဝကန္တာရကို လွန်မြောက် စေတော်မူတတ်ပါတယ်။

ပရိသတ်ရေ ဘာကိုလွန်မြောက်တာ၊ ဘဝကန္တာရ ကို။ အားလုံးပြော။

(ဘဝကန္တာရကိုပါဘုရား)

သံဃရတနာသည် ဘဝကန္တာရ ဘဝအခက်အခဲမှန်သမျှကို ဘာဖြစ်စေသလဲ၊ လွန်မြောက်စေတယ်။

ပုညခေတ္တော အနုတ္တရော=အတုမရှိ မျိုးစေ့ကို ကြဲချစိုက်ပျိုးဖို့ လယ်ယာမြေနဲ့လဲတူပါပေတယ်။ တေန သစ္စဝဇ္ဇေန=ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ= ငါတို့လူပေါင်းတစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် သွားရောက်နေတဲ့ ဒီခရီးဟာ။ သမိဇ္ဈတု=ပြီးဆုံးခြင်းသို့ ရောက်ပါစေတော့လို့။ သစ္စကိရိယံ=သစ္စာဆိုခြင်းကို။ အကာသိ=ကောင်းစွာမသွေ ပြုတော်မူပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

“သစ္စာဘယ်နှခု ရှိသွားပလဲ? ဗုဒ္ဓသစ္စာ, ဓမ္မသစ္စာ, သံဃသစ္စာ, သစ္စာသုံးခု။ စန္ဒဘာဂါ မြစ်ကမ်းနားမှာရပ်နေတဲ့ မဟာကပ္ပိနနဲ့ ဗိုလ်ခြေတစ်ထောင်ဟာ ဘာလုပ်ကြတာပါလဲ? သစ္စာဆိုတယ်။ သစ္စာ ၃–ချက် ဆိုပြီးတဲ့အခါ မင်းကြီးက နောက်ကလူတစ်ထောင်ကို ပြန်မေးသေးတယ်။

“သင်တို့တစ်တွေ သဒ္ဓါ, သီလ, စာဂ, ပညာ ၄–ချက်ညီကြပလား”လို့ လူတစ်ထောင်က–

"ညီပါတယ်"

"ညီပါတယ်ဆိုရင် မြစ်ထဲကို မြင်းတွေအကုန် မောင်းဆင်း"ဆိုပြီး မောင်းဆင်းလိုက်တာ တစ်ကောင်မှ ရေထဲမြုပ်မသွားဘူး။ မမြုပ်ရုံမဟုတ်ဘူး ရေမျက်နှာ ပြင်ပေါ်မှာ မြင်းတွေဖြတ်ပြီး ပြေးသွားကြတာ မြင်းခွာ အဖျားမှာ ရေနည်းနည်းပဲစိုတယ်တဲ့။ ပရိသတ်ရေ၊ စန္ဒဘာဂါမြစ်ရဲ့ ဟိုဘက်ကမ်း မြင်းတွေအကုန်လုံး ရောက်သွားတယ်။ ဘာနဲ့ဖြတ်တာလဲ? သစ္စာနဲ့ဖြတ်တာ၊ ပရိသတ် ဘဝအခက်အခဲကို ဘာနဲ့ကျော်ဖြတ်လဲ?

"သစ္စာနဲ့ကျော်ဖြတ်ပါတယ်ဘုရား"

သစ္စာဟာ ဘယ်ပေါ်မှာ တည်ဆောက်သလဲဆိုရင် ရတနာ ၃–ပါးပေါ်မှာ တည်ဆောက်တဲ့ သစ္စာနော်။ အခု ကြည့်လေ စန္ဒဘာဂါကို ဒီသစ္စာနဲ့ ကျော်ဖြတ် သွားတယ်။ ပြီးတော့ ဟိရညဝတီမြစ်။

အပရစ္ဆာမြစ်၊

အိန္ဒုမြစ်၊

ဂင်္ဂါမြစ် ဒီမြစ် ၅–စင်းကို ရတနာသုံးပါးပေါ်မှာ တည်ဆောက်တဲ့ သစ္စာနဲ့ ကျော်ဖြတ်သွားတာ။

မဟာကပ္ပိနမင်းကြီး ခေါင်းဆောင်တဲ့ လူတစ်ထောင် လာကြပြီဆိုတာကို မြတ်စွာဘုရားသိတော်မူတယ်။

"ဩော်...ပစ္စန္တရစ်တိုင်းပြည်ရဲ့ အဆုံးဖြစ်တဲ့ ငါ ဘုရားမရောက်သော အရပ်က မဟာကပ္ပိနနဲ့ လူ တစ်ထောင် ရဟန်းဝတ်ဖို့ လာကြပြီ" သိတော်မူလို့ ဘုရားရှင်က ဂင်္ဂါမြစ်ကမ်းနဘေး ညောင်ပင်ရိပ်က ထိုင် စောင့်တော်မူနေတယ်။ ညောင်ပင်ရိပ်ကနေ ရောင်ခြည် တော်တွေ လွှတ်ပြီး စောင့်တော်မူနေတဲ့ မြတ်စွာဘုရား ကို လူပေါင်းတစ်ထောင်တို့ တွေ့ကြတဲ့အခါ–

"ရောင်ခြည်တော်ကွန့်မြူးနေတာထောက်ရင် ဒါဟာ ဘုရားပဲ"၊ ဘုရားရဲ့သားတော်ဟာ ရောင်ခြည်မထွက် ဘူး။ အကုန်လုံး မြင်းပေါ်ကဆင်းပြီးတော့ မဟာကပ္ပိန ရှင်ဘုရင်က ဘုရားရှင်ရဲ့ ခြေခုံနှစ်ဖက် ခြေဖမိုး ခေါ်တယ်။ အဲဒီအပေါ်မှာ နဖူးကို အသာလေးမှောက် တင်လိုက်ပြီးတော့ ခြေမျက်စိ ၂–ဖက်ကို လက်၂– ဖက်နဲ့ အသာလေး ဆုပ်ဆုပ်ပြီး လျှောက်ထားတယ်။

**"အဟံ ခေါ ဘန္တေ မဟာကပ္ပိနော ရာဇာ"**

"ဘန္တေ=ဘုန်းတော်ကြီးတော်မူသော အိုမြတ်စွာ ဘုရား။ အဟံ ခေါ=တပည့်တော်သည်ကားဆိုလျှင်။ မဟာကပ္ပိနော ရာဇာ=မဒ္ဒတိုင်း ကုက္ကုဋဝတီ ရွှေမြို့တော် က လာခဲ့တဲ့ မဟာကပ္ပိနမင်းကြီးပါဘုရား" လို့ ဘဂဝတော ပါဒပိဋ္ဌိသု=ဘုရားရှင်ရဲ့ ခြေဖမိုးနှစ်ဖက်တို့မှာ။

ငွဲ့၍ပိတွာ=နဖူးတင်၍။ ဘဂဝတော ပါဒဝေါပွကေသု=ဘုရားရှင်ရဲ့ ခြေမျက်စိနှစ်ဖက်တို့၌။ ဟတ္ထေဟိ ဂဟေတွာ=လက်နှစ်ဖက်တို့ဖြင့် စွဲမြဲစွာ ဆုပ်ကိုင်ပြီးတော့မှ။ ဝန္ဒိတွာ=ရှိခိုး၍။ ဘဂဝန္တံ =ဘုရားရှင်ကိုယ်တော်မြတ်ကို။ အဝေါစ=တပည့်တော် မဟာကပ္ပိန ပါဟု ရွှေနားတော်ကြားအောင် လျှောက်ထားလေတော့သတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

ပရိသတ်ရေ၊

မဟာကပ္ပိနမင်းကြီးက လူပေါင်းတစ်ထောင်နဲ့အတူ ဘုရားကိုတွေ့ပြီလား?

"တွေ့ပါပြီဘုရား"

မြတ်စွာဘုရားသခင်က မဟာကပ္ပိနဘုရင်နဲ့ နောက်ကပါလာတဲ့ လူတစ်ထောင်ကို–

ဒါနကထာ၊

သီလကထာ၊

သဂ္ဂကထာ၊

ကာမာဒီနဝကထာ၊

နေက္ခမ္မကထာ၊

(စတုသစ္စကထာ ရယ်လို့) ကထာ ၆–ပါးဒေသနာကို ဟောတော်မူပြီး စတုသစ္စကထာကို ဟောတဲ့အခါ–

ဒေသနာဝသာနေ=စတုသစ္စကထာဆိုတဲ့ ဒေသနာ နိဂုံး ပြီးဆုံးတဲ့အခါမှာ။ မဟာကပ္ပိနော ရာဇာ=မဟာ ကပ္ပိနမင်းကြီးသည်။ သဟဿပုရိသေဟိ=ယောကျ်ား ပေါင်းတစ်ထောင်တို့နှင့်။ သဒ္ဓိ=အတူတကွ။ အရဟတ္တံ= အာသဝေါကင်းတဲ့ ရဟန္တာသူမြတ်များအဖြစ်သို့။ ပါပုဏိသု=ကောင်းစွာမသွေ ဆိုက်ရောက်ကြလေကုန် သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

မဟာကပ္ပိနမင်းကြီးနဲ့ လူတစ်ထောင် မြစ်ကမ်း ဘေးက ညောင်ပင်ရင်းမှာ ရဟန္တာဖြစ်တော်မူကြပြီ။ ဘုရင်အသွင်မပျောက်သေးဘူး။ မင်းမြောက်တန်ဆာ ၅- ပါးဆင်ထားဆဲ၊ မုတ်ဆိတ်ကျင်စွယ် ဆံပင်မရိတ်ရသေး ဘူး။ ရဟန္တာဖြစ်ပြီးတော့ ဘုရားမြတ်စွာထံမှာ "တပည့် တော်တို့ ရဟန်းဝတ်ချင်ပါတယ်"လို့ လျှောက်တယ်။ မြတ်စွာဘုရားက-

"ဧထ ဘိက္ခဝေါ" (ရဟန်းတို့ လာကြ၊ လာကြ) ဒါလောက်ပဲပြောရတယ်။ အကုန်လုံး မုတ်ဆိတ်ကျင်စွယ် နှုတ်ခမ်းမွေး၊ ခေါင်းမွေးရိတ်ပြီးသား ဖြစ်တယ်။ ပန်ဂျပ် ပြည်နယ်ကလာတဲ့ လူကြီးတွေဆိုတော့ စောစောက ပြောခဲ့တဲ့ ပန်ချာပီကြီးတွေအတိုင်း အကုန်လုံးရိတ်ပယ်

ရှင်းလင်းပြီးသား ဖြစ်ပြီးတော့ မင်းမြောက်တန်ဆာ ၅-ပါး တစ်ခါတည်း ကွယ်သွားတယ်။ ပရိက္ခရာရှစ်ပါး လွယ်ထားတဲ့ ရဟန်းအသွင် ချက်ချင်းပြောင်းသွားတယ်၊

ပရိသတ်ရေ၊

ဂင်္ဂါမြစ်ကမ်းဘေး ညောင်ပင်ရိပ်မှာ မြတ်စွာဘုရားဟာ ဖြစ်သစ်စ ရဟန္တာတစ်ထောင်နဲ့အတူ စောင့်တော်မူတယ်။

ဘာစောင့်လဲ? သူတို့တွေးနေတယ်။ နောက်လိုက်လာမယ်လေ။ ဘယ်သူတွေ လိုက်လာမှာလဲ? မိဖုရားတွေ လိုက်လာမှာကို စောင့်ကြတာ၊ ရဟန္တာက မိဖုရားစောင့်သေးလားလို့ စောဒကတက်စရာရှိတယ်၊ ရဟန္တာက စောင့်တာမဟုတ်ဘူး၊ ဘုရားရှင်ကိုယ်တိုင်က စောင်တာ။

(၆)

# မိဖုရားများလိုက်လာပြီ

ကုန်သည်တွေ နန်းတော်ထဲဝင်၊ အနောဇာဒေဝီ မိဖုရားကြီးကို ဖူးတွေ့ပြီး လျှောက်ထားတယ်။

"ရှင်မိဖုရားကြီး၊ ဘုရင်ကြီးလွှတ်လိုက်လို့ ကျွန်တော်မျိုးတို့ လာပါတယ်"

"ဆို–ဘာကိစ္စလဲ?"

"ဘုရင်က သတင်းသွားပို့လိုက်ပါဆိုလို့"

"ဘာသတင်းလဲ?"

"ရတနာသုံးပါးသတင်း"

"ဒါဆို ပြောစမ်းပါဦး"ဆိုတော့

စောစောကအတိုင်းပဲ လုပ်ပြန်တယ်။ ပါးစပ်ဆေးရဦးမယ်လေ၊ ရွှေခွက်နဲ့ ထမင်းစားရဦးမယ်၊ ပြီးတော့ နံ့သာနဲ့ ရေချိုးဦးမယ်၊ ပြီးတော့ ဘာလုပ်ဦးမလဲ? အဝတ်

အသစ်တွေလဲရဦးမယ်။ ကြီးကြီးကျယ်ကျယ် ဒီမှာလဲ တစ်ခါလုပ်သေးတာ၊ မိဖုရားကြီးက သူတို့လိုချင်တာတွေ အကုန်လုပ်ပေးပြီး–

"ကိုင်း! ပြော"ဆိုတော့–

**"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"**

"လောကသုံးခွင် ဘုံအပြင်မှာ သတ္တဝါတွေ အကျိုးစီးပွားအတွက် ဘုရားရှင်ပေါ်ပေါက်နေပြီ"လို့ သတင်းပေးပြီးတော့ ဘုရားကို ရှိခိုးတဲ့အခါမှာ မိဖုရားကြီးက–

"ကုန်သည်များ–တို့ရဲ့ရှင်ဘုရင်ဟာ အဲဒီသတင်းကြားတော့ သင်တို့ကို ဘာဆုလာဘ်များ ချီးမြှောက်သလဲ?

"သတင်းတစ်ပုဒ် တစ်ပုဒ်ကို ငွေတစ်သိန်းပေးပါတယ်"တဲ့။

ဘုရင်ကြီးပေးလိုက်တာ ဘယ်လောက်လဲ? တစ်သိန်းစီ တစ်သိန်းစီပေးတယ်၊ မိဖုရားကြီးက–

"ဘုရင်က တစ်သိန်းပေးရင် တို့က သုံးဆပေါ့"တဲ့။

မိဖုရားတွေက စေတနာကောင်းလိုက်တာနော်။ မြို့ကြီးငှာမှာလဲ ဒကာမကြီးတွေက ပိုပြီးစေတနာကောင်းပုံရတယ်။ လှူတဲ့နေရာမှာ ဒကာမကြီးတွေပဲ ပိုများမယ်။

ခုတရားပွဲမှာလဲ ဒကာမကြီးတွေပဲ ပိုများတယ်၊ အဲဒီတော့ "ဘုရင်က တစ်သိန်းဆို တို့က သုံးသိန်းပေါ့ကွာ" ဆိုပြီးတော့ လက်ခုပ်ထဲ သုံးသိန်းထည့်ပေးလိုက်တယ်၊ နောက်ဘာရတနာသတင်းပေးမလဲ?

(ဓမ္မရတနာသတင်းပါဘုရား)

**"ဓမ္မော လောကေ သမုပ္ပန္နော**

**သုခါယ သဗ္ဗပါဏီနံ"**

"သတ္တဝါတစ်တွေ ချမ်းသာစေဖို့ လောကသုံးခွင်ဘုံအပြင်မှာ ဓမ္မရတနာ ပေါ်ပေါက်လာပြီ"

လက်အုပ်ချီရှိခိုး အဲဒီလက်အုပ်ဖွင့်ခိုင်း၊ လက်ခုပ်ထဲငွေသုံးသိန်းထည့်၊ ဓမ္မရတနာသတင်းတစ်ပုဒ် ငွေသုံးသိန်းရပြန်တယ်။ နောက်တစ်ခါ-

**"သံဃော လောကေ သမုပ္ပန္နော**

**ပုညခေတ္တံ အနုတ္တရံ"**

"ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးဖို့ လယ်ယာမြေနဲ့တူတဲ့ သံဃာ့ရတနာလည်း ပေါ်ပေါက်လာပြီ"လို့ဆိုတော့ လက်ခုပ်ထဲ ငွေသုံးသိန်းထည့်ပေးလိုက်ပြန်တယ်။ မိဖုရားကြီးရဲ့ ရွှေနန်းတော်မှာ ဘယ်နှစ်သိန်းရ၊ ကိုးသိန်းရ၊ ဘုရင်ကြီးဆီက သုံးသိန်းဆိုတော့ သတင်းသုံးပုဒ် နှစ်ကြိမ်ပေးလိုက်တာ ၁၂-သိန်းရတယ်။ မိဖုရား

ကြီးက သတင်းနားထောင်ပြီးတော့ကုန်သည်တွေကို မေးတယ်။

"တို့ရှင်ဘုရင် ခုဘယ်မှာလဲ"

"မရှိဘူး မိဖုရားကြီး၊ သွားပြီ"

"ဘယ်သွားတာတဲ့တုန်း"

"ဘုရားရှိရာသွားပြီ။ ဗိုလ်ခြေတစ်ထောင်ပါ လိုက်သွားတယ်"

"အဲဒါဆိုရင် ရွှေနန်းတော်မှာ ဘုရင်ကြီးလဲမရှိ၊ ဝန်ကြီးတွေ၊ အမတ်ကြီးတွေ၊ စစ်သူကြီးတွေလဲ မရှိဘူးဆိုတော့ အမျိုးသမီးတစ်ထောင်ကျန်ရစ်တယ်။ အမျိုးသမီးတွေက–

"ဘုရင်ကြီးက တို့ကိုမတိုင်ပင်ဘဲနဲ့ သူတစ်ယောက်ကောင်းကြံပြီး ထွက်သွားတယ်၊ ဘာပြောသွားသေးသလဲ? ပြောစမ်းပါဦး"ဆိုတော့–

"အဲဒီရွှေနန်းတော်ကြီးထဲက စည်းစိမ်တွေ အကုန်ယူပြီးတော့ ဘုရင်မလုပ် အုပ်ချုပ်တော့ဆိုပြီး မှာသွားတယ်"တဲ့။

မိဖုရားကြီးတို့က သူ့တို့လဲလိုက်ကြမယ်တဲ့လေ၊ ဘာနဲ့လိုက်ကြမလဲ? မြင်းနဲ့ပဲ လိုက်ကြမှာပဲထင်တယ်။

(ရယ်သံများ)

မရယ်နဲ့၊ ရှေ့ကလူတွေက မြင်းနဲ့သွားတော့ နောက်လူတွေက ခြေထောက်နဲ့ တအိအိလိုက်နေလို့ မိမှာမဟုတ်ဘူး၊ ဘုန်းကြီးကတော့ ယုံကြည်တယ်၊ မြင်းစီးပြီး လိုက်တာပဲလို့။ အပိုတွေလျှောက်တွေးမယ်ဆိုရင်တော့ တွေးစရာကြီး။ မြင်းပေါ်တင်ပလ္လင်လေးတင်၊ ခြေနှစ်ချောင်းနံ့ဘေးချပြီးပဲ ထိုင်ပြီးသွားသလား? သို့မဟုတ် မြင်းကိုခွစီးသွားသလား? အင်္ဂလိပ်မတွေ အမေရိကန်မတွေကျတော့ ဘာပြောကောင်းမလဲ? မြင်းကိုခွစီးတာပဲ။ မြန်မာပြည်မှာလဲပဲ မြင်းသာမစီးသေးတာ မော်တော်ဆိုင်ကယ်တော့ စီးကုန်ပြီမဟုတ်လား? အဲဒီတော့ ပရိသတ်ရေ၊ ဘာမှအတွေးမယိုင်နဲ့ ဒီအတိုင်းစီးသွားတယ်လို့သာမှတ်။

ဘုန်းကြီးတို့က ဒီလိုပဲကြိုက်တယ်၊ ဘုန်းကြီးတို့ရဲ့ကျေးဇူးရှင် အနီးစခန်း ဆရာတော်ကြီး အဲဒီဇာတ်ကိုဟောတော့ ဆရာတော်ကြီးကလဲ ဒီနေရာရောက်ရင် ဒီလိုပဲတွေးတယ်။ 'မိဖုရားတွေ မြင်းဘယ်လိုစီးသွားပါလိမ့်မလဲ?လို့၊ ထားတော့ မြင်းနဲ့ပဲသွားတယ်ဆိုတာအဲဒီလောက်ပဲမှတ်တော့-

စီးပုံစီးနည်းကို အပိုလျှောက်စဉ်းစားနေတယ်လို့ဆိုချင်ဆိုနိုင်တယ်။ ပိုတော့ မပိုဘူးဗျ။ ယဉ်ကျေးမှု

သဘောအရ ဒါစဉ်းစားရမယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှုသဘောအရ စီးသင့်သလား? မစီးသင့်ဘူးလား? စဉ်းစားတာ။ ဒါလောက်လေး စဉ်းစားတာက အပြစ်မရှိလောက်ပါဘူးထင်ပါရဲ့။ စီးချင်သလိုစီးပျာ။ မိဖုရားကြီး ဦးဆောင်တဲ့ အမျိုးသမီးတစ်ထောင်တော့ သွားပြီ၊ မြင်းနဲ့ပဲ။

(ရယ်သံများ)

အဲဒီလိုသွားတော့ မြစ် ၅-စင်းကြားမှာ ခြားနေတာဘာနဲ့ကျော်မလဲ? သစ္စာနဲ့ကျော်မယ်။ "ဟောဒီရှေ့မှာခံနေတဲ့မြစ်ကို တို့တစ်တွေ သစ္စာဆိုပြီး ကျော်ဖြတ်မယ်။ ညီစေနော်"ဆိုတော့-

"ညီပါတယ် ရှင်မိဖုရား"

"ကိုင်း! သစ္စာဆိုမယ်၊ အားလုံးလိုက်ဆိုပြီး ဗုဒ္ဓသစ္စာ,ဓမ္မသစ္စာ,သံဃသစ္စာ သစ္စာ ၃-ချက်ဆိုကြတယ်။

**ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ**

**တိဏ္ဏော လောကန္တဂူ ဝိဒူ။**

**ဧတေန သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈတု။**

ဗုဒ္ဓရှင်တော်သည် ဘဝသံသရာရေစီးကြောင်းကြီးကို ကူးမြောက်တော်မူခဲ့ပြီးပြီ။ လောကသုံးပါးကို

သိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် လောက ကိုလည်း လွန်မြောက်တော်မူခဲ့ပြီးပြီ။ ငတေန သစ္စ ဝဇ္ဇေန=ဤသို့နှုတ်သံ ပေါ်ထုတ်ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ= ငါတို့လူတစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် အရောက် သွားခြင်းသည်။ သမိဇ္ဈာတု=ပြီးဆုံးခြင်းသို့ ရောက်ပါစေ သတည်းလို့ သစ္စကိရိယံ=သစ္စာဆိုခြင်းကို။ အကာသိ= ကောင်းစွာမသွေ ပြုခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

**ယဒိ သန္တိ ဂမော မဂ္ဂေါ၊**

**မောက္ခော အစ္စန္တိကံ သုခံ။**

**ငတေန သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈာတု။**

ဓမ္မော=ဓမ္မရတနာသည်။ ယဒိ=တကယ်စင်စစ်၊ သန္တိဂမော=သန္တိခေါ်မှတ် အငြိမ်းဓာတ်သို့ ရောက်စေ နိုင်ကြောင်း ကောင်းမြတ်သည့် ပဋိပတ်စင်စစ် တကယ် ဖြစ်ပါပေ၏။ မောက္ခော=ဆင်းရဲဒုက္ခများမှလဲ လွတ် မြောက်စေနိုင်သည့်အကျင့်ကောင်းဖြစ်ပါပေ၏။ အစ္စန္တိကံ သုခံ=တကယ်ချမ်းသာတဲ့ အကျင့်ကောင်းလည်း ဖြစ်ပါ ပေ၏။ ငတေန သစ္စဝဇ္ဇေန=ဤသို့နှုတ်သံ ဖော်ထုတ်

ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ= ငါတို့လူပေါင်း တစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် အရောက်သွားခြင်းသည်။ သမိဇ္ဈတု-ပြီးဆုံးခြင်းသို့ ရောက်ပါစေသတည်းလို့။ သစ္စကိရိယံ=သစ္စာဆိုခြင်းကို။ အကာသိ=ကောင်းစွာ မသွေ ပြုတော်မူပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

**သံဃော ဝေ တိဏ္ဏကန္တာရော၊**

**ပုညခေတ္တော အနုတ္တရော၊**

**တေေန သစ္စဝဇ္ဇေန၊**

**ဂမနံ မေ သမိဇ္ဈတု။**

သံဃော=သံဃာရတနာသည်။ ဝေ=စင်စစ်အမှန်ကေန်ပင်။ တိဏ္ဏကန္တာရော=ဘဝကန္တာရကို လွန်မြောက်စေတော်မူတတ်ပါပေ၏။ အနုတ္တရော= အတုမရှိသော။ ပုညခေတ္တော=ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းနှင့် တူပါပေ၏။ တေေန သစ္စဝဇ္ဇေန=ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော သစ္စာစကားကို ဆိုရတဲ့အတွက်ကြောင့်။ မေ အမှာကံ= ငါတို့လူတစ်ထောင်၏။ ဂမနံ=ဘုရားထံမှောက် အရောက်

သွားခြင်းသည်။ သမိဒ္ဓာ=ပြီးဆုံးခြင်းသို့ ရောက်ပါစေသတည်းလို့၊ သစ္စကိရိယံ=သစ္စာဆိုခြင်းကို၊ အကာသိ=ကောင်းစွာမသေ့ ပြုခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

ပရိသတ်ရေ၊ စန္ဒဘာဂါမြစ်၊ ဟိရညဝတီမြစ်၊ အပရစ္ဆာမြစ်၊ အိန္ဒုမြစ်၊ ဂင်္ဂါမြစ် အဲဒီမြစ်တွေကို သစ္စာ ၃–ချက် ဆိုဆိုပြီး မြင်းတွေနဲ့ မောင်းလာတာ မြင်းခွာရေစွတ်ရုံပဲတဲ့၊ မြစ်ထဲမှာ ဘယ်မြင်းတစ်ကောင်မှ နစ်ခြင်းမြုပ်ခြင်းအလျဉ်းမရှိဘဲနဲ့ ဂင်္ဂါကိုကျော်ဖြတ်လို့ ဟိုဘက်ကမ်းရောက်လဲရောက်ရော ညောင်ပင်အောက်မှာ ဘုရားရှင်စောင့်နေတယ် မဟုတ်လား? မြတ်စွာဘုရားသခင်က နည်းနည်းစိတ်ပူသွားတာရှိတယ်။

"အိမ်ကမိန်းမတွေ လိုက်လာကုန်ပြီ၊ ဟောဒီမှာ ဘုန်းကြီးဝတ်ပြီးတဲ့ ကိုယ်တော်တစ်ထောင်၊ အိမ်ကမိန်းမတွေနဲ့တွေ့ရင် ဒါအခက်အခဲတော့ ဖြစ်နိုင်တယ်" ပေါ့။ ဘုရားတော်တော်ပူသွားတယ်။

"မောင်တို့ ဘယ်လိုလုပ်တာလဲ? တို့ကိုမတိုင်ပင်ဘဲနဲ့ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"ဆိုပြီး အိမ်ပြန်ခေါ်ရင် ဒုက္ခကိုး–

(ရယ်သံများ)

"ရှင်တို့ ဘယ်လိုလုပ်သွားတာလဲ? ကလေးတွေက အရွယ်မရောက်သေးဘူး၊ စီးပွားရေးက အဆင်မပြေ၊ ကျောင်းသားတွေ ကျောင်းမပြီးသေးဘူး၊ ဘာဖြစ်လို့ ထွက်ပြေးကုန်တာလဲ? လာလိုက်ခဲ့"ဆိုပြီး တစ်ခါတည်း သက်နီးချွတ်ပြီး အိမ်ပြန်ခေါ်ရင် ဒုက္ခပဲ။ အဲဒါကို စိုးရိမ်တာတဲ့။

ဘုရားက အဲဒါကို စိုးရိမ်တယ်ဆိုတာကို ထောက်လို့ ဘုန်းကြီးလဲပဲ တစ်ခါတစ်ခါ တွေးတွေးပြီးတော့ စိတ်ထဲမှာ ပူတယ်။ ဘာပူသလဲဆိုတော့ သင်္ကြန်တွင်းမှာ (၇) ရက်လာလာပြီး ကျောင်းမှာ ဒုလ္လဘဝတ်တဲ့သူတွေကိုလေ။ ကြည့်ကြည့်ပြီးတော့ ဘုန်းကြီးက ပူတယ်။ ဒကာကြီးတွေက သင်္ကြန်တွင်း ကျောင်းလာ ဒုလ္လဘဝတ်၊ ဒကာမတွေက အိမ်မှာ ကလေးတွေနဲ့ ကျန်ရစ်တာ။ အဲဒီဒကာမတွေက သူတို့ရဲ့ ဒုလ္လဘ ဦးဇင်းကြီးတွေကို ဆွမ်းချက်ချက်ပြီး လာပို့ပေးတယ်။ သူတို့ကိုယ်တော်ကြီးတွေကို အိမ်က ဒကာမတွေက ဆွမ်းကပ်နေတာကို ဘုန်းကြီးက ကြည့်ကြည့်ပြီး-

"ဟောဒီ ဦးဇင်းကြီးနဲ့ ဟောဟို ဒကာမဟာ လူ့ဘဝတုန်းကတော့ လင်မယားပဲ။ ခုတော့ ဘယ်လိုများလဲ? တွေးပြီး ဘုန်းကြီးက စိတ်ပူတယ်။

(ရယ်သံများ)

မဟာကပ္ပိနရှင်ဘုရင်နဲ့ လူတစ်ထောင် ရဟန်းပြုပြီးတဲ့အခါ နောက်ကလိုက်လာတဲ့ အနောဇာဒေဝီနဲ့ မိဖုရားတစ်ထောင်၊ မြတ်စွာဘုရားက တွေးပူတော့ ဘာလုပ်လိုက်သလဲ?ဆိုရင် “ဒီမိန်းမတစ်ထောင်ဟာ ဟိုဘုန်းကြီးတစ်ထောင်ကို မမြင်စေနဲ့”ဆိုပြီး တန်ခိုးနဲ့ကွယ်ထားပေးတာဗျ။ ဘာလုပ်လိုက်တာလဲ?

(တန်ခိုးနဲ့ ကွယ်ထားပေးပါတယ်ဘုရား)

(၇)

# နန္ဒမင်းသားကိုပုံခိုင်းလို့

ဘုန်းကြီးတို့က တန်ခိုးမရှိတော့ ကွယ်ထားမပေးနိုင်ဘူး၊ တွေ့ချင်တိုင်း တွေ့ကြတာ။ သကြွန်တွင်း ဒုလ္လဘစခန်းမှာ ဘုန်းကြီးစိတ်ပူတာ ပြောပါတယ်။

(ရယ်သံများ)

တွေ့ချင်တိုင်း တွေ့ကြတယ်၊ မတွေ့ကြရင် ကောင်းမယ်လို့ထင်တာပဲ။

(ရယ်သံများ)

မတွေ့ကြပြန်တော့လဲ သူတို့က သက်နှင်းခြုံပြီး တွေးနေဦးမှာ။ နန္ဒမင်းသားလိုပေါ့။ နန္ဒမင်းသား ရဟန်းပြုတော့ မင်္ဂလာဆောင်ပြီးပြီးချင်း ရဟန်းပြုတာ။ ညီတော်မင်းနန်နဲ့ဇနပဒကလျာဏီတို့ မင်္ဂလာဆောင်တဲ့နံနက်ခင်း ဘုရားက နန်းတော်ကိုကြွ။

"ငါ့ညီ၊ ဘာတွေလုပ်နေကြတုန်း"

"တပည့်တော်တို့ မင်္ဂလာပွဲပါဘုရား"

"ဘယ်သူနဲ့လက်ထပ်"

"နှမတော် ဇနပဒကလျာဏီနဲ့ပါဘုရား"

"မင်္ဂလာဆောင်ပြီးသွားပလား?"

"ပြီးပါပြီဘုရား"

"ဒါဆို မင်္ဂလာတရားဟောရအောင် ငါလာဦးမယ်" ဆိုပြီး ဘုရားက ညီတော်နဲ့ ညီမတော်တို့ လက်ထပ်ပွဲမှာ မင်္ဂလာတရား ဟောတယ်။ အောင့်သက်သက်နဲ့ လက်ခံလိုက်ရတယ်။ အမှန်က လက်မခံချင်ဘူး။ ခုပဲ မင်္ဂလာဆောင်ပြီးတယ်၊ ခုပဲ ဘုရားကြွလာတယ်ဆိုတော့ တော်တော်စိတ်ညစ်တယ်။ ဒါပေမယ့် ဘုရားကိုယ်တော်မြတ်ကို ကြည်ညိုလွန်းလို့ဆိုပြီး ဆီးကြိုတာ။ "ကြွပါဘုရား၊ ကြွပါဘုရား"နဲ့ လောကွတ်က လုပ်လိုက်ရသေးတယ်။ ဒကာကြီးတွေအတိုင်းပဲ၊ "ဒကာကြီးတွေ သက်န်းဝတ်မလား"မေးရင် "ရပါတယ်၊ ရပါတယ်"နဲ့ ဒါ လောကွတ်က လုပ်တာ၊ တကယ်တော့ မရဘူး။

(ရယ်သံများ)

အဲဒီလိုပဲ "ဒကာမကြီးကော သီလရှင်ဝတ်မလား" မေးရင် ရပါတယ်၊ ရပါတယ်"နဲ့ သူတို့က ပိုမရသေး

တယ်။ ခုလဲ နန္ဒမင်းသားကို ဘုရားက "မင်္ဂလာတရား ဟောဦးမယ်"ဆိုတော့ "ကြွပါဘုရား၊ ကြွပါဘုရား၊ သပိတ်လေးပေးပါ၊ သက်န်းလေးပေးပါ"ဆိုပြီး သပိတ်ကိုဆီးယူတာ။ နန္ဒမင်းသားက ဘုရားကိုဆီးကြိုတဲ့အခါမှာ ဘာဆီးယူသလဲ?၊ သပိတ်ဆီးယူတယ်။ နောက်ကျ အဲဒီသပိတ် သူ့ကို မွှေလိမ့်မယ်ဆိုတာ သူမသိဘူး။

(ရယ်သံများ)

သပိတ်ကိုဆီးယူ၊ သပိတ်ကြီးပိုက်ထား၊ မြတ်စွာဘုရားက မင်္ဂလာတရားဟောပြီးတော့ "ကိုင်း! ပြန်မယ်ဟေ့" ဆို ပြန်လဲပြန်ရော။ ဇနပဒကလျာဏီဆိုတဲ့ မင်းသမီးက မင်္ဂလာဆောင်ပြီးကာစ နည်းနည်းအိုက်တိုက်တိုက်ရှိတာနဲ့ ရေချိုးခန်းဝင်ပြီး ရေချိုးတယ်။

မြတ်စွာဘုရားက ကျောင်းတော်ပြန်မယ်လုပ်တော့ နန္ဒမင်းသားက သပိတ်ကိုင်ပြီး လိုက်ရတာ။ "လှေကားရင်းရောက်ရင်တော့ အစ်ကိုကြီး သူ့သပိတ်သူ ယူလိမ့်မယ်"ထင်တယ်။ ဘုရားကမယူဘူး။ မသိချင်ယောင်ဆောင်ပြီးတော့ သွားသလားမသိဘူး၊ မယူဘူး။

(ရယ်သံများ)

ခြံပေါက်ဝရောက်ရင်တော့ ယူလိမ့်မယ်ထင်တယ်၊ မယူဘူး။ လှည့်တောင်မကြည့်ဘူး၊ သပိတ်ကလေး

ကိုင်ပြီးတော့ ဘုရားနောက် လိုက်သွား။ နည်းနည်းတော့ စိတ်ထဲပူလာပြီ "ဒီသပိတ်ယူမိတာ မှားပြီထင်တယ်"

(ရယ်သံများ)

အဲဒါကြောင့် ဘုန်းကြီးက မြိုင်ကြီးငူကလူတွေ စိတ်ပူမှာစိုးလို့ သပိတ်ကိုယူကိုမလာတာ။

(ထပ်ဆင့်ရယ်သံများ)

သွားကြရော၊ လမ်းပေါ်ရောက်သွား၊ ဘုရားက သပိတ်မယူဘူး။ ဒီအတိုင်းသွားတယ်။ နန္ဒမင်းသားက သပိတ်လေးကိုင်ပြီးနောက် လိုက်သွားတယ်၊ တော်တော်လေး လှမ်းသွားတော့မှ ရုံရွှေတော်မိန်းမတွေက ရေချိုးခန်းက ထွက်လာပြီး အလှပြင်ခန်းဝင်တော့မယ့် ဇနပဒကလျာဏီကို လှမ်းပြောလိုက်တယ်။

"မဘုရား၊ အေးအေးဆေးဆေး သိပ်လုပ်မနေနဲ့နော်၊ မောင်တော်ကို ဘုရားခေါ်သွားပြီ"

"ဘယ်ခေါ်သွားတုန်း"

"နောင်တော်ကြီး ခေါ်သွားတယ်လေ၊ ကြည့်ဦး" ဆိုတော့ အမြန်ပြေးလာ၊ ဆံပင်ရေခြောက်အောင်တောင် မသုတ်ရသေးဘူးနဲ့တူတယ်။ ဆံပင်ထဲကရေတွေ စိမ့်စိမ့်ပြီး ပါးပြင်ပေါ် တလိမ့်လိမ့်ဆင်းနေတယ်။ တံဘက်

ကလေးတင်ပြေးထွက်ပြီး ပြတင်းပေါက် လက်ထောက်ကြည့်လိုက်တော့ ဟိုမှာ သပိတ်ကိုင်ပြီး ပါသွားတယ်၊ လက်ထောက်ရင်း လှမ်းမှာလိုက်သေးတယ်။

"မောင်တော်ရေ၊ သပိတ်ပို့ပြီး မြန်မြန်ပြန်ခဲ့နော်" လို့မှာလိုက်သေးတယ်၊ မင်းသားက သမင်လည်ပြန် ပြန်ကြည့်တော့ ပါးပြင်ကရေလေးတွေ တလိမ့်လိမ့် ကျနေတဲ့မျက်နှာ၊ ပဝါလေးပခုံးတင်ထားတဲ့မျက်နှာ၊ အဲဒါ ထွက်ကိုမထွက်ဘူး။ "မောင်တော်ရေ၊ ခပ်မြန်မြန်ပြန်ခဲ့ နော်"ဆိုတဲ့စကား နားထဲကကို မပျောက်ဘူး။ ရှေ့က ဘုရားကိုလဲ မမြင်ဘူး၊ လက်မှာကိုင်ထားတဲ့ သပိတ်ကို လဲ မမြင်ဘူး၊ ပြတင်းပေါက်က သူ့ကိုပဲ မြင်နေတယ်။

(ရယ်သံများ)

သွားလို့ နိဂြောဓာရုံကျောင်းတော်ရောက်တော့ ဘုရားကမေးတယ်။

"ငါ့ညီ-ကြည့်စမ်း၊ ငါ့အနားမှာ သံဃာနှစ်သောင်း အဲဒီအချိန် ဘုရားနားမှာ သံဃာနှစ်သောင်းရှိတယ်၊ နှစ်သောင်းထဲမှာ တစ်သောင်းက သာကီဝင်မင်းတွေ ချည့်ဆိုတော့-

"ငါ့ညီ ကြည့်စမ်း၊ ငါ့အနားမှာ သံဃာနှစ်သောင်း ထဲမှာ တစ်သောင်းက သာကီဝင်တွေ သာကီဝင်

ဘုရားကို သာကီဝင် ရဟန်းတွေရဲ့တာ ကျက်သရေ မရှိဘူးလား?

"သိပ်ကျက်သရေ ရှိပါတယ်ဘုရား" အလိုက်သင့်သာ လိုက်ပြောနေတာ၊ စိတ်က ဟိုပြတင်းပေါက်မှာပဲ ဒီလိုဖြစ်နေတယ်။

(ရယ်သံများ)

ပြတင်းပေါက်ပေါ်လက်ထောက်ပြီး "မောင်တော်ရေ သပိတ်ပို့ပြီးရင် ခပ်မြန်မြန်ပြန်ခဲ့ပါ"ဆိုတဲ့ စကားနားထဲမှာ ထွက်ကိုမထွက်ဘူး။

"လမင်းကြီး ကြယ်တာရာရဲ့သလို သာကီဝင်ဘုရားကို သာကီဝင် ရဟန်းတွေရဲ့တာ မကောင်းဘူးလား?"

"ကောင်းတာပေါ့ဘုရား"

"ကောင်းဆို ကြယ်တာရာတွေအများကြီးထဲမှာ မင်းလဲဝင်လိုက်ရင် မင်းလဲ ကြယ်လေးတစ်လုံးပေါ့"

"ကောင်းတာပေါ့ဘုရား"

(ရယ်သံများ)

"အဲဒါဆို မင်းရဟန်းဘောင်ဝင်ရင် မကောင်းဘူးလား?"

"ရပါတယ်ဘုရား" အဲဒီလိုလဲပြောလိုက်ရော–

"ချစ်သားမောဂ္ဂလာန် ခေါင်းရိတ်၊ ရှင်သာရိပုတ္တရာ သရဏာဂုံသီလပေး၊ ရှင်မဟာကဿပ ဩဝါဒပေး၊ ကိုင်း! သိမ်သွင်းပြီးတော့ ကမ္မဝါဖတ်ပါဆိုတော့ စိတ်မပါဘဲနဲ့ ခုပဲမင်္ဂလာဆောင်၊ ခုပဲဘုန်းကြီးဝတ်လိုက်ရတယ်"

(ရယ်သံများ)

အဲဒီတော့မှသိသွားတာ။ "ဟာ–သပိတ်ကြီး ကိုင်မိတာ မှားသွားပြီ၊ သပိတ်ကြီးဂြိုဟ်မွှေတာ" လို့။

(ထပ်ဆင့်ရယ်သံများ)

ဒါကြောင့် ဘုန်းကြီးအနားကပ်ရင် ကြည့်ကပ်ကြ၊ သပိတ်များသွားကိုင်မိလို့ ပြန်မယူရင် ဂြိုဟ်မွှေခံရလိမ့်မယ်နော်၊ အဲဒီနောက် နန္ဒမင်းသားရဟာန်းကို ဘုရားက–

"မင်း–ဒီလိုနေလို့တော့မဖြစ်ဘူး၊ တရားအားထုတ်" ဆိုပြီး ထွက်လေဝင်လေ ရှုမှတ်ခိုင်းတယ်။ တစ်ပါးတည်း ကျောင်းသေးသေးလေးထဲမှာ တင်ပျဉ်ခွေထိုင်ပြီး–

"ထွက်တယ်၊ ဝင်တယ်"

"ထွက်တယ်၊ ဝင်တယ်"

ဘာတွေထွက်လဲ? နှာခေါင်းထဲမှ လေတွေထွက်တယ်။

ဘာတွေဝင်လဲ? နှာခေါင်းထဲ လေတွေ ဝင်တယ်။

အဲဒါ တစ်ခုမှ မထွက်ဘူး၊ တစ်ခုမှလဲ မဝင်ဘူး၊ ပြတင်းပေါက်ကနေ ဇနပဒကလျာဏီချည်း ဝင်ချည်၊ ထွက်ချည်ဖြစ်နေတယ်။

(ရယ်သံများ)

အဲဒီလို ဖြစ်နေတယ်။ စိတ်ညစ်တယ်။ ထွက်လေ ဝင်လေ ဖမ်းလို့ကို မမိဘူး။ ဇနပဒကလျာဏီချည်း မဖမ်းဘဲနဲ့ မိမိနေတယ်။

(ထပ်ဆင့်ရယ်သံများ)

ကိုင်း! စိတ်ညစ်ပါတယ်ဆိုပြီး သက်န်းခေါင်းခြုံပြီး အိပ်တာ၊ လူကသာ ခေါင်းခြုံ တုံးလုံးလှဲပြီး အိပ်နေတာ၊ အဲဒီခြုံထားတဲ့ သက်န်းထဲ ဇနပဒကလျာဏီ ရောက် ရောက်လာတယ်။ စိတ်ကူးထဲ ရောက်လာတာ။ အဲဒါ ပြောတာပေါ့ "လူကရိပ်သာ၊ စိတ်ကအိမ်မှာ"

(ရယ်သံများ)

**တို့ယောဂီများ တရားကိုရှာ၊**

**လူကရိပ်သာ စိတ်ကအိမ်မှာ၊**

လူကတော့ ဘယ်မှာလဲ? ရိပ်သာမှာ၊ စိတ်ကတော့ ဘယ်မှာလဲ? အိမ်မှာ ဇနပဒကလျာဏီနဲ့ပါ။

(ရယ်သံများ)

**တို့ယောဂီများ တရားကိုရှာ၊**

**လူကရိပ်သာ စိတ်ကအိမ်မှာ။**

ရွှေဥမင်ဆရာတော်ကြီး ဆုံးမတာ၊ ဘုန်းကြီးတို့တော့ မပြောပါဘူး။ ဆရာတော်ကြီးက သူ့ရှစ်လုံးဖွဲ့လက်ာမှာ ဒီလိုအဆုံးသတ်တော်မူတယ်။

**တို့ယောဂီများ တရားကင်းကွာ၊**

**ထမုန်ကင်း ဟုန်ကင်းယောဂီပါ။**

အဲ…ထားပါစို့၊ အနောဇာဒေဝီအကြောင်းလေး ဆက်ရအောင်။

(၈)

# အပဲရိုးခြောက်ကာမဂုဏ်

မြတ်စွာဘုရားက စိတ်ပူတော်မူလို့ "မတွေ့မြင်စေသတည်း"လို့ ရဟန္တာတစ်ထောင်ကို မိဖုရားတစ်ထောင် မတွေ့ရအောင် ဘာနဲ့ကွယ်ထားသလဲ? တန်ခိုးနဲ့ ကွယ်ထားတယ်။ တွေ့ပေးလိုက်ရင် မလွယ်ဘူး ဖြစ်သွားမှာ။ မိဖုရားတစ်ထောင်ရောက်လဲလာရော မြတ်စွာဘုရားကို ရှိခိုးဦးချ ကန်တော့တယ်။ မြတ်စွာဘုရားသခင်က အနောဇာဒေဝီ ဦးဆောင်တဲ့ မိဖုရားတစ်ထောင်ကို တွေ့တာနှင့် ဒါနကထာက စပြီး ကထာ ၆-ပါး ဟောတယ်။ ဘာဟောသလဲ? ပရိသတ်ကြီး-

(ကထာ ၆-ပါး ဟောပါတယ်ဘုရား)

ဒါနကထာ=အလှူအကြောင်း၊

သီလကထာ=သီလအကြောင်းပေါ့၊

သဂ္ဂကထာ=နတ်ပြည်အကြောင်းပြောတာ၊

ကာမာဒီနဝကထာ=ကာမဂုဏ်အပြစ်ပြတာ၊

နေက္ခမ္မကထာ=တောထွက်ခြင်းရဲ့ ကျေးဇူးပြောတာ၊

စတုသစ္စကထာ=သစ္စာလေးပါးပြောတာ။

အစဉ်အတိုင်းဟောတယ်။ ကထာ ၆-ပါး အစဉ်အတိုင်းဟောနေတော့ နောက်နားက မိန်းမတစ်ထောင်ထဲမှာ တစ်ယောက်တစ်လေတော့ နည်းနည်း စပ်စပ်စုစုလုပ်ချင်တယ်။ ဘာလုပ်ချင်သလဲဆို။ "ဟိုလူတစ်ထောင် ဘယ်သွားပါလိမ့်မလဲ?"

(ရယ်သံများ)

"မောင်တို့တစ်ထောင် ဘယ်ရောက်ကုန်ပါလိမ့်မလဲ" လို့ နောက်ကနေပြီးတော့ တွေးကြသေးတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က အဲဒီအတွေးကို သိတော်မူလို့ ကာမဂုဏ်ရဲ့ အပြစ်ကို ဖိဟောတာတဲ့။ ကာမဂုဏ်တွေ သိပ်မတွေးနဲ့နော်တဲ့။ ကာမဂုဏ်ဆိုတာ အမဲရိုးခြောက်နဲ့တူတယ်။ ဘာနဲ့တူသလဲ?

(အမဲရိုးခြောက်နဲ့တူပါတယ်ဘုရား)

**အဋ္ဌိကင်္ကလူပမာ ကာမာ။**

ကာမာ=ကာမဂုဏ်တရားတွေဆိုတာ။ အဋ္ဌိကင်္ကလူပမာ=အသားတစ်စက်ကမှမရှိ၊ ခြောက်သွေ့နေတဲ့ အမဲရိုးနှင့် တူကြကုန်၏။

အသားမရှိ ခြောက်နေတဲ့ အမဲရိုးကို ပရိသတ်ရေ၊ ခွေးတစ်ကောင်တွေ့တဲ့အခါမှာ ညှီစို့စို့ အနံ့လေးရတော့ အဲဒါကို အရသာ ၆-ပါးရှိလိမ့်မယ်ထင်လို့ ခွေးလေးချီသွားတာပဲ။ ဟုတ်ရဲ့လား? ခြောက်သွေ့နေတဲ့ အမဲရိုးကို အညှီနံ့လေးရတာနဲ့ ခွေးကလေး ဘာလုပ်သွားသလဲ? ချီသွားတယ်။

ဘုန်းကြီးတို့ ပရိသတ် ကိုယ့်အိမ်ကိုယ် ဘာတွေချီလာသလဲလို့ မမေးပါဘူး၊ ခွေးနဲ့တူသွားတဲ့လူ ဆိုရင် စိတ်ဆိုးမှာစိုးလို့။

(ရယ်သံများ)

မပြောပါဘူး၊ ကိုက်ချီလာတဲ့ ကိုယ့်ဥစ္စာလေး ကိုယ်ပြန်ကြည့်ကြည့်၊ ဘာနဲ့တူသလဲ?လို့။ ဟိုမှာက အမဲရိုးခြောက်နဲ့ တူတယ်တဲ့။ ကာမဂုဏ်ဆိုတာ အဲဒါ ညှီစို့စို့ အနံ့ရတာ၊ ခွေးကချီလာပြီး အမှိုက်ပုံနားချထား ဟိုဘက်သည်ဘက်ကို "ရှူး ရှူး"လို့ လှည့်ပတ်ရှူကြည့်လို့ အနံ့ကလေးထွက် "ဟာ-နတ်သုဒ္ဓါနဲ့ တူသော အရသာ ၆-ပါးရှိမယ်"လို့ ထင်တယ်နော်။ အဲဒါ ဖိကိုက်တာပဲ။

ခြောက်နေတဲ့ အမဲရိုးကိုက်ရင်း ကိုက်ရင်း နည်းနည်း စိုလာတယ်။ စိုလာမှာပေါ့ဗျ၊ သူ့ပါးစပ်ထဲက သွားရည် တွေနဲ့ လိမ်းပြီး စိုသွားတာပါ။

(ရယ်သံများ)

ဘဝဆိုတာ အဲဒီလိုပဲတဲ့၊ အလွန်ခြောက်သွေ့တာ၊ ကာမဂုဏ်နဲ့ ဆိုတော့မှ နည်းနည်းပါးပါး စိုစိုပြည်ပြည် ရှိတယ်ဆိုပါလား? ခွေးအမဲရိုးကိုက်တဲ့ အတိုင်းပဲတဲ့။ စိတ်တော့မဆိုးကြနဲ့နော်။

အဲ-စိုစိုလေးဖြစ်လာတော့ ခွေးက အဲဒီအမဲရိုးက ထွက်လာတဲ့ အရသာကို လျက်ကြည့်တာ။ လျက်ကြည့် တော့ သင်ရည်အရသာလေးရတော့ ပိုကောင်းမယ် ထင်ပြီး ဖိဖိကိုက်တာ။ သင်ရည်အရသာထက် ပိုကောင်း သောအရသာ ဘာမှမထွက်ဘူး။ ခြောက်တဲ့ အရိုးကို ကိုက်ရင်းနဲ့ အောက်သွားတွေ ဂျုတ်ခနဲ ဂျုတ်ခနဲ ကျိုး ကုန်တယ်။ အထက်သွားတွေလဲ တပြုတ်ပြုတ်နဲ့ ထွက် ကုန်တယ်။ အောက်သွားမရှိတော့ဘူး။ အထက်သွားလဲ ကုန်ပြီ၊ ရေကိုတောင် ထောင်းပြီးတိုက်ရမယ့် အနေ အထား ရောက်နေတယ်။

(ရယ်သံများ)

အဲဒါလဲ ကိုက်တုန်းပဲတဲ့။ ခွေးအမဲရိုး ကိုက်တာကို ပြောတာနော်၊ ဒကာကြီးတွေကိုတော့ မပြောပါဘူး။

(ရယ်သံများ)

အောက်သွား၊ အထက်သွားတွေ မရှိတော့ပေမယ့် အမဲရိုးခြောက်ကလေးကို ဖိဖိပြီး ကိုက်နေကြတာ၊ အဖွားကြီးတွေ၊ အဖိုးကြီးတွေကို ဘာမှလဲ စောင်းမပြောပါဘူး။ သူ့ဟာသူ တိုက်ဆိုင်သွားရင်တော့ Sorry ပဲ။

(ရယ်သံများ)

အိမ်ရောက်ရင် ကိုယ့်အရိုးကိုယ်ပြန်ကြည့်ပေါ့၊ ဘယ်လောက်ခြောက်သွေ့နေပြီလဲဆိုတာလေ။ တဂျုတ်ဂျုတ်နဲ့ ကိုက်လာခဲ့တာ၊ ဘာရသမှမပေါ်ဘူး။ ဒါပေမယ့် စွန့်လဲမစွန့်နိုင်ဘူး။ ဖြစ်ပုံက– ခုနကခွေး သွားတွေကျိုးသွားဖုံးတွေ ပွန်းနေတော့ အမဲရိုးခြောက်ကလေးကို နံဘေးနားချ အမှိုက်ပုံကလေးကို ဖြဲယက်ပြီး အမှိုက်ပုံဘေးမှာ ခွေခွေကလေး အိပ်နေတယ်၊ အမဲရိုးခြောက်နားမှာလေ၊ ဟုတ်တယ်မဟုတ်လား?၊ ဟုတ်တယ်၊ ဘာမှ မပြောနဲ့။ အဲဒါဟုတ်တာပဲ။

(ရယ်သံများ)

မြတ်စွာဘုရားက အံ့ဩစရာ တော်တော်ကြီးကောင်းတဲ့ ဘုရားဗျာ၊ လူတွေကို ဘာနဲ့တူသလဲ? ဘာနဲ့

တူသလဲနဲ့ တစ်ခါတလေ ခွေးနဲ့တူတယ်ပြော၊ တစ်ခါ
တလေ ဝက်နဲ့တူတယ်ပြော၊ ဘုန်းကြီးတို့တော့ မပြောရဲ
ပါဘူး၊ ဘုရားပြောခဲ့လို့သာ ပြန်ပြောရတာ။ အဲဒါ
ကြောင့်-

**အဋ္ဌိကင်္ကလူပမာ ကာမာ-တဲ့။**

ကာမာ=ကာမဂုဏ် စည်းစိမ်တွေဆိုတာ၊ အဋ္ဌိကင်္က
လူပမာ=အသားတစ်စက်မျှမရှိ အညှီနံ့လောက်သာရတဲ့
အမဲရိုးခြောက်နဲ့ တူကြတယ်ရယ်လို့၊ ဘဂဝါ=ဘုန်းတော်
ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်တော်
မြတ်ဘုရားသည်။ ကာမာနံ့ အာဒီနဝံ=ကာမဂုဏ်ကို
အပြစ်ပြတဲ့ ဒေသနာတော်ကို။ ဒေသေသိ=ကရုဏာ
ရှေးရှု မေတ္တာပြု၍ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

(၉)

# မိပုရားများဘိက္ခုနီဖြစ်ပြီ

အဲဒါ ဘာကထာလဲဆိုရင် ကာမာနံ အာဒီနဝ ကထာပဲ။ ပရိသတ်ကြီး ဘာကထာလဲ?

(ကာမာနံ အာဒီနဝကထာပါဘုရား)

ကာမာနံ အာဒီနဝကထာ ဟောတော့မှ နောက်က မိန်းမတွေ သူတို့အမဲရိုးခြောက်ကို မတွေးတော့ဘူး။ အဲဒီမှာ ရပ်သွားပြီ။

(ရယ်သံများ)

“ဟိုလူကြီး ဘယ်ရောက်သွားပြီလဲဆိုတဲ့ အတွေး ဟာ အဲဒီမှာပြတ်ပြီးတော့မှ နိက္ခမဆိုတာ ကာမမှ ထွက်သွားတာဟာ နိက္ခမပဲ။ အဲဒါပြီးလို့ သစ္စာ၄-ပါး ဆက်ဟောတော့မှ မိန်းမတစ်တွေ ဘာဖြစ်လဲ?

(ရဟန္တာဖြစ်ပါတယ်ဘုရား)

မဖြစ်လိုက်နဲ့ဦး၊ သောတာပန်ဖြစ်တယ် ပရိသတ်ရေ၊ သောတာပန်ဖြစ်ပြီးတော့မှ မြတ်စွာဘုရားက ဒီမိန်းမတွေ စိတ်ချရလောက်ပြီဆိုပြီးတော့ ဘုရားက ဘုန်းကြီးတစ်ထောင် ဖော်ပေးလိုက်တော့ အဆင်ပြေလိုက်တာ။ ဒီဘက်က သောတာပန်အရိယာ၊ ဟိုဘက်က ရဟန္တာအရိယာ၊ ပြီးတော့မှ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ခေါ်လိုက်တယ်။ "ဥပ္ပလဝဏ်ထေရီလာခဲ့"တဲ့။ ဘယ်သူ့ခေါ်လိုက်သလဲ?

(ဥပ္ပလဝဏ်ထေရီပါဘုရား)

ဥပ္ပလဝဏ်ထေရီကို ခေါ်ပြီးတော့မှ "ဟောဒီ အမျိုးသမီး မိဖုရားတစ်ထောင်ကို ကျောင်းတော်ကို ခေါ်သွား၊ ခေါင်းရိတ်ပြီးတော့ ဘိက္ခုနီရဟန်းမလုပ်ပေးလိုက်" ဆိုတော့ ဥပ္ပလဝဏ်ထေရီမက ခေါ်သွားပြီးတဲ့နောက်မှာ မိန်းမတစ်ထောင်အကုန်ပါသွား၊ ကျောင်းရောက်တော့ ဘာဖြစ်ကြသလဲ? ဘိက္ခုနီရဟန်းမ ဖြစ်ကြတယ်။

ပရိသတ်ကြီး တစ်ပြိုင်နက်တည်း ရဟန်းဘယ်နှစ်ထောင်ရသလဲ?၊ ရဟန်းမိန်းမတစ်ထောင်၊ ရဟန်းယောကျ်ားတစ်ထောင် ပေါင်းနှစ်ထောင်။ ဘယ်ပေါ်မှာတည်ဆောက်ကြလို့ ဒီလိုလွတ်မြောက်ကြတာ၊ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာပေါ်မှာ။

သဒ္ဓါ=ယုံကြည်ချက်တွေတူတယ်။

သီလ=ကိုယ်ကျင့်တရားတွေတူတယ်။

စာဂ=စွန့်လွှတ်ပုံတွေတူတယ်၊ စည်းစိမ်တွေ စွန့်ပုံကို ပြောတာ။

ပညာ=အသိပညာလဲတူတယ်။

ဒီ၄-ချက် တူညီတဲ့အတွက်ကြောင့် တစ်ပြိုင်နက်ထဲ ယောက်ျား၊ မိန်းမနှစ်ထောင်၊ သန္တိဆိုတဲ့ ငြိမ်းချမ်းရေးကို ဘုရားရှေ့မှောက်မှာ ကောင်းစွာရတော်မူကြကုန်၏ ဒီလိုမဟုတ်လား?

**ဟိတွာ ကာမေ ပဗ္ဗဇိံသု၊**

**သန္တော ဂမ္ဘိရစေတကာ။**

သန္တော=ဘုရားဗုဒ္ဓါ ပစ္စေကာနှင့် အရိယာနွယ်လောင်း ရှေးသူတော်ကောင်းတို့သည်။ ဂမ္ဘိရစေတကာ=တွေ့ကြုံသမျှမှူ ကိစ္စဝယ်၊ အဖွတ္တနိုက် ဉာဏ်မြင်ဆိုက်အောင် လှိုက်လှိုက်လှဲလှဲ စိတ်တော်စွဲ၍ နက်နဲသည့်ခါတ်သဘောတွေကို နက်နဲစွာဆင်ခြင် အကြံကောင်းဉာဏ်ကောင်း ဝင်တော်မူကြကုန်သည်ဖြစ်၍။ ကာမေ=ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှုနည်းသွယ် ကြီးကြီးငယ်ဟု ကြီးငယ်ရောစုကိုယ်တို့ပိုင်သတဲ့၊ ကာမဝတ္ထု အစုစုကို၊ ဟိတွာန=

ငါတို့ပိုင်ပြေား ဤကာမတရားဟူသည်ကား အများတကာ တို့နှင့် ဆက်ဆံ ဘေးတွေကဝန်းရံ ရန်သူတွေက အလွန် များ ကြောက်လန့်ဖွယ်တွေပါတကားဟု ကြောက်အား တော်ညာဏ်ဖြင့် လွတ်လွတ်ကြီး စွန့်လွှတ်တော်မူကြကုန် လျက်။ ပဗ္ဗဇိတ်သု-ဃရာဝါသ ကျပ်တည်းလှတဲ့ ကိစ္စ များမြောင် လူတို့ဘောင်မှ လွတ်အောင်ကျူးလျက် ရန်းကန်ထွက်၍ နှစ်သက်ရွှင်လန်း မြတ်သက်န်းဖြင့် ရှင်ရဟန်း ပြုတော်မူခဲ့ကြလေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

(၁၀)

# အနိုင်းမဲ့ရောင်ရှိန်

မဟာကပ္ပိနမထေရ် ဘယ်လိုဖြစ်သလဲဆိုတာ အတ္ထုပ္ပတ္တိက ဒီအတိုင်းပါဗျာ။

မဒ္ဒတိုင်း ရှင်ဘုရင်ဘဝကနေ ပြောင်းလာတဲ့ မဟာကပ္ပိနမထေရ်၊ အဲဒီမဟာကပ္ပိနမင်းကြီးနဲ့ ယောက်ျားပေါင်း တစ်ထောင်တို့က ဘိက္ခု၊ အနောဇာဒေဝီနဲ့ မိန်းမပေါင်းတစ်ထောင်တို့ကလည်း ဘိက္ခုနီ၊ သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတော်မှာ အဲဒီ ဘိက္ခု ဘိက္ခုနီ နှစ်ထောင်နဲ့ ဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းစံပျော် မွေ့လျော်နေတဲ့ ကာလမှာ "**ဒိဝါ တပတိ အာဒိစ္စော**" စတဲ့ ဓမ္မဒေသနာကို သူတို့အကြောင်းပြုလို့ ဟောတာ။

အာဒိစ္စော=ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့ ရှင်နေမင်းသည်။ ဒိဝါ=နေ့အခါမှာ။ တပတိ=တောက်ပတယ်။

လပြည့်နေ့တစ်နေ့ ညနေစောင်း အဲဒီသံဃာတစ်ထောင်နဲ့ ဥပုသ်ပြုမလို့ဆိုပြီး သံဃာတော်တွေနှင့် ဘုရားရှင် စုဝေးတော်မူကြတယ်။ အရှေ့မှာ လ,က အထွက်၊ အနောက်မှာ နေကမဝင်တဝင်၊ ညနေစောင်းတုန်းက ဘုန်းကြီးတို့ ဘေသဖ္မုနိမြတ်စွာဘုရားရဲ့ ရင်ပြင်တော်ကနေ သံလွင်မြစ်ကို ကျော်ပြီးတော့ အနောက်တောင်စွယ်မှာ ကွယ်ခါနီးနေက တောက်တဲ့အရောင်က ရွှေရောင်တောက်တယ်။ ဝင်ခါနီးနေက အရှေ့ကိုလှမ်းပြီး လွှတ်လိုက်တဲ့ရောင်ခြည်က ဘာအရောင်လွှတ်သလဲ? ရွှေရောင်လွှတ်တယ်။

အရှေ့က ထွက်ပြူစ လ,ကနေပြီးတော့ အနောက်ကို လွှတ်လိုက်တဲ့ ရောင်ခြည်က ငွေရောင်တောက်တယ်။ အရှေ့ကထွက်တဲ့လသည် ဘာအရောင်လဲ?

(ငွေရောင်ပါဘုရား)

အနောက်က ဝင်တော့မယ့်နေက–

(ရွှေရောင်ပါဘုရား)

ကောင်းကင်မှာ ဆီးနှင်းလဲမဆိုင်းဘူး၊ မြူလဲမဆိုင်းဘူး၊ တိမ်လဲမဖုံးဘူး၊ အသူရိန်လဲမဖမ်း၊ မီးခိုးလဲမထတဲ့အတွက် ကောင်းကင်မှာ ကြည်ပြီးတော့ သန့်ရှင်းနေတဲ့ အလျောက် နေရောင်လဲ ကောင်းစွာတောက်ပ

တယ်။ လရောင်လဲ ကောင်းစွာတောက်ပတယ်။ ရဟန်းတော်အပေါင်းက တစ်ထောင်၊ အဲဒီ ရဟန်းပေါင်းတစ်ထောင်ရဲ့ ခေါင်းဆောင်မထေရ်ကြီးက မဟာကပ္ပိနမထေရ်၊ ဘယ်သူပါလဲ?

(မဟာကပ္ပိနမထေရ်ပါဘုရား)

မဟာကပ္ပိနမထေရ်ဟာ သူ့ရဟန်းတစ်ထောင်နဲ့ သူကိုယ်တိုင် ဘုရားမှာ ဩဝါဒခံမယ်၊ ဥပုသ်ပြုမယ်ဆိုပြီး စုဝေးလို့နေနေကြတာ။ မဟာကပ္ပိနမထေရ်က ဥပုသ်မပြုသေးခင် ဖလသမာပတ် ဝင်စားတော်မူတယ်။ ဖလသမာပတ် ဝင်စားတော့ ဖလသမာပတ်ဆိုတာ ဖိုလ်စိတ်နဲ့နိဗ္ဗာန်, နိဗ္ဗာန်နဲ့ဖိုလ်စိတ် ဒါပဲ။ နိဗ္ဗာန်ပေါ်မှာ အရဟတ္တဖိုလ်စိတ်ကို တင်ပြီးကြည့်နေလို့ နှလုံးသားကကြည်ပြီးရွှေလိုဖြစ်လာတယ်။ ရွှေရောင်တောက်လာတယ်။ နှလုံးသားက သွေးတွေ ခန္ဓာကိုယ်ကိုလည်လဲသွားရောခပ်ညိုညိုဖြစ်နေတဲ့ ရွှေရောင်တွေ တရိပ်ရိပ်ထွက်လာတယ်။ အဲဒါ သိပ်ကို ကျက်သရေရှိတာ။

အဲဒီအချိန် ဥပုသ်ပြုပွဲကို ကြည်ညိုဖို့ဆိုပြီးတော့ ကောသလမင်းကြီးလဲ တက်လာတယ်။ ဘယ်သူပါလဲ?

(ကောသလမင်းကြီးပါဘုရား)

ကောသလမင်းကြီးကလဲ မင်းမြောက်တန်ဆာ ၅-ပါး ဆင်မြန်းပြီးလာတယ်။ ဥပုသ်ပွဲ ကြည်ညိုမလို့ ဝန်ကြီး

တွေ အမတ်ကြီးတွေ စစ်သူကြီးတွေ အကုန်လုံး ဝတ်စုံပြည့်နဲ့ တက်လာတယ်။ ပရိသတ်ကိုကြည့်လိုက်ရင် ရဟန်းပရိသတ်က တစ်ထောင်၊ မဟာကပ္ပိနမထေရ် ခေါင်းဆောင်တယ်။ မင်းပရိသတ်မှာ ကောသလဘုရင်က ခေါင်းဆောင်တယ်။ အရှေ့ကထွက်လာတဲ့ လ,က လဲ ငွေရောင်သန်းလို့ အနောက်မှာ ဝင်လုလုနေကတော့ ရွှေရောင်သန်းလို့၊ အဲဒီရွှေရောင် ငွေရောင် ၂-ပါး လွှမ်းထားတဲ့ ဇေတဝန်ကျောင်းတော်ကြီး တစ်ခုလုံး ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရောင်ခြည်တော်ခြောက်သွယ်က ထပ်လွှမ်းတော့ ကျက်သရေမရှိဘူးလား?

(ရှိပါတယ်ဘုရား)

အဲဒါကိုကြည့်ပြီးတော့ အရှင်အာနန္ဒာကိုယ်တော်ကြီးက-

**လက္ခညာ ဝတ ဘန္တေ ဒေါသိနာ ရတ္တိ၊**
**အဘိရူပါ ဝတ ဘန္တေ ဒေါသိနာ ရတ္တိ၊**
**ရမဏီယာ ဝတ ဘန္တေ ဒေါသိနာ ရတ္တိ၊**

ဘန္တေ -ဘဂဝါ=ဘုန်းတော် ကြီးတော်မူသော ရှင်တော်မြတ်ဘုရား။ အယံရတ္တိ=ဒီလိုညချမ်း ကာလ မျိုးသည်။ [ပရိသတ်ရေ၊ ဘယ်လိုညချမ်းမျိုးလဲ? သံလွင်မြစ်ကမ်းမှာ မဟာကပ္ပိနမထေရ်နဲ့ အနော်ဇာမိဖုရားတို့

ရဟန်းပြုခန်းကို ဟောကြားနေတဲ့ ဒီလိုညချမ်းကာလ မျိုးသည်။ မြိုင်ကြီးငှုမှာ ဓမ္မသဘင် ဆင်ယင်ကျင်းပ နေတဲ့ ဒီလိုညချမ်းကာလမျိုး] အဘိရူပါ ဝတ=အလွန် အလွန် ကျက်သရေရှိပါပေစွတကား။ ရမဏီယာ ဝတ= ပျော်မွေ့ဖွယ်ကောင်းလှပါပေစွတကား။ ဘာကောင်းလဲ? ပျော်စရာကောင်းတယ်၊ နှစ်သက်ဖွယ်ကောင်းတယ်တဲ့။ နောက်တစ်ခါ–

လက္ခဏာဝတ=မမေ့နိုင်အောင် မှတ်သားထိုက်ပါ ပေစွတကား။ [မေ့လို့မရအောင် မှတ်သားထားရမယ့် ညချမ်းမျိုးပဲ] ခေါသိနာဝတ=ဆီးနှင်း မြူတိမ် သူရိန် မီးခိုး အညစ်အကြေး ၅–မျိုးကင်းပြီးတော့ သန့်ရှင်း ကြည်လင်တဲ့ ညချမ်းပါဘုရားရယ်လို့ အာယသ္မာ အာနန္ဒော=အရှင်အာနန္ဒာမထေရ်သည်။ အတိဝိရောစန် ရတ္တိ=အလွန်တင့်ထယ် ကျက်သရေရှိနေတဲ့ ညချမ်း ကာလကို။ ဘဂဝတော=ဘုရားရှင်ကိုယ်တော်မြတ်အား။ အာရောစေသိ=ရွှေနားတော်ကြားအောင် လျှောက်ထား ပါလေတော့သတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

မင်္ဂလာရှိသော ညချမ်းပါဘုရားလို့ ပရိသတ်ရေ ဘယ်သူလျှောက်ထားသလဲ?

(အရှင်အာနန္ဒာမထေရ် လျှောက်ထားပါတယ် ဘုရား)

အရှင်အာနန္ဒာက မြတ်စွာဘုရားကိုယ်တော်မြတ်ကို လျှောက်တယ်။ ညချမ်းကာလကလဲ ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်ကြေး ၅-မျိုးကင်းလို့ လှတယ်။ ကျက်သရေရှိတယ်၊ အရှေ့ကထွက်လာတဲ့လကလဲ ငွေရောင်တွေ သွန်းလို့ ကျက်သရေရှိတယ်။ အနောက်မှာ ဝင်တော့မယ့်နေကလဲ ရွှေရောင်တွေသွန်းလို့ ကျက်သရေရှိတယ်။ သံဃာတော်တစ်ထောင်ကျော်ရဲ့ အလယ်ခေါင်မှာ မဟာကပ္ပိနမထေရ်ကလဲ ဖလသမာပတ် ဝင်စားနေလို့ ကျက်သရေရှိတယ်။ မင်္ဂလာရှိတယ်။ ကောသလမင်းကြီးကလဲ မင်းပရိသတ် အလယ်ခေါင်မှာ မင်းမြောက်တန်ဆာ ၅-ပါး ဝတ်ဆင်ထားလို့ ကျက်သရေရှိတယ်၊ မင်္ဂလာရှိတယ်။

အဲဒီ ကျက်သရေပေါင်းများစွာရဲ့အပေါ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်က ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတော်မူထားလို့ ပို၍ပို၍ ကျက်သရေရှိတယ်။ ဒီမင်္ဂလာညချမ်းမှာ ဘယ်သူလျှောက်သလဲ? ဆိုရင် အရှင်အာနန္ဒာလျှောက်တယ်။ ထိုအရှင်အာနန္ဒာလျှောက်ထားမှုကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက-

အာနန္ဒ ချစ်သားအာနန္ဒာ–

**ဒိဝါ တပတိ အာဒိစ္စော**=နေသည် နေ့အခါကျမှ တောက်ပတာပါ၊ ညအခါ မှာ မတောက်ပနိုင်ဘူး။

**ရတ္တိမာဘာတိ စန္ဒိမာ**=လတောက်ပတယ်ဆိုတာ ညအခါမှ သူတောက်ပတယ်၊ နေ့အခါမှာ မတောက်ပ နိုင်ဘူး။

**သန္နဒ္ဓေါ ခတ္တိယော တပတိ**=ရှင်ဘုရင်ဆိုတာလဲ မင်းမြောက်တန်ဆာ ၅–ပါး ဝတ်ဆင်ထားမှ မင်္ဂလာ ရှိတယ်။ မင်းမြောက်တန်ဆာ ၅–ပါး ကင်းသွားရင် ရှင်ဘုရင်ဟာ မင်္ဂလာရှိတယ်၊ ကျက်သရေရှိတယ်ဆိုတာ မပြောနိုင်ဘူး။

**ဈာယီ တပတိ ဗြာဟ္မဏော**=ရဟန္တာကိုယ်တော် ကြီးတွေကလဲ ဖလသမာပတ် ဝင်စားမှ သပ္ပာယ်တာ။ သမာပတ်မဝင်စားရင် တစ်ခါတစ်ခါ ရဟန္တာမှန်းတောင် မသိနိုင်ဘူး။

**အထ**=သို့သော်လည်း။

**သဗ္ဗမဟောရတ္တိံ**=နေ့ရောညရော ဘယ်သောခါ မဆို။

**တေဇသာ**=တေဇ ၅–မျိုးဖြင့်။ ပရိသတ် ဘာ ၅–မျိုးလဲ?

(တေဇ ၅–မျိုးပါဘုရား)

သီလတေဇရယ်၊

ပညာတေဇရယ်၊

ဂုဏတေဇရယ်၊

ပုညတေဇရယ်၊

ဓမ္မတေဇရယ်၊ တေဇဘယ်နှစ်ပါး?

(၅–ပါးပါဘုရား)

တောက်တောက်ပပ ပြောင်ပြောင်မြောက်မြောက် ကျော်ကျော်ကြားကြား ထင်ထင်ရှားရှား ဖြစ်ချင်ရင် ဒီ ၅–မျိုးကို အားလုံးစုဆောင်းကြပါနော်။

ပဥ္စတေဇဟိ=တေဇ ၅–မျိုးတို့ဖြင့်။

ဗုဒ္ဓေါ=ဗုဒ္ဓရှင်တော်သည်။

သဗ္ဗမဟောရတ္တိံ=နေ့ရောညရော ဘယ်သောခါမဆို၊

တပတိ=တောက်ပတယ်ရယ်လို့။

သတ္ထာ=နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ အာယသ္မန္တံ မဟာကပ္ပိနထေရံ=သံဃာ့ အလယ်မှာ ဖလသမာပတ်ဝင်စားနေတဲ့ အရှင်မဟာ ကပ္ပိနမထေရ်ကြီးကို။ အာရဗ္ဘ=အကြောင်းပြုပြီးတော့မှ၊ ဣမံ သဗ္ဗမင်္ဂလဒေသနံ=ဤသဗ္ဗမင်္ဂလာဆိုတဲ့ ဒေသနာ

တော်ကို၊ ဒေသေသိ=ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

မင်္ဂလာရှိတဲ့ ညချမ်းကာလမှာ မင်္ဂလာရှိတဲ့ နေရာမှာ ပရိသတ်ရေ "**သဗ္ဗမင်္ဂလာတရားတော်**"ပြီးပါပြီ။

နေဘယ်လောက်ပဲ တောက်ပတယ်ပြောပြော တိမ်ဖုံးရင် သူလဲအရောင်မှိန်တာပဲ။ မြတ်စွာဘုရား ကိုယ်တော်မြတ်မှာကျတော့ တိမ်ဖုံးချင်ဖုံး ဘာဖုံးချင်ဖုံး ဘယ်တော့မှ ဘယ်သူမှ ဖုံးဖိလို့မရဘူး၊ အမြဲတမ်း တောက်ပတယ်။

လ,လဲပဲ ဘယ်လိုပဲ တောက်ပတယ်ပြောပြော၊ ဆီးနှင်းတွေကျ တိမ်တွေ သူရိန်တွေ မီးခိုးတွေ မြူတွေ ဆိုတဲ့ အညစ်အကြေး ၅–မျိုးဖုံးရင် လ,လဲပဲ မတောက်ပ နိုင်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ဘာနဲ့မှ ဖုံးဖိလို့ မရဘူး၊ ပရိသတ်ရေ ဘာတွေနဲ့တောက်ပသလဲဆိုရင်–

သီလနဲ့တောက်ပတယ်၊

ပညာနဲ့တောက်ပတယ်၊

ဂုဏ်နဲ့တောက်ပတယ်၊

ကောင်းမှုနဲ့တောက်ပတယ်၊

ဓမ္မနဲ့တောက်ပတယ်။

တို့မြို့ကြီးငှက ဒကာ ဒကာမတွေ ညီအစ်ကို မောင်နှမတစ်တွေ တောက်တောက်ပပ ပြောင်ပြောင် မြောက်မြောက်ဖြစ်လာအောင်–

၁–က သီလ

၂–က ပညာ၊

၃–က သီလ ပညာနှစ်ခုပေါင်းတဲ့ဂုဏ်၊

၄–က ကုသိုလ်ကောင်းမှုများများပြု၊

၅–က ဓမ္မကိုကျင့်ပါ၊ အဓမ္မကိုမကျင့်နဲ့ အဲဒါဆိုရင် တောက်တောက်ပြောင်ပြောင် ကျော်ကျော်ကြားကြား ထင်ထင်ရှားရှား ဖြစ်လာမယ်။ ဖြစ်လာပါစေ ဆိုတဲ့ ဆုတောင်းနဲ့ နိဂုံးချုပ်ပါတယ်။

ပရိသတ်ရေ သဗ္ဗမင်္ဂလာတရားတော် ပြီးပါပြီ။ အိပ်တဲ့သူတွေ နှိုးထား–

(ရယ်သံများ)

**ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊**

**သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။**

**သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ၊**

**သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။**

သဗ္ဗဗုဒ္ဓါနုဘာဝေန=ဂင်္ဂါသဲတို့ ပွင့်တော်မူတဲ့ ဘုရား အဆူဆူတို့၏ အာနုဘော်တော်ကြောင့်။

သဗ္ဗဓမ္မာနုဘာဝေန=ဘုရားအဆူဆူ ဟောကြား တော်မူတဲ့ တရားတော်အဆူဆူတို့၏ အာနုဘော်တော် ကြောင့်။

သဗ္ဗသံဃာနုဘာဝေန=ဘုရားအဆူဆူတို့၏ လက် ထက်က ပေါ်ပေါက်တော်မူခဲ့ကြသည့် သမ္မုတိ–အရိယာ သံဃာအဆူဆူတို့၏ တန်ခိုးတေဇော် အာနုဘော်တော် ကြောင့်။

သဗ္ဗမင်္ဂလံ=လောကီ လောကုတ္တရာ ကောင်းမြတ် သည့်မင်္ဂလာမှန်သမျှသည်။

သဗ္ဗဒါ=နေ့နေ့ညည ခပ်သိမ်းသော ကာလတိုင်းမှာ။ ဘဝတု–ဘဝန္တု=မုချမသွေ ဖြစ်ကြပါစေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

သဗ္ဗဗုဒ္ဓါနုဘာဝေန=ဂင်္ဂါသဲတူ ပွင့်တော်မူကြတဲ့ ဘုရားအဆူဆူတို့၏ အာနုဘော်တော်ကြောင့်။

သဗ္ဗဓမ္မာနုဘာဝေန=ဘုရားအဆူဆူ ဟောကြား တော်မူတဲ့ တရားတော်အဆူဆူတို့၏ အာနုဘော်တော် ကြောင့်။

သဗ္ဗသံဃာနုဘာဝေန=ဘုရားအဆူဆူတို့၏ လက် ထက်က ပေါ်ပေါက်တော်မူခဲ့ကြသည့် သမ္မုတိ အရိယာ သံဃာအဆူအဆူတို့၏ အာနုဘော်တော်ကြောင့်။

ဒေဝတာ=နတ်အပေါင်းတို့သည်။ သဗ္ဗဒါ=နေ့နေ့ ညည ခပ်သိမ်းသောကာလတိုင်းမှာ။ တုမှေ=သင်တို့ တစ်တွေကို။ ရက္ခန္တု-အရောဂေနစ=အနာကင်းကွာ ကျန်းမာရာရောက်အောင်လည်းကောင်း၊ သုခေနစ= ကိုယ်ရောစိတ်ပါ ချမ်းသာရာရအောင်လည်းကောင်း။ အနုရက္ခန္တု=ကောင်းစွာနိစ္စ စောင့်ရှောက်တော်မူကြပါ စေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

သီတဂူ စန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

၂၅-၁-၂၀၀၂

ည ၁၀း၁၅

# ပေးမျှဝေနေယျာ

## မှတ်တမ်းနိဂုံး

သီတဂူဆရာတော်ဘုရားကြီး၏ မြိုင်ကြီးငူဒေသသို့ ဓမ္မခရီးစဉ် (၃)အဖြစ် ကြွရောက်ဟောကြားတော်မူသော ဓမ္မဒေသနာသဘင်သည် ၂၀၀၂ခုနှစ် ဇန်နဝါရီ ၂၅ရက်၊ သောကြာနေ့ ည ၇း၁၅ နာရီမှ ၁၀း၁၅ နာရီ အထိ ၃ နာရီတိုင်တိုင် ဟောကြားတော်မူ၍ ပြီးဆုံးခြင်းသို့ ရောက်လေသည်။

တရားပွဲအပြီးမှာ မြိုင်ကြီးငူ အထူးဒေသ ပြည်တော်ဝင်များ၏ ကိုယ်စား ဒီကေဘီအေ ဥက္ကဋ္ဌ ဦးသာထူးကျော်က သီတဂူ ရေအလှူတော်အတွက် ကျပ်ငွေ (၁၁)သိန်းကို ပေးအပ်လှူဒါန်းသည်။ ထိုလှူဒါန်းငွေကို အောက်မြန်မာပြည် သီတဂူသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးဟန်က လက်ခံရယူသည်။

ထို့နောက် သီတဂူ ဆရာတော်ဘုရားကြီးသည် ဓမ္မာသနပလ္လင်တော်ပေါ်မှ ဆင်းသက်ကာ ယာယီ စံကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူသည်။ ကြွသွားတော်မူပြီးနောက်မှာ ယနေ့ပြုရသော ပုည ကုသလ ကောင်းမှုကုသိုလ် အဖို့အစုစုကို ပြည်တော်ဝင်များ၏ ကိုယ်စား ဓမ္မစကြာအဖွဲ့သူများက စကောဗဒ္ဒဘာသာ ကရင်ဘာသာဖြင့် အမျှပေးဝေကာ ဓမ္မသဘင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

# ဟောတ်နံ့ယ်အမျှဒ်.

ကစသ်ဖံ့—

ကစသ်ပွ့သ်သေတ်တဖုညာအီယ်(ဗုဒ္ဓ) ကစသ်ယွှယ် သယ်သနယ်လုံအထံဝေယ်စီယ် ဂးသ်ကူးယ် တီယ် ကေယ်ဂံသ် (သီတဂူ) သံဒိုတ်ဟောပျဒ်သိုတ် သံလံယ် မေသ်(ဓမ္မဒေသနာတော်) နေတ်ယိုယ်သေယ် ဒိုကနေတ် ဘတ်မေဝဲ (ဓမ္မဿဝန) သေတ်ကွဲဒ် စးဒ်ဆီပုဝဲ ပတံသ် သယ်သနယ်မူဒါထုချာ ဆီပွါအာထိုဒ်မယ်.ဝဲဒတ်လီ။

မေသ်ဝဲဒးဒ်အကျောဒ်မျဒ်ပတံသ်အီယ် ပူယ်စောယ် ကေယ်ဝဲယွှယ်.ကစသ် ဒိုတ်လံယ်

မေသ်ဝဲဒး်ဒ် အကျော်ဒ်မျဒ်ပတံသ်အီယ် ပုယ်စေါယ် ကေယ်ဝဲ ယွယ်တရာဖုညာလံယ်

မေသ်ဝဲဒး်ဒ် အကျော်ဒ်မျဒ်ပတံသ်အီယ် ပုယ်စေါယ် ကေယ်ဝဲ သံကမ္မးသ် ဖုညာလံယ်

ဒး်ဒ်အစံဒ်ရုံဒ် နဒ်ဖုညာသေတ်ခဲလးဒ်ကမ္မးသ်နဲ့သ် အိုတ်ကညံသေတ် ဖုညာ မေသ်ဝဲတသ်ဘုတ် အဘုံဒ် အဂံသ်ဖုညာသေတ်ဟောတ်နံယ်ကေယ်ဝဲလံယ် နေသ်လသ် အမျဒ်ခဲလးသ်ကောဒ် ဂယ်ဒတ်တကေယ်

အမျဒ် အမျဒ် အမျဒ် ဟီလသ်ကောဒ်ဂယ်တကေယ်

သာဓု သာဓု သာဓု ကစသ်ဓုံ

(ငှင်းမြန်မာပြန်)

# အမှာစာ

အရှင်ဘုရား–

ဘုရားတပည့်တော်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာ ရှည်ကြာစေသည့် တည်တံ့စိမ့်သောငှာ သီတဂူဆရာတော် ဘုရားကြီး ဟောကြားဆုံးမတော်မူအပ်သော ဓမ္မဒေသနာ ကို ရှိသေစွာ နာကြားသော ဓမ္မဿဝန ကုသိုလ်ကို ဆည်းပူးသောအားဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်ရ ပေပြီ။

ဤအကျင့်မြတ်ဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏ အရှင်ဘုရား။

ဤအကျင့်မြတ်ဖြင့် တရားတော်မြတ်အား ပူဇော်ပါ၏အရှင်ဘုရား။

ဤအကျင့်မြတ်ဖြင့် သံဃာတော်မြတ်အား ပူဇော်ပါ၏ အရှင်ဘုရား။

အစောင့်အရှောက်နတ်များနှင့်တကွ ရပ်သူနယ်သားလူအများတို့အား ဤကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ အားလုံးအမျှရကြပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု–သာဓု–သာဓုပါ ဘုရား။

ဤတွင် ၁၃၆၃–ခု၊ ပြာသိုလဆန်း ၁၂ ရက် (၂၅–၁–၂၀၀၂) သောကြာနေ့တွင် စုံနံ့သာမြိုင်ဆွေမြို့တော် မြိုင်ကြီးငူသို့ တတိယအကြိမ် ကြွရောက်တော်မူသော ဝမ္ဗဒူတခရီးမှတ်တမ်း အပြီးသတ် ဖြစ်ပါသတည်း။

မြိုင်နန်းဆွေ မှတ်တမ်းတင်သည်

၁၇–၄–၂၀၀၂

## မြိုင်နန်းဆွေရေးသားထုတ်ဝေခဲ့သောစာအုပ်များ

၁။ ယွန်းစလင်းအမြုတေ (ပထမတွဲ)
၂။ ယွန်းစလင်းအမြုတေ (ဒုတိယတွဲ)
၃။ ယွန်းစလင်းအမြုတေ (တတိယတွဲ)
၄။ တံလှပ်လေနှင်ခရီးစဉ်များ
၅။ ပြန်လည်ထွန်းညှိသူ
Shine the light of Dhamma
Translated by **Shin Khay Meida**
၆။ ငြိမ်းချမ်းရေးမြစ်နဒီတရားတော်
The River of Peace
English varsion by. U Than Htun (Shwebo)
၇။ မဇ္ဈိမဒေသခရီးစဉ်
၈။ ဓမ္မလှိုင်း၏ရိုက်ခတ်သံတရားတော်
Dhamma Vibration.
English varsion by **Tin Aung.**
၉။ သံသရာခရီးဘယ်လိုသွားမလဲ
၁၀။ ယွန်းစလင်းအမြုတေပေါင်းချုပ် (ပထမအကြိမ်)
၁၁။ မြိုင်ကြီးငူဆရာတော်၏
သူတို့ရှာသို့အကြွင်နာခရီးနှင့်အခြားခရီးယာယီများ
၁၂။ ယွန်းစလင်းအမြုတေပေါင်းချုပ် (ဒုတိယအကြိမ်)
၁၃။ ပြန်လည်ထွန်းညှိသူ (ဒုတိယအကြိမ်)
၁၄။ တံလှပ်လေနှင်ခရီးစဉ်များ (ဒုတိယအကြိမ်)

သီတဂူဆရာတော်ဘုရားကြီး၏

# ဘဝချင်းဆုံတွေ့လိုပါလျှင်

နှင့်

# အနှိုင်းမဲ့ရောင်ရှိန်တရားတော်

## မြိုင်ကြီးငူသို့မွေ့ခရီး ( ၃ )




မြိုင်နန်းဆွေ

မှတ်တမ်းတင်သည်။